www.burmeseclassic.com

# ငဝ ရငပး


(ဆေးတက္ကသိုလ်)

နွေဦးရာသီကောင်လေး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com






## သင်္ကြန်အမှတ်တရ

- သင်္ကြန်ပွဲတော်ကို ချစ်တတ်ခဲ့သော ... ကျွန်မက
ကျွန်မလိုပဲ သင်္ကြန်ပွဲတော်ကို ချစ်ကြလိမ့်မှာ ...
(ဒါမှမဟုတ်)
သင်္ကြန်နဲ့ ပတ်သက်ခဲ့သော ဝတ္ထုဇာတ်လမ်းလေးကို
ဖတ်လိုကြမှာ ...
- စာဖတ်ပရိသတ်အတွက် သင်္ကြန်အမှတ်တရအနေနဲ့
ဒီဇာတ်လမ်းလေးကို ရေးဖွဲ့ပါတယ် ...



www.burmeseclassic.com









(ဆုံစည်းခြင်း နိဒါန်း)

[redacted] အချစ်ကို ဘယ်လိုနားလည်ရမှန်း မသိသေးတဲ့
သူတစ်ယောက်
ရဲ့
အချစ်ကြောင့် အသည်းကွဲနေတဲ့
သူတစ်ယောက် ...

[redacted] မြန်မာပြည်ရဲ့ ခေတ်အဆက်ဆက်
အင်မတန်မှ ကျော်ကြားထင်ရှားတဲ့
ရိုးရာပွဲကြီး တစ်ခုမှာ စတင်ပြီး
ဆုံစည်းကြရတဲ့ ...
နိဒါန်းပဲ ... ဖြစ်ပါတယ်။

[redacted] တကယ်တော့ ...
ဆုံစည်းခဲ့ကြရတယ် ဆိုတာဟာ ...
တိုက်ဆိုင်မှုတွေ ...
အတိတ်ကံအကြောင်းတွေ ...



www.burmeseclassic.com

www.burmeseclassic.com

ရှေးရေစက်တွေ ...

အခြေအနေ၊ အချိန်အခါတွေ ...

အကြောင်းအရာတွေ ...

အများကြီး ... ပေါင်းစပ်ထပ်တူကျမှ

တစ်ယောက်နဲ့ တစ်ယောက် သေသေချာချာ

သိမြင် ဆုံစည်းကြရဖို့ ဖြစ်လာတာပါ ...။

ကမ္ဘာလောကကြီး တစ်ခုတည်းမှာ

အတူတူရှိကြတဲ့ လူသားနှစ်ယောက်ဟာ ...

တစ်ခါတစ်ရံမှာ ဆုံစည်းကြဖို့ ...

အင်မတန်မှ ခက်ခဲလွန်းနေသလို

တစ်ခါတလေကျတော့လည်း

လွယ်ကူစွာပဲ ဆုံစည်းခဲ့ကြတယ် ဆိုတာ

အမြဲတမ်း ...


မပြောင်းမလဲ လည်ပတ်ဖြစ်တည်နေမဲ့

အဖြစ်အပျက်ပဲ ...

ဖြစ်ပါတယ်။







## အပိုင်း(၁)


(သင်္ကြန်ရက်များဆွာ ... ...)



www.burmeseclassic.com

www.burmeseclassic.com









## ၁

ဒီနေ့လိုနေ့မျိုးက ဈေးမှာ ကောင်းကောင်း ဈေးရောင်းရမှာ မဟုတ်ပေမဲ့ ဝါသနာအရ ဈေးကို တမင်လာသည်။

ဟိုလူ ဒီလူ ရေလာလောင်းတာကို ကျေနပ်မျော်ရှင်နေသလို ... ကိုယ်ကိုယ်တိုင်ကလည်း ပြန်ပြီး ရေတွေလောင်းလိုက်နဲ့။

ဈေးတစ်ခုလုံးဟာ ရေတွေရွှဲနေသော လူတွေနဲ့ချည်းပြည့်နှက်နေသည်။

သူငယ်ချင်းတချို့ကလည်း ဒီနေ့မှ တမင်ပဲ ဈေးကိုလာလည်ပြီး ... ဒီဈေးရဲ့ သင်္ကြန်အကြိုပွဲတော်ကို ဆင်နွှဲသည့်နေ့ရဲ့ဆိုင်ကိုလည်း ဝင်လာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေက လူကြီးပီပီ ရေတွေစိုရတာကို သိပ်တော့ သဘောမကျပေမဲ့ စိတ်တော့ မဆိုးတတ်။

နွေ့မေမေက ခေတ်မီသော မိခင်ဖြစ်ရာ ... လူငယ်တွေ ပျော်ကြတာကို အပြစ်မမြင်တတ်ပေ။ ပြီးတော့ ... သမီးချောကို ပိုးပန်းပြီး ရေလာလောင်းလည်း တစ်ပြုံးပြုံး ကြည့်နေတတ်၏။

ဖေဖေကတော့ လုံးဝမရ။ သူ့ကို ရေလာလောင်းလျှင် စိတ်တိုလို့ မဆုံးတတ်သလို ... သူကိုယ်တိုင်လည်း သင်္ကြန်ကို စိတ်မဝင်စားပါ။

ဒါကြောင့် ... ဒီနေ့လို နေ့မျိုးဆိုလျှင် သူက ဈေးကို ကားမောင်းပြီး လိုက်ပို့ဖို့တောင် စိတ်မပါတတ်ပေ။

ဒါကြောင့် နွေပဲ ဝမ်းသာအားရ(သို့သော်)မရဲတရဲနှင့် ဈေးလာလျှင် သုံးနေကျ ဖေဖေ့ရဲ့ 4WD ကြီးကို မောင်းလာရသည်။

နွေတို့က ဒီဈေးကြီးထဲမှာ နိုင်ငံခြားဖြစ် ဂျင်းန်ထည်များ သီးသန့်ရောင်းသော ဆိုင်ကြီးတစ်ခုကို ဖွင့်လှစ်ထားသည်။

Just Jeans (ဂျတ်စ်ဂျင်းန်)ဟူသော အမည်ဖြင့် ဆိုင်တစ်ဆိုင်ကို စဖွင့်တာ သိပ်တော့ မကြာသေး။





တစ်နှစ်ကျော်လေးသာ ရှိပေမဲ့ ဂျင်းန်အဝတ်အစား နှစ်သက်သော လူငယ်အုပ်စုတွေကြားမှာ ရေပန်းစားနေလေသည်။

တစ်နှစ်ကျော် ကာလလေးသာ ဆိုင်ဖွင့်သက်တမ်း ရှိပေမဲ့ နွေက ဒီဈေးကြီးရဲ့ သင်္ကြန်အကြို ရေပက်ပွဲကိုတော့ ဒီနှစ်နဲ့ပါဆိုလျှင် နှစ်ခါ ဆင်နွှဲခဲ့ရပြီးလေပြီ။

နွေသည် သင်္ကြန်နားနီးလျှင် စိတ်က အလိုလိုပင် တက်ကြွ ပျော်ရွှင်နေတတ်ပြီး ငယ်ငယ်တည်းက ယခုထိ သင်္ကြန်ရက်ကို မဆင်နွှဲလိုက်ရသော နှစ်ဟူ၍လည်း မရှိခဲ့ပါ။

ယခုလည်း သင်္ကြန်မှာ ပျော်ရင်ရရက်နဲ့ ဒီနေ့လို နေ့မှာ စတင်ပြီး ပျော်ကြသော ဓလေ့ရှိသည့်ပွဲကို နွေက မပါလိုက်ရမှာစိုးသည့်အလား တက်ကြွစွာ ပါဝင်နေပါသည်။

နွေကြောင့် မေမေက ဆိုင်ကိုမဖွင့်လိုပါဘဲ ဖွင့်ဖို့ လိုက်လာရတာ ဖြစ်သည်။

"မနက်ဖြန်ကျ အိမ်ဘက်လာခဲ့ဦးနော် ... ငါတို့အိမ်မှာ ရေပက်မဏ္ဍပ် လုပ်ထားတယ်"

နွေက ဆိုင်ကိုလာလည်သော သူငယ်ချင်းတွေကို အထူးတလည် မှာနေပြန်သည်။

"အေးပါ နွေရယ် ... နင့်မလဲ သင်္ကြန် တကယ် မရောက်သေးဘူး။ အသားက ချောကလက်ရောင် ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



“ဟီးဟီး … မနောလို မရှိနဲ့လေ … ကိုယ့်ကုသိုလ်နဲ့ကိုယ် ဖြစ်တာ”

“နင့်အသားကို ငါ ကိုက်စားချင်လာပြီ”

“မွှန်မွှန်က ချောကလက်ဆို အသေကြိုက်တာ နွေရဲ့။ နင် သတိထားတော့”

“ဒီနှစ်ထဲမှာ လူသားစားတတ်တဲ့ မိန်းကလေးတွေ ပေါမယ် များမယ်လို့ သင်္ကြန်စာထဲမှာ ပါတယ်ထင်တယ်”

“နွေ … နင့်မဏ္ဍပ်နာမည်က ဘာလဲ”

“မေးနေရသေးတယ် … သူ့နာမည်ပဲပေါ့”

“နာမည်ကြော်ငြာတာ”

“မဟုတ်ပေါင် … တစ်နှစ်ပြီးတစ်နှစ် မစွံတော့ မှိုတက် နေပြီမို့ ကိုယ့်ကိုယ်ကိုယ် မှိုခါတာပါ”

“ကဲ … ပြန်ကြမယ်ဟေ့ … ရေတွေစွဲနေတော့ ချမ်းလာပြီ”

သူငယ်ချင်း အုပ်စုကြီးက အကြီးကြီး ဖြစ်ပြီး ယောကျ်ားလေး မိန်းကလေး မခွဲခြားဘဲ ခင်မင်လာခဲ့ကြတာမို့ တစ်ယောက်နဲ့ တစ်ယောက် ပြောမနာ၊ ဆိုမနာ ဖြစ်နေကြပါ သည်။ နွေတို့က အထက်တန်းကျောင်းမှာလည်း အတူတူ၊ ကျူရှင်တွေ ယူကြတော့လည်း အတူတူ အတွဲညီခဲ့ကြသည့် ကြီးမားတောင့်တင်းသော အုပ်စုကြီး ဖြစ်သည်။ ဒါတောင်





တချို့က နိုင်ငံခြားထွက်ပြီး ကျောင်းသွားနေကြတာ ရှိသဖြင့် အခုတော်တော်လျော့သွားတာတောင် ဆယ့်ငါးယောက်လောက် တော့ ကျန်နေသေးသည်။

“ရေတွေစွဲကုန်ပြီ … ရေတွေစွဲကုန်ပြီ”

“ဒီနှစ်မှာ … ဟောတော့ သီချင်းနဲ့ နွေ့မဏ္ဍပ်မှာ ကမဲ့ သူက ကျော်ဇံသာလားဟေ့”

“ပါးစပ်ထဲမှာ သင်္ကြန်သီချင်းပဲ စွဲနေပြီ။ နားထဲမှာ အဲဒါပဲ ခဏ ခဏ တစ်ချိန်လုံး ကြားနေရလို့ ထင် တယ်”

“ကဲ … ပြန်ပြီဟေ့ … မနက်ဖြန်မှ တွေ့မယ်”

“စောစော လာခဲ့ကြနော် … ဆောင်းဘောက်စ်တွေကို ယောကျ်ားလေးတွေလာမှ အပြင်မှာ ဆင်ရမှာ”

“ငါ့ဆီမှာ D.J (ဒီဂျေ)သီချင်းအသစ်တွေ ရထားတယ် … ငါ ယူလာခဲ့မယ်”

“နွေ့ဆီမှာလည်း ရှိပါတယ် … ဒါပေမဲ့ နင်တို့ယူချင် ရင်လည်း ယူလာခဲ့ပေါ့ … ပိုများသွားတာပေါ့”

“အန်တီက ဘာချက်ကျွေးမှာလဲ”

“စိတ်ချပါ … အိမ်မှာ ထမင်းဟင်းကတော့ အဆင်သင့် ရှိတယ် … အကျနေ့ကတော့ မုန့်လုံးရေပေါ် စတာဒီသာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့ ... နောက်တစ်ရက်က ရွှေရင်အေး ... နောက်တစ်ရက်က ကြာဆံဟင်းခါး ... နှစ်ဆန်းတစ်ရက်နေ့မှာက သာကူ ... နှစ်တိုင်းကျွေးနေကျ အစီအစဉ် အတိုင်းပဲ ကျွေးမှာကွယ် ...

မင်းတို့သာ စားနိုင်အောင် ပြင်ဆင်ထား"

သူငယ်ချင်း အုပ်စုကြီး ပြန်မှပဲ နွေ့ရဲ့ပါးစပ်တွေ စေ့ရတော့သည်။

နောက်မို့ သူတို့နဲ့ဆို တစ်ယောက်နဲ့တစ်ယောက် နောက်ပြောင်နေကြတာနဲ့ပဲ ပါးစပ်မစေ့နိုင်အောင် ရယ်နေရလိမ့်မည်။

"ကဲ ... ဆိုင်သိမ်းကြရအောင်ကွယ် ... ပြန်ဖို့သင့်ပြီ၊ တော်ကြာ ညနေစောင်းမှ အားလုံးစုပြီး ပြန်ကြရင် ကားတွေ ပိတ်နေလိမ့်မယ် ...

သမီးမောင်းရမှာနော် ... မေမေ စိတ်မချလို့ ပြောတာ ... ညနေဆို လူတွေက ပိုသောင်းကျန်းလာမှာ"

"အင်းပါ ... ဆိုင်ကို တံခါးပိတ်ဖို့ ဝေတို့ နီလာတို့ကို ပြောလိုက်ကော့မှာပါ"

ဆိုင်တွင် နွေတို့သားအမိနဲ့အတူ အရောင်းစာရေးမလေး ငါးယောက်လည်း ခန့်ထားပါသည်။





အမိက ကတော့ နွေတို့က ဆိုင်ကို လာဖွင့်ရုံဖြစ်ပြီး ရောင်းဖို့တာဝန်ကိုတော့ ကောင်မလေးတွေကသာ တာဝန်ယူရပါသည်။

"ဘာရှာပါသလဲရှင်"

ဆိုင်ထဲကို ဒီလိုနေ့ကျမှပဲ ထူးထူးဆန်းဆန်းပင် ဈေးဝယ်လိုဟန်ဖြင့် ဝင်လာသော လူရိပ်တစ်ခုကြောင့် နွေသည် ထိုင်ရာမှထကာ လှမ်းမေးလိုက်ပါသည်။ (လူတော်တော်များများက ဒီနေ့မှာ ဈေးလာဝယ်သူတွေ မဟုတ်ကြလေရာ ဈေးဝယ်ဖို့လာသူဟာ ဘာပဲဖြစ်ဖြစ် ထူးဆန်းနေတော့သည်။) ဆိုင်၏အကူအရောင်းစာရေးမများကတော့ လူရိပ်တစ်ရိပ် ဝင်လာသည်ကို မြင်လိုက်ဟန်မတူလေရာ နွေကပဲ စပြီးတွေ့သဖြင့် နွေပဲ တာဝန်ယူရောင်းဖို့ ပြင်ဆင်လိုက်သည်။

"ဂျင်းပင်န်ပေါ့၊ ကျွန်တော် ရှာတာက တော်တော်ရှားတဲ့ ဒီဇိုင်းမို့ ရှာခိုင်းရမှာ အားနာတယ်"

"ဘယ်လိုမျိုးလဲ ... ဒီဆိုင်မှာ ရှိ,မရှိ လိုက်ကြည့်ချင်ကြည့်လေ"

"ကျွန်တော် ရေစိုလာတာ အားနာတယ်ဗျာ ... ဆိုင်ထဲ လျှောက်ဝင်လို့ ဖြစ်ရဲ့လား"


www.burmeseclassic.com

www.burmeseclassic.com

ဒီလူက "အားနာတယ်" ဆိုတဲ့ စကားကို ရောက်တာ တစ်မိနစ် မပြည့်သေးဘူး။ နှစ်ခါတိတိ ပြောပြီးနေပြီနော် ... တော်တော် အားနာတတ်ပုံရတယ်။

ရုပ်ရည်သနားကမားလေးနဲ့။ အမှန်အတိုင်း ဝေဖန်ရရင် ကြည့်ကောင်းတဲ့ ကောင်လေးတစ်ယောက်ပေါ့။ ဆံပင်တွေက ခပ်ပျော့ပျော့ (ယောက်ျားဖြစ်ပြီး ဆံပင်ပျော့နေတာက မနာလိုစရာလေ၊ ဘာဖြစ်လို့လဲဆိုတော့ နွေ့က ဆံပင်တွေ လှိုင်းပုံသဏ္ဌာန်ဖြစ်လျက် ပျော့ပျော့စင်းစင်း ဆံပင်မျိုး မရှိသော မိန်းကလေးမို့ပင်)။

အဲဒီ ခဖ်ပျော့ပျော့ ဆံပင်ကိုပဲ တိုတိုကပ်ကပ်လေး ညှပ်ထားပြန်သည်။ ဆံပင်လေးတွေက နားသယ်နဲ့ နားထင်စပ်လည်ကုပ်နေရာ စသည်တို့မှာ တိုကပ်နေလျက် နဖူးပြင်ပေါ်က ဆံပင်တွေကတော့ မတိုမရှည်မို့ ပျော့ပျော့လေး ဝဲကျနေပါသည်။

မျက်ခုံးတွေကတော့ တော်တော်ကြီးကိုထူကာ သူ့မျက်နှာတစ်ခုလုံးကို ချုံကြည့်လျှင် ချောတယ်လို့ ပြောရှိရသော ရုပ်ရည်မျိုးပင်။

သူက တီရှပ်အနက်ပြောင်လေး ဝတ်ကာ အိတ်ကပ်တွေ အများကြီးပါသော ဂျင်းသားဘောင်းဘီပွပွကို ဝတ်ထားပါသည်။





သူ့ကိုယ်မှာ ရေလည်း တော်တော်လေး စိုနေသေးသည်။ ဖြူဝင်းလှသော အသားအရေမှာ ရေထိကာ နေလောင်သောကြောင့် နီချင်နေသည်။

သူက ယောက်ျားဖြစ်ပြီး နွေ့ လိုချင်မက်မောသော အသားအရေနှင့် ဆံပင်တို့ကို ပိုင်ဆိုင်ထားလေရာ နွေ့ကတော့ မနာလိုသလို ဖြစ်နေသည်။

"ဂျင်းနဲ့ ချုပ်ရိုးမှာ အနီရောင်ရဲရဲပေါ့ ... အဲ့ဒီအရောင်နဲ့ ချုပ်ရိုးကိုပေါ်အောင် တမင်ချုပ်ထားတဲ့ ဒီဇိုင်းအသစ် ရှာနေတာ ... ရှိလား"

"သြော် ... ရှိတာပေါ့ ... အဲဒါ ဒီဆိုင်ကပဲ စပြီးထုတ်တာပဲ"

နွေ့ ညွှန်ပြသော နေရာကို သူ လျှောက်သွားကာ ဂျင်းနဲ့တွေကို ရွေးလိုဟန်ဖြင့် ရပ်ကြည့်နေသည်။

"ကျွန်တော် ရေစိုနေတော့ အထည်တွေ လျှောက်ကိုင်လို့ ဖြစ်ပါ့မလား"

"ကျွန်မ တစ်ထည်ချင်း ဖြန့်ပြမယ်လေ ... ဒါဆို ရွေးလို့ ရမလား"

"ရပါတယ် ... ကျွန်တော်က အဲ့ဒီပုံစံထဲက ရှာနေတော့ ခဏလေးနဲ့ စိတ်ကြိုက်တွေ့မှာပါ"


www.burmeseclassic.com

www.burmeseclassic.com



နွေက ဂျင်းန်ပင်န် အထပ်တွေထဲမှ တစ်ထည်ချင်း ယူပြပြီး ဖြန့်ပြသည်။

သူက အထည်တိုင်းကို လက်ဖျားနဲ့တောင် မထိဘဲ ကြည့်ရုံကြည့်ပါသည်။

သူ လိုချင်သော အရောင်ရလျှင် သူ့ Size (ဆိုက်ဒ်) ကို ပြောသည်။ နွေက ရှာဖွေပေးပြီး ...

"ဒီမှာနော် ... အပြာရင့် ဂျင်းန်ပေါ်မှာ သွေးရောင်ချုပ်ရိုး တွေပါတဲ့ ဒီဇိုင်းအသစ် ... ကျွန်မ အိတ်ထဲထည့်လိုက်ပြီ"

"ဟုတ်ကဲ့"

နွေက ဆိုင်နာမည်ပါသော လက်ဆွဲစက္ကူအိတ်ထဲ ဂျင်းန်ကို အသေအချာထည့်ပြီး သူ့ကို ကမ်းပေးလိုက်သည်။

"ဘယ်လောက်ကျပါသလဲ ခင်ဗျာ"

"နှစ်သောင်းနဲ့ ငါးရာပါ"

သူက အူးခနဲ တစ်ချက် အသံတိုးတိုး ရေရွတ်ပြီး သူ့ ဘောင်းဘီအိတ်ထဲက ယောက်ျားကိုင် Wallet လေးကို ထုတ် ယူလိုက်သည်။

"ဟ ..."

သူ့ဘာသာ ပိုက်ဆံအထပ်ကို ရေရင်း ခပ်တိုးတိုး အော်လေသည်။





ပိုက်ဆံအထပ်ကို နောက်ထပ် နှစ်ခါလောက် ပြန် ရေနေပြန်သည်။ အင်း ... ကြည့်ရတာ ပိုက်ဆံမပြည့်ဘူး ထင် တယ်။

ဈေးဝယ်ဖို့လာတယ် ... ကိုယ်က တန်ဖိုးမနည်းလှ တဲ့ ဂျင်းပန်ကို ဝယ်မယ်ဆိုလည်း ပိုက်ဆံပြည့်ပြည့်စုံစုံ ထည့်ခဲ့ ရောပေါ့။

"ဟာဗျာ ... ဆောရီးပဲ ... ကျွန်တော် မနက်ကတည်းက ပိုက်ဆံထည့်ထားတာ အလုံအလောက်ပါပဲ ... ထွက်လာခါ နီးကျမှ မစစ်မိဘူး ... အိမ်မှာက ကျွန်တော့်ညီ ရှိတယ် ဗျ ... သူက အဲဒီလိုပဲ အစ်ကို့ပိုက်ဆံအိတ်ဆို လစ်ရင်လစ် သလို နှိုက်ထားတတ်တော့ ဒီတစ်ခါလည်း ခံလိုက်ရပြန် ပြီ ထင်တယ်ဗျာ"

သူက စိတ်ပျက်လက်ပျက် (သို့သော်) စိတ်တိုဟန် မပါသော ညည်းညူခြင်းမျိုးဖြင့် ညည်းလေသည်။

"အဟဲ ... နှစ်သောင်းတောင် မပြည့်တော့ဘူး"

သူက သူ့ပိုက်ဆံအထပ်ကို နွေ့ထံ ထောင်ပြရင်း ပြောပြန်သည်။

နွေသည် သူ့အမူအရာ ရှက်တက်တက်ကို ကြည့်နေ၊ မြင်နေရတာ အားနာလာသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com

"နှစ်သောင်းမကျော်တဲ့ အထဲက ဝယ်ချင်ရင် ဝယ်ပါလား"

ဟု တခြားအထပ်ထဲက တချို့ကို ယူပြလိုက်မိသည်။

"နေ ... နေ ... ရတယ် ... ကျွန်တော် ဒါပဲ ကြိုက်ပြီး သားမို့ တခြားဟာကို ပြောင်းပြီးမဝယ်ချင်တော့ဘူး ... နောက်မှပဲ ပြန်လာဝယ်တော့မယ် ... ဈေးပြန်ဖွင့်တဲ့နေ့ပေါ့"

"ဈေးက သင်္ကြန်ပြီးမှ ဖွင့်မှာ"

"အဲဒီကျမှပဲ ဝယ်ရတာပေါ့ဗျာ ... သြော် ... ဒါနဲ့ ကျွန်တော် မဝယ်ဘဲ အခုလို အလုပ်ရှုပ်အောင် လုပ်မိတာ စိတ်မရှိပါနဲ့နော်"

"ရပါတယ်"

"ဒါဆို ကျွန်တော် သွားလိုက်ပါဦးမယ်"

သူက နှုတ်ဆက်ပြီးပြီးချင်းပဲ ဆိုင်ထဲက အေးဆေးစွာပင် ထွက်သွားပါသည်။

နွေ့အတွက်မှာတော့ ဒီလိုဖြစ်ရပ်ဟာ သိပ်အဆန်းတကြယ် မရှိလှသော အဖြစ်အပျက်ပဲမို့ သူ မယူဖြစ်သည့် ဂျင်းပင်န်ကို နေရာတကျ ပြန်ထားရင်း ကျန်ရစ်ခဲ့သည်။

သူ့ကိုတော့ နွေ သေသေချာချာ မှတ်မိသွားတာတော့ အမှန်ပင်။





ဒီနေ့ မနက်စောစော နိုးသည်မှာ တော်တော့်ကို ဆာနေတာ ဖြစ်ပေမဲ့ နွေ ပြန်မအိပ်တော့ပါ။

နွေက မနက်ခုနစ်နာရီထိုးမှ အိပ်ရာထသူ ဖြစ်လေ ာ တစ်ခါတစ်ရံတွေမှာ မတော်တဆများ ဒီနေ့လိုပဲ ငါးနာရီခွဲ ကျော်ကျော်မှာ နိုးလျှင် ပြန်အိပ်ပစ်တတ်သော အကျင့်ရှိသည်။

မအိပ်ရင်တောင် ဗိုမ်နဲ့လှဲနေတတ်ရာ နွေ့ကို မနက် ငါးနာရီခွဲလောက် ထ,စေချင်ရင် ကြိုပြောထားမှသာ ထ,တတ် ါသည်။

ဒီနေ့ကျတော့ ဖျတ်ခနဲ နိုးတာနဲ့ နွေ့ခေါင်းထဲ၊ နွေ့အသိစိတ်ထဲ ဝင်လာတာက ဒီနေ့ သင်္ကြန်ကျပြီ ဆိုတာပဲ ဖြစ်သည်။

အဲဒီစိတ်နဲ့ပဲ အိပ်ရာထဲမှာ အိပ်နေချင်စိတ်ပင် ပျောက်ရလေသည်။

"ဟဲ့ ... နွေ ... စောစောစီးစီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းထဲ ဝင်လာတော့ ချက်ပြုတ်ဖို့ ပြင်ဆင်နေကြသည့် ထမင်းချက် ဒေါ်ကြီးစိုးက တအံ့တဩ မေးလေသည်။

ဒေါ်ကြီးစိုးက ထမင်းချက် ဆိုပေမဲ့ ဆွေနီးမျိုးစပ်လည်း ဖြစ်လေရာ မီးဖိုခန်းက သူ့ခြေသူ့လက် လုပ်ခွင့်ရသည်။

ဒေါ်ကြီးစိုးနှင့်အတူ ဖြူမနှင့် ခင်စိန်က မီးဖိုခန်းမှာ ကူရသည်။ အိမ်သန့်ရှင်းရေး၊ လျှော်ဖွပ်မီးပူတိုက်ဖို့ကို မိကြူ ဟုသော ကောင်မလေးတစ်ယောက်က တာဝန်ယူရသည်။

ဒီအိမ်မှာ နွေတို့မိသားစုသုံးယောက် ရှိပေမဲ့ နွေ့အစ်ကိုကြီး၊ အစ်ကိုလတ် မိသားစုတွေက သီးသန့်နေလေရာ အလုပ်အားရက်တွေမှာတော့ လူစုံတတ်ပါသည်။

ယခုလို ရက်တွေမှာ ဆိုလျှင်တော့ အစ်ကိုတွေရဲ့ မိသားစုတွေလည်း မိုးလင်းက မိုးချုပ် လာမှာမို့၊ ပြီးတော့ နွေ့သူငယ်ချင်းတွေလည်း နေကြမှာမို့ ထမင်းဟင်း ချက်ပြုတ်ရေးကို မနက်စောစော ထချက်ကြရတာ ဖြစ်သည်။

အမြဲတမ်းဆိုလျှင် သူတို့တွေလည်း မနက်ခြောက်နာရီခွဲလောက်မှ ချက်ပြုတ်ဖို့ ပြင်ဆင်ကြမှန်း နွေ သိသည်။

"ဒေါ်ကြီးစိုးတို့လည်း အစောကြီးတည်းက ချက်ဖို့ ပြင်ဆင်နေကြပြီနော် ... ဒီနေ့အတွက် ဘာဟင်းလဲ"





"ဒီနေ့ ငါးရံ့ခြောက်ကို ပြုတ်ပြီး အသားနွှင်မယ် ... ထောင်းမယ် ... ကြက်သွန်နီလေးနဲ့ နံနွင်းလေးနဲ့ပေါ့ ... ကြော်ရမယ်"

"ဟယ် ... ကောင်းတယ် ... အဲဒါ နွေ သိပ်ကြိုက်တာပဲ"

"ပြီးတော့ ... ဘဲဥနဲ့သီးစုံကုလားဟင်းလေးပေါ့၊ မောင်မိုးကြီးနဲ့ မောင်နေမင်းတို့ ကလေးတွေက အသားမပါရင် မစားတတ်ဘူးဆိုလို့ သူတို့အတွက်က ကြက်သားပြုတ်ကြော်လေး လုပ်ပေးရမယ် ... ဟင်းအမယ်ကတော့ သိပ်မများလှပါဘူး ... မုန့်လုံးရေပေါ် လုပ်ဖို့အတွက်က ခုတည်းက စ,ရမှာလေ"

"ရေခဲသေတ္တာထဲမှာ ဟင်းချက်စရာတွေက အပြည့်ပဲဆိုတော့ ဟင်းကုန်သွားလည်း ထပ်ချက်ရမှာရှိတယ် ... မပူရပါဘူး မနွေရဲ့။ ကိုမိုးကြီးတို့ ကလေးတွေ စားလို့ကုန်သွားရင် ဟင်းမလောက်ရင် ထပ်ချက်ရမှာ"

"အံမယ် ... ဖြူမ ဆံပင်မှာ ပိတောက်ပန်းတွေနဲ့ပါလား၊ ဘယ်ကရလဲ"

"ဟိုဘက်ခြံကပါ ... သူတို့ ပိတောက်ပင်က တအားပွင့်နေတာ ... ဒီနေ့မှ ခုနလေးတင် တစ်ပုံကြီး လာပေးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးစိုးက တချို့ဘုရားတင်လိုက်ပြီး ပန်ချင်တဲ့လူ ပန်ဆိုတော့ ကျွန်မက ပန်းကြိုက်တာနဲ့ ယူပန်တာလေ … ခင်စိန်က ခေါင်းမှာ တစ်ခုခုတင်ထားရင် ခေါင်းလေးသလို ခံစားရလို့တဲ့ မပန်ဘူး … ဒေါ်ကြီးစိုးကလည်း ပန်းမကြိုက်တော့ မပန်ဘူး"

"ငါလည်း ပန်းပန်တာတော့ မကြိုက်ဘူး … ဒါပေမဲ့ … ပန်းတော့ ကြိုက်တယ် … ဘယ်ပန်းမဆို ကြိုက်တယ်"

"ဟော … ဖုန်းသံကြားတယ်"

"နွေ့ သူငယ်ချင်းတွေရဲ့ ဖုန်းပဲထင်တယ် … သွားကိုင်လိုက်မယ်"

မနက် ခြောက်နာရီကျော်ကျော်လေးပေမဲ့ ဧပြီလမို့ မိုးစင်စင်လင်းနေပြီ။ ဒီနေ့ကား ပထမဆုံး သင်္ကြန်ရက်ပဲ ဖြစ်သည်။

"ဟဲလို"

"နွေလား .. ငါပါ … နီတာ"

"အေး … အာလဲ"

"ငါ လာမယ်လို့ ပြောတာ"

"ဒါများ … မလာရင်တောင် ဖုန်းဆက်ပြောရမှာ … လာမဲ့ဟာကိုလေ"





"ဟီဟီ … သိဘူး၊ လူက အူမြူးနေတော့ အစောကြီးနိုးနေတာလေ … ဖုန်းဆက်ချင်နေတာနဲ့ နင့်ကို အရင်ဆက်လိုက်တာ"

"ငါလည်း အစောကြီး နိုးနေတယ်"

"ပျော်တယ်နော်"

"ဟုတ်တယ် … ငါလည်း အရမ်းပျော်တာပဲ … သင်္ကြန်ဆိုရင် အလိုလိုကို ပျော်နေတာ"

"သင်္ကြန်ပြီးရင်တော့ အသားတွေ နေလောင်တာ ပြန်ကောင်းအောင် လုပ်ရလို့ အလုပ်ရှုပ်ဦးမယ်"

"အမယ် … နင်တို့လို အသားဖြူတဲ့လူက ပြောရတယ်လို့နော်"

"နင် အခု ဘာလုပ်နေလဲ"

"ဘာမှ မလုပ်သေးဘူး … မီးဖိုချောင်ထဲ ဝင်ပြီး စပ်စုနေတာလေ"

"အေး … ဒါပဲဟာ … ငါ မနက်ရှစ်နာရီခွဲလောက် လာမယ် … စောင့်နေ"

"မစောင့်ဘူး … စောင့်စရာ မလိုဘူးလေ … ငါက ခြံထိပ်က မဏ္ဍပ်မှာ ရှိနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



နီတာ ဖုန်းချသွားတော့မှ နွေလည်း မနက်စာ မုန့်စား၊ ကော်ဖီသောက် လုပ်သည်။

ဖေဖေက သင်္ကြန်တွင်းမို့ ဥပုသ်စောင့်မည်ဖြစ်ရာ သီလပေးမည့် ဘုန်းကြီးများပင့်မည်။ ဆွမ်းလည်းကျွေးမည်ဟု စီစဉ်သဖြင့် ဒရိုင်ဘာကို ဘုန်းကြီးသွားပင့်ဖို့ ညွှန်ကြားနေသည်။

နေက တဖြည်းဖြည်း မြင့်လာတော့ ရေပက်ခံကား တချို့ ဖြတ်သွားသံပင် စပြီး ကြားလာရသည်။

နွေသည် ဝတ်စားပြင်ဆင်ပြီးပြီမို့ နွေတို့ခြံထိပ်က မဏ္ဍပ်ဆီ ထွက်လာခဲ့သည်။

ရေစက်မောင်းပေးဖို့ကိုတော့ ခြံအလုပ်သမားဖြစ်သော ဦးစိန်ကပင် တာဝန်ယူထားပါသည်။

နွေက ရေပိုက်တွေကို ဟိုကိုင် ဒီကိုင် စစ်ဆေးနေစဉ် နွေ့အစ်ကိုမိသားစုတွေ ရောက်လာကြသည်။

နောက်တော့ သူငယ်ချင်းတွေလည်း တစ်ဖွဲဖွဲရောက်လာပါသည်။ တဖြည်းဖြည်းနဲ့ သင်္ကြန်ပွဲဟာ စတင်စည်ကားလာခဲ့သည်။

ရေ့စတင်ပက်ချိန်မှာ ရေပက်ခံကားတွေလည်း တော်တော်ကို များနေလေပြီ။ ကားတန်းကြီးက ရှည်လျားစွာ တန်းစီပြီး ဒီလမ်းမကြီးတစ်လျှောက်မှာလည်း ရေပက်မဏ္ဍပ်တွေ တန်းစီ





နေသဖြင့် ရန်ကုန်မြို့ရဲ့ အစည်ကားဆုံး လမ်းမကြီးလည်း ဖြစ်နေလေသည်။

နွေသည် ကောင်းဘွိုင်ဦးထုပ်ကြီးကို ဆောင်းကာ ရှပ်အဲဖြူလက်ရှည်ကို ဝတ်ဆင်ထားခဲ့သည်။ နွေ့ ဂျင်းန်ပင်န် အပြာရင့်ကတော့ ချုပ်ရိုးမှာ အနီရင့်ရောင်ချုပ်ရိုး ပေါ်နေသော ဒီဇိုင်းအသစ်ဂျင်းန် ဖြစ်သည်။

နွေက ငွေထည်လက်ကောက် တစ်ထပ်ကြီးနှင့် ငွေရောင်နားကွင်း အကြီးကြီးကိုလည်း ဆင်မြန်းထားပြန်ပါသည်။

အမှန်စင်စစ်တော့ နွေသည် အသားခပ်ညိုညို၊ မျက်လုံးမျက်ဖန်လှလှ၊ အရပ်အမောင်းကောင်းကောင်း ရှိရုံလောက်သာ ထင်ရှားလျက် သိပ်အချောအလှကြီး မဟုတ်ပေ။

သို့သော် နွေ၏ စတိုင်လ်လှလှနှင့် ဆွဲဆောင်မှု တစ်မျိုးလေးရှိသော မျက်နှာသွင်ပြင်ကြောင့် လူတွေကြားထဲမှာ ပျောက်မနေတတ်ဘဲ ထင်ပေါ်နေတတ်ပါသည်။

ရေပက်ခံကားတွေကို တောက်လျှောက်ပင် ရေပိုက်ဖြင့် မနားတမ်း မတ်တတ်ရပ် ပက်နေတာ ကြာတော့ နွေ ခြေညောင်းလာသည်။

နွေ့ သူငယ်ချင်းတွေကတော့ ဆောင်းဘောက်စ်မှ တစ်ဆင့် ထွက်ပေါ်နေသော ခပ်မြူးမြူး DJ သီချင်းသံတွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မြူးကြွပျော်ရွှင်ကာ ရေပိုက်တွေကိုင်ရင်း ခုန်ပေါက်နေကြသည်မှာ တက်ညီလက်ညီပင်။

"ဟဲ့ ... နွေ ဘာဖြစ်တာလဲ"

"ခြေထောက် ကျင်လာတယ်ဟ ... ဒါကြောင့် ခဏနားလိုက်ဦးမယ်"

"နင်က တည့်တည့်ကြီး ရပ်နေတာကိုး ... ခုန်နေပါလား"

"စင်ပေါ်မှာ ခုန်တာ ငါ တစ်ယောက်လျော့သွားတော့ စင်ပြိုဖို့ အခွင့်အလမ်း နည်းနည်းများ လျော့သွားမလားလို့"

"အံမယ် ... အပိုတွေ"

နွေသည် ရေပက်သူများ နောက်ဘက်တွင် တစ်ဆင့်မြင့်ထားသော မဏ္ဍပ်တွင်း နေရာတစ်ခုတွင် ထိုင်ခုံများ ချထားရာ၌ ခဏသွားထိုင်နေလိုက်သည်။

ပလတ်စတစ်ခုံများဖြစ်ရာ နွေသည် မဏ္ဍပ်အတွင်းဘက်မှာ ချောင်ကပ်ပြီး ထိုင်မနေလို၍ အပြင်ဘက်ကို မြင်နိုင်သော နေရာထိ ခုံကိုရွှေ့ကာ ထိုင်လိုက်သည်။

ကားတွေ တစ်စီးပြီးတစ်စီး ဖြတ်သွားတိုင်း နွေက ရေတွေစိုကာ ပျော်မြူးကခုန်ပြီး ပါသွားကြသော ကားပေါ်မှ လူတွေကို လိုက်ကြည့်သည်။





အင်း ... ရေပက်နေရတော့ ကားပေါ်က လူတွေကို သေသေချာချာ မမြင်ရဘူး။

အခုလို အေးအေးဆေး ထိုင်ကြည့်တော့မှ လူတွေရဲ့ လှုပ်ရှားမှုကို သေသေချာချာ မြင်ရတယ် ... ဒါလည်း အရသာ တစ်မျိုးပဲ။ ကြည့်လို့ ဘယ်လောက်ကောင်းလဲ။

နွေ ကြည့်နေစဉ်တွင် မဏ္ဍပ်ကအထွက် အမိုးဖွင့် Town Ace (တောင်းအေ့စ်)ကားတစ်စီးသည် မဏ္ဍပ်အလွန်ကလေးတွင် ထိုးရပ်သွားပါသည်။

ကားပျက်တာ ဖြစ်မည်။ ရေတွေကစို၊ ကားပေါ်က လူတွေကလည်း တခုန်ခုန် လုပ်နေတာနဲ့ ဘယ်ကားက မပျက်ဘဲ နေနိုင်မလဲ။

ကားပေါ်မှာ ကောင်ကလေး၊ ကောင်မလေးတွေ ဘချို့ မြေပြင်ပေါ် တဘုတ်ဘုတ် ခုန်ဆင်းလာသည်။

"နွေဦးရာသီရောက်မှပဲ ကားပျက်တော့တယ်ဟေ့"

"ဒီမဏ္ဍပ်က ရေပက်ကြမ်းလို့ ဖြစ်မှာပေါ့ ... ပိုက်တွေက အများကြီးပဲ"

"နားထဲ ရေဝင်နေပြီဗျို့ ... အား"

"မျက်စိစပ်တယ်ကွာ ... ငါ ယောင်ပြီး မျက်စိဖွင့်ကြည့်လိုက်တာကွ ... မျက်စိထဲ ရေပိုက်ထဲကရေက တည့်တည့်ကို ဝင်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေး ... မင်းပြောတော့ ကားက အကောင်းစား ကြီးပါဆို ... ခုတော့ ရေလေးဒီလောက်ထိတာနဲ့ ပျက်ပြီ"

သူတို့အုပ်စုကြီး ဆူညံ ဆူညံနှင့် စကားတွေ ပြောကြ၊ ရယ်ကြ၊ မောကြ။

ကောင်မလေးတွေက သူတို့ခြုံလာသော မျက်နှာသုတ်ပဝါ အလုကြီးတွေကို ရေညှစ်၊ မှန်ထုတ်၊ ခေါင်းဖြီး။

ကောင်လေးတွေက ကားဒရိုင်ဘာ ဘောနက်ဖွင့်သည်ကို ဘေးမှ ဝိုင်းစပ်စု ထင်ကြေးပေး၊ အကြံပေးနှင့် ...။

အဲဒီမြင်ကွင်းထဲမှာ နွေ မထင်မှတ်ဘဲ ရှာတွေ့လိုက်တာကား ... ဆံပင်တိုတိုပျော့ပျော့ ရေစိုတွေကို ခေါင်းပေါ်က ပြားကပ်နေအောင် လက်နှင့်ဖိသပ်နေသော ကောင်ကလေး တစ်ယောက်ကိုပင် ...။

နေလောင်ထားပေမဲ့ ဖြူဝင်းသော အသားရောင်က ပျောက်မသွားသော ...။

တိရှပ်အဝါရောင် ဖြောင်ပေါ်မှာ အပြာရင့် အင်္ဂလိပ်ဗျည်းစာလုံး သေးသေးလေးတွေ ခပ်ကျဲကျဲပါသော အင်္ကျီနှင့် ဂျင်းပင်န် အနက်တို့ကို ဝတ်ဆင်ထားသော ...။

နေကာမျက်မှန်နက်ကို ချွတ်ကာ ခေါင်းပေါ်က ဆံပင်ပြားကပ်ကပ်ပေါ် တင်လိုက်သော အသွင်အပြင်တို့ဟာ နွေ့အာရုံထဲက မှတ်ဉာဏ်တို့ကို လှုံ့ဆော်လိုက်သည်။





အို ... သူ ပါပဲလား ...။

ဆိုင်မှာ ဂျင်းန်လာဝယ်တုန်းက ပိုက်ဆံမပြည့်တော့လို့ မဝယ်ဖြစ်လိုက်တဲ့ ကောင်ကလေးပါပဲလား ...။

တိုက်ဆိုင်လိုက်တာ ... ကြည့်စမ်း။

ပြန်တွေ့ရတယ်လို့ ...။ သူက နွေ့ကို မှတ်မိမည် မမှတ်မိမည် မသေချာပေမဲ့ နွေကတော့ သူ့ကို မှတ်မိနေသည်။

သူကတော့ ရေပက်မဏ္ဍပ် ပတ်ဝန်းကျင်ကို ခါးကလေး ခပ်သာသာထောက်ကာ ဟိုကြည့် ဒီကြည့် လှေ့လာနေပါသည်။

•

"ဟေ့ ... ချောတယ်ဟော့ ... ဗီဒီယိုမင်းသားလား၊ မော်ဒယ်လ်လား၊ အဆိုတော်လား ... သိပါရစေ"

သူ့ဘေးက ရေပက်ခံကားတချို့ ဖြတ်သွားလေရာ ထိုကားပေါ်မှ ကောင်မလေးတွေက သူ့ကို ရေလှမ်းပက်လိုက်ရင်း နောက်ပြောင်လိုက်သံကို ကြားလိုက်ရပါသည်။ သူက ခေါင်းငုံ့ပြီး ရေတွေစင်တာကို လက်ဖြင့်သပ်ချနေလေသည်။

နွေသည် သူ့အမူအရာတွေကို ကြည့်ကောင်းကောင်း ငေးနေဆဲပင်။ သူ့လို ချောမောကြည့်ကောင်းလှသော ကောင်လေးတွေလည်း တွေ့ဖူးပေမဲ့ နွေဟာ ဒီတစ်ခါလောက် ဘယ်သူ့ကိုမှ အကြာကြီး ငေးမကြည့်ခဲ့ဘူးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... မနွေ ဘာလို့ သူ့ကိုကျမှ ကြည့်နေချင်သလဲ။

နွေ ကြည့်နေစဉ်မှာပဲ သူတို့ကားက စက်ပြန်နှိုးလို့ရသွားလေသည်။

သူတို့ တစ်အုပ်စုလုံး ဟေးခနဲအော်ကာ ကားပေါ်ကို တဝုန်းဝုန်း ခုန်တက်သွားကြသည်။

သူက နောက်ဆုံးမှ ခုန်တက်လိုက်တာ ဖြစ်သည်။ သူ တက်ပြီးပြီးချင်းပဲ ကားကလည်း တရစပ် မောင်းထွက်သွားသည်။

အဲဒီ အခိုက်မှာ သူ့ဂျင်းန်ပင်၏ နောက်ဘက်အိတ်ထဲ ထိုးထည့်ထားသော ယောကျ်ားကိုင် Wallet လေးက ဘုတ်ခနဲ ပြုတ်ကျသွားသည်။

သူ သိပုံမရ။ နွေသည် မြင်မြင်ချင်းပင် ... "ဟယ် ပိုက်ဆံအိတ် ကျကျန်ခဲ့ပြီ"လို့ လွှတ်ခနဲ ရေရွတ်ခြင်းနှင့်အတူ လူကပါ ထိုင်ရာမှ ချက်ချင်း ထရပ်လိုက်ပြီး ...

"ဟေ့ ... ဟေ့ ... ပိုက်ဆံအိတ် ကျကျန်ခဲ့ပြီ"

ဟူ၍ လက်ခုပ်တီးရင်း အော်ပြောလိုက်မိပါသည်။

သို့သော် ... နွေ့အသံက ကားသံ၊ ရေသံ၊ လူသံနှင့် ဆောင်းဘောက်စ်များမှ ထွက်သော သီချင်းသံ မြူးမြူးတို့ကို မလွှမ်းမိုး နိုင်ခဲ့ပါ။





သူတို့ကလည်း သူတို့အာရုံနဲ့ သူတို့ ...။ သူတို့အဖောနဲ့ သူတို့မို့ ရှေ့ဘက်မဏ္ဍပ်မှာ ရေပက်ခံဖို့ ရောက်နေလေပြီ။

နွေ ခေါ်တာလည်း မကြား။ ပိုက်ဆံအိတ် ကျကျန်ခဲ့တာလည်း မသိ။ နွေလည်း ထိုင်နေရာ စင်မြင့်ကလေးမှ ဆင်းချိန်။ ပိုက်ဆံအိတ် သွားကောက်ချိန်တို့က ဘယ်လိုနည်းနဲ့မှ မမြန်ဆန်နိုင်တာမို့ သူ့ကို လိုက်ခေါ်ပေးလိုက်ဖို့လည်း မမီနိုင်ပါ။

နွေသည် ယောကျ်ားကိုင် ပိုက်ဆံအိတ် အနက်ရောင်လေးကို ကိုင်လျက်သား ရပ်ကြည့်ကျန်ရစ်ခဲ့သည်။

နွေသည် ပိုက်ဆံအိတ်လေးကို အိမ်ထဲတစ်ခေါက်သွားပြန်ထည့်ပြီးမှ ရေပက်ဖို့ ပြန်ထွက်လာသည်။

ဘာပဲဖြစ်ဖြစ် ဒီသုံးရက်အတွင်း တစ်ရက်လောက် ဒီနေရာကို ထပ်ပြီးရောက်လာခဲ့လိမ့်မယ် ဆိုရင် ဒီပိုက်ဆံအိတ်ကို ပြန်ပေးလို့ ရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းဘက် နားချိန်တွင် ထမင်းစားသောက်ပြီးကြတာနှင့် အားလုံး အိပ်သူအိပ်၊ မအိပ်သူက ခြံထဲမှာ ထိုင်လိုထိုင်ဖြင့် အနားယူကြသည်။

နွေသည် ပိုက်ဆံအိတ်လေး ကောက်ရသည်ကို ဘယ်သူမှ မပြောပြပေမဲ့ မြင်သူက မြင်ကြလေရာ ...

"ဟဲ့ ... နွေ ... နင်ကောက်ရတဲ့ ပိုက်ဆံအိတ်ကို နည်းနည်းပါးပါး ဖွင့်ကြည့်ပါလား ... အထဲမှာ ဆက်သွယ်လို့ရမဲ့ ဖုန်းနံပါတ်ဖြစ်ဖြစ် ပါရင်ပါနေမှာပေါ့"

ဟူ၍ အကြံပေးသဖြင့် နွေသည် ဖွင့်ကြည့်ဖို့ စိတ်ကူးမရပေမဲ့ ဖွင့်ကြည့်ရန် ဆုံးဖြတ်လိုက်မိသည်။

အားလုံးက စိတ်ဝင်တစား ဝိုင်းကြည့်ကြလေသည်။

အရင်ဆုံး တွေ့ရတာက ပလတ်စတစ်ဖြင့် ထည့်ထားသော ပိုက်ဆံတချို့ပင်။

"ဘယ်လောက်ပါလဲ ... ရေကြည့်ထားဦးဟဲ့"





"တော်ကြာ ပိုက်ဆံယူထားတယ် ထင်နေဦးမယ်"

"ဟယ် ...;ထင်စရာလား ... သူ့တောင်ပြန်မုန့်ဖိုးပေးလိုက်ဦးမယ်နော် ... ဟုတ်တယ် မဟုတ်လား နွေ"

"ရေကတော့ စိတ်ပဲ ... ပလတ်စတစ်နဲ့ ဘယ်လောက်အုပ်အုပ်"

နွေက ငွေတချို့ကို ရေကြည့်လိုက်ပါသည်။ အတန်သေးတွေရော၊ အတန်ကြီးတွေရော လိပ်ခေါက်ထားသော ပိုက်ဆံအထပ်လေးကို ခဏနဲ့ ရေတွက်၍ ပြီးသွားပါသည်။

"နှစ်ထောင်နဲ့ ရှစ်ဆယ့်ငါးကျပ် ရှိတယ်"

"သိပ်များများစားစားတော့ မပါရှာပါဘူးလေ"

"မုန့်ဝယ်စားရုံလောက် ဖြစ်မှာပေါ့"

"ဒီလို အချိန်မှာ များများစားစား ထည့်လာရင်လည်း ရိုက်ပြီး ဆုံးမဖို့ ကောင်းတယ်"

"အခုလို ကျပျောက်ရင် နွေလို လူကောင်းလေးသာ ကောက်မရရင် ... ဥပမာပေါ့ ငါ့လို ငတို လျှိုသာကောက်ရရင် သူ့ပိုက်ဆံတွေရော ပိုက်ဆံအိတ်ရော ပြန်ရဖို့ နည်းလမ်း မမြင်ဘူး"

"တခြားအိတ်ကပ်တွေထဲမှာ ဘာပါလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါ ... ကြည့်ပါမယ် ... နင်တို့ဟာလေ အတော်စပ်စုတဲ့ ဟာတွေ"

"နှစ်သစ်ကူးမှာ သူစာစ်ပါး ပိုက်ဆံအိတ် ဖွင့်ကြည့်မှုနဲ့ သိကြားမင်းက မှတ်သွားခံရမယ် ... ဘာမှတ်လဲ ...ဟမ်း"

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက်နှင့် ဘာရယ်မှတ်ပါဘဲ ပိုက်ဆံအိတ်လေး တစ်အိတ်ကို အပျော်ဖွင့်ကြည့်ကြသည်။ ယောကျ်ားလေးတွေကတော့ မိန်းကလေးအုပ်စုကြီး ဘယ်လောက် အသံကျယ်ကျယ် စိတ်ဝင်စားဟန် လုံးဝမပြကြချေ။

သူတို့က သူတို့စည်းစိမ်နဲ့သူတို့ သစ်ပင်အောက်မှာ ဘီယာသောက်ရင်း သီချင်းနားထောင်နေရတာလောက် ဘာကိုမှ စိတ်ဝင်စားကြသူများ မဟုတ်ကြချေ။

"ဟယ် ... ဓာတ်ပုံလေး တစ်ပုံ"

နွေ သေသေချာချာပင် မကြည့်လိုက်ရ။ ဟိုလူဆွဲလုံ၊ ဒီလူဆွဲလုနှင့် နွေ့လက်ထဲပင် ပြန်မရောက်ပါ။

"ငါလည်း ကြည့်ပါရစေဦး ဟယ်"

"ကောင်မလေးက လှတယ် ... ချစ်လည်း ချစ်စရာလေး"

"ငါတို့ထက် ငယ်တဲ့ပုံပဲ"

"ဟဲ့, ဓာတ်ပုံနောက်က ရက်စွဲကိုပဲ ကြည့်ဦး"

"လွန်ခဲ့တဲ့ လေးနှစ်ကပုံပဲ"





"ဘာတဲ့ ... ကောင်လေး သတိရရင် ကြည့်ဖို့ တဲ့။ နာမည်ကလှတယ် ... မေလရိပ် တဲ့"

"ဘာလို့ ကောင်လေးလို့ ခေါ်တာလည်း မသိဘူး နော်"

"ချစ်စနိုးလေး ခေါ်တာထင်တယ်"

"သူ့ထက် ငယ်လို့လား မသိဘူး"

နွေသည် ဓာတ်ပုံလေးထဲက ဂျပန်မလေး တစ်ယောက် လှသလို လှသော ကောင်မလေးကို အခုမှ သေသေချာချာ ကြည့်ရပါသည်။

ဓာတ်ပုံမှာ ပို့စကတ်ဒ်ဆိုဒ်ပုံ၏ လေးပုံတစ်ပုံ အရွယ်အစား ဖြစ်သည်။ ဓာတ်ပုံထဲမှာ ပြုံးပြနေသော ကောင်မလေးမှာ သွားတက်လေးနှစ်ဖက်နှင့်မို့ တစ်မျိုးလေး လှနေတာ အမှန်ပင်။

"ပိုက်ဆံအိတ်ထဲမှာ အမြတ်တနိုး ထည့်ထားတယ် ... ဓာတ်ပုံနောက်က စာသားလေးတွေကလည်း အီစီကလီလေး ဖြစ်တယ်ဆိုတော့ သူ့ရည်းစားပဲ ဖြစ်မယ်နော်"

မီမီက ဝေဖန်ပါသည်။ ဒါကို ဘယ်သူမှ မဟုတ်ဘူး မငြင်းဘဲ ခေါင်းညိတ်ခြင်းဖြင့် ထောက်ခံကြသည်။

"ဒရိုင်ဘာလိုင်စင် ပါတယ်ဟဲ့"

"အေး ... ဒါဆို သူတော့ လိုင်စင်ပါပျောက်ပြီဆိုပြီး ပျာနေမှာပဲ"


www.burmeseclassic.com

"အံမယ် ... ဘာတဲ့ ... နာမည်က ... ဟယ် ... သူ့နာမည် ကောင်လေးတဲ့ ... ထူးဆန်းလိုက်တာ"

"သူ့မိဘက နာမည်မှည့်ဖို့ စဉ်းစားတာ မရလို့ ပါးစပ်ထဲမှာရှိတဲ့ နာမည်ပဲ ပေးလိုက်တာ ထင်တယ်"

"ကျန်တာ ဘာပါသေးလဲ"

"ပါတယ် ... Visiting card (ဗစ်စစ်တင်းကတ်)တစ်ခုဟဲ့။ ကုမ္ပဏီတစ်ခုပဲ သူ့နာမည်တော့ မဟုတ်ဘူး ...

သူ့အဖေလား မသိဘူးနော် ...

ဆယ်လူလာနံပါတ်ရယ်၊ ကုမ္ပဏီရုံးခန်း ဖုန်းနံပါတ်ရယ်ပဲ ... ပါတယ်"

နွေက ပိုက်ဆံအိတ်ထဲမှ ပစ္စည်းတွေကို စနစ်တကျ ပြန်ထည့်ပေးလိုက်ရင်း ...

"ကုမ္ပဏီကတော့ ပိတ်ရက်ဆိုတော့ ဆက်လို့ရမယ် မထင်ဘူး ...

သူ့အဖေ ဆိုတာရော သေချာရဲ့လား မသိဘူး ... သူ့အလုပ်ရှင် ဖြစ်နေရင် ဘယ့်နှယ့်လုပ်မလဲ"

"ဒါပေမဲ့ ... သူ့အလုပ်ရှင်ဆိုလည်း အကျိုးအကြောင်း ပြောပြရင် လက်ခံမှာပါ၊ သူ့ကို အနှောင့်အယှက် ပေးတာမှ မဟုတ်တာ။ သူ့ကုမ္ပဏီက ဝန်ထမ်းတစ်ယောက်ရဲ့ ပိုက်ဆံအိတ် ကျပျောက်တာကို နီးစပ်ရာ အကြောင်းကြားတာလေ ... ပြီးတော့ ပိုက်ဆံထက် လိုင်စင်ပါနေတော့ ပိုလည်း အရေးကြီးတာပေါ့ ... ဟုတ်တယ် မဟုတ်လား"

"အေး ... ဒါဆို ဆယ်လူလာကိုပဲ ဆက်ကြည့်လိုက်မယ်"

နွေ ဖုန်းဆက်ဖို့ အိမ်ထဲဝင်လာသည်။ သူငယ်ချင်းတွေက လိုက်မလာတော့ဘဲ မနက်က ရေပက်တုန်းက အဝတ်အကြွေတွေ ပြန်ပြောလျက် ကျန်ရစ်ခဲ့ကြသည်။

နွေသည် ဆယ်လူလာနံပါတ်တွေကို နှိပ်လိုက်ပါသည်။ သို့သော် ခေါ်လို့မရ။ ဖုန်းပိတ်ထားသလား မသိပါ။

ဒါမှမဟုတ်လည်း ဆက်သွယ်နိုင်သော ဧရိယာ၏ ပြင်ပကို ရောက်နေတာလည်း ဖြစ်နိုင်သည်။

နွေ အကြိမ်ကြိမ် ကြိုးစားကြည့်ပါသည်။ မရသောအခါ လက်လျှော့ပြီး အိမ်ထဲက ပြန်ထွက်လာခဲ့သည်။

"ရလား နွေ"

"မရဘူး ... ဖုန်းပိတ်ထားတာလား ခရီးဝေး ရောက်နေတာလား မသိဘူး"

"အေးလေ ... သင်္ကြန်ပိတ်ရက်ဆိုတော့ တချို့လည်း နားချင်တာနဲ့ ဖုန်းကို ပိတ်ချင်လည်း ပိတ်ထားမှာပေါ့ ... ဒါမှမဟုတ် ခရီးထွက်ချင်လည်း ထွက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဒီရက်ပိုင်းအတွင်း ပြန်တွေ့ရင်လည်း တွေ့မှာပေါ့"

"ဟုတ်တယ် ... ဒီလမ်းမကျယ်ကြီးလောက် ရေပက်မကျှာပ်များတဲ့ နေရာမှ မရှိတာ။ သူတို့ ရောက်ကိုရောက်လာဦးမှာပါ"

"စောင့်နေ ... နွေရေ။ သင်္ကြန်အမှတ်တရ ဇာတ်လမ်းလေး ဖြစ်သွားအောင်လေ"

"အမယ်လေး ... ငါ တွေ့ပဲ တွေ့ပါစေဦး ... လူတွေ ဒီလောက်များတာ ... တွေ့ရင် ကံကောင်း"

"တွေ့ရင် ပြန်ပေးမယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် ဇာတ်လမ်းလေးဟာ စ,ကိုစမှာပါပဲ နွေရယ်"

နွေသည် သူငယ်ချင်းတွေကို နွေ သိထားသော အကြောင်းအရာတစ်ခုကို ပြောပြရန် စိတ်ကူးမိသွားပြန်သည်။

"သူ့ကို ငါ တွေ့ဖူးပြီးသားပါ"

"ဟဲ့ ... အံမယ် ... လျှို့ထားတာပါလား ... ကြည့်စမ်း"

"အဲဒါပေါ့ ... ရီးမလိုလိုနဲ့ ရှုပ်တာ ဆိုတာ"

"ပြောပါဦး ... ဒေါ်နွေဦးရာသီရဲ့"

နွေက သူ ဆိုင်ကိုရောက်လာပြီး ဂျင်းနံပင်နံ ဝယ်သော အဖြစ်အပျက်ကို အစအဆုံးပင် ပြောပြလိုက်ပါသည်။

"ဟယ် ... ဒါဆို အကြိန်ပြီးရင် ထပ်တွေ့ရဦးမှာပေါ့"





"ဘယ်သိပါ့မလဲ ... သူက ဂျင်းနံလာဝယ်တာ သင်္ကြန်မှာဝတ်ဖို့လားမှ မသိတာ၊ သင်္ကြန်ပြီးသွားပြီဆိုတော့ ဝယ်ချင်မှဝယ်တော့မှာပေါ့"

"အို ... ဘယ်ပြောနိုင်မလဲ လာဝယ်ချင် လာဝယ်မယ်ထင်တယ်"

"ကဲ ... ကဲ ... အဲဒီဇာတ်လမ်းက ထားတော့၊ ခုလောလောဆယ် သူနဲ့ ပြန်တွေ့ရမဲ့ ဇာတ်လမ်းက ပိုစိတ်ဝင်စားဖို့ မကောင်းဘူးလား၊ မိမိရယ်"

"သဉ္ဇာက သူ ပိုစိတ်ဝင်စားတာများ"

"နွေတော့ စွံတော့မယ် ထင်တယ်"

"မဖြစ်နိုင်တာ နီရယ် ... သူ့မှာ ရည်းစားရှိနေတာ ... ဘယ့်နှယ် စွံရမှာလဲ ...

ငါကလည်း ပိုက်ဆံအိတ်လေး ပြန်ပေးရုံနဲ့ ဘာလို့ ကြိုက်သွားရမှာလဲ"

"အလှနည်းနည်း ထပ်ပြင်ဦးမှပါ ... မျက်နှာကို နေလောင်ထားတာ သက်သာအောင် ပြင်ရမယ်"

"အသက်က လှဖို့ပဖို့ပဲ စိတ်ဝင်စားတယ်နော် ... သူ့လူကြီးကလည်း အလှပြင်ရင် လုံးဝမကြိုက်တာနဲ့တော့ တွေ့ပြီ"


www.burmeseclassic.com

www.burmeseclassic.com

“ငါတို့အုပ်စုထဲမှာ မစွံသေးတာ နွေရယ်၊ မီမီရယ်၊ သဇင်ရယ်နော်”

“ဟော့ ဟော့ ... နေပါစေ ... အပူမရှာချင်လို့ပါ”

ညနေ သုံးနာရီကျော်လာတော့ ရေလည်း စတင်ဖွင့်ပြီဖြစ်ရာ နွေတို့အားလုံး ဝတ်စားပြင်ဆင်ကြရပြန်သည်။

နွေက ညနေဘက်ကျတော့ အနက်ရောင်ရှပ်လက်ရှည်ဝတ်ပြီး အနက်ရောင်ဂျင်းနံပင်န် ဆင်မြန်းထားပါသည်။

နွေက ခေါင်းပူမှာ မခံနိုင်သူဖြစ်ရာ ကောင်းဘွိုင်ဦးထုပ်ကြီးကိုတော့ ဆောင်းထားမြဲ ဖြစ်ပါသည်။ နွေက ဘုတ် အနက်ရောင် ခပ်မြင့်မြင့်ကိုလည်း စီးထားပါသည်။

နွေ့ စတိုင်လ်က တစ်မျိုးဖြစ်ကာ မက်ဆီကန်မလေးလို ဖြစ်နေသည်။ နွေက အသားခပ်ညိုညို စိုစို၊ မျက်လုံး မျက်ဖန်လှလှ၊ ဆံပင် ခပ်စင်းစင်း ရှည်ရှည်တို့က ကျောလယ်မရောက်တရောက်ရှိကာ နားမှာ နားကွင်း အကြီးကြီးလည်း အမြဲဝတ်တတ်သူ ဖြစ်သည်။

မနက်က ကောင်လေး ... အင်း သူ့နာမည်က ကောင်လေး ဖြစ်နေတော့ ကောင်လေးလို့ ခေါ်ရတာ သူ့နာမည်ကို ခေါ်နေရတဲ့ အတိုင်းပဲ။





နွေသည် စိတ်ထဲမှာ အဲဒီလိုတွေးရင်း ကောင်လေးတို့ကားများ တွေ့မလားလို့ ရှာရပါသည်။

နွေ့ မျက်လုံးတွေက ကားတိုင်းကိုလိုက်၍ စေ့စေ့ခပ်စပ် ကြည့်ရှုရှာဖွေနေခဲ့ပါသည်။

ညနေ တော်တော်ကြီးကို စောင့်၍ ရေလည်းပိတ်ခါနီးကျမှ ကားဦးခေါင်းပိုင်း ခေါင်မိုးကို လက်ထောက်ရပ်လျက်ပါလာသော ကောင်လေးကို တွေ့လိုက်ရသည်။

သူတို့ကားက ရေပက်မဏ္ဍပ်ကို မရောက်သေးပါ။

ရေပက်ခံရန် တန်းစီနေဆဲ ဖြစ်သည်။

“ဟယ် ... ဟိုမှာ ... ဟိုမှာ ... ပိုက်ဆံအိတ်ပိုင်ရှင် ... ဟိုကားပေါ်မှာ ... မနက်က ကားပဲ ... သူလည်း မနက်က ဝတ်တဲ့ အဝတ်အစားနဲ့ပဲ”

နွေသည် နံဘေးက သဇင့်ကို လှမ်းအသိပေးလိုက်လေသည်။

“ဘယ်မှာလဲ”

“မဏ္ဍပ်ကို မရောက်ခင် တစ်စီးကျော်မှာ နင့်မျက်စိထဲ ဘယ်သူ့ကို ထင်းခနဲ မြင်လဲ”

“အဝါရောင် တီရှပ်နဲ့လူ”

“အေး ... သူပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ချောတယ်ဟဲ့ ... မင်းသားကျနေတာပဲ ... နေကာမျက်မှန်တပ်ထားတာတော်ောင် သူ့ရုပ်က ပေါ်နေတယ်"

"ဘယ်လို ခေါ်ရမလဲ မသိဘူး"

"ဒီမှာ ဝင်ရေပက်ခံမှ သူကြားအောင် အော်ခေါ်ပေါ့"

"ဟဲ့ ... သီချင်းသံနဲ့ ကြားပါ့မလား"

"အို ... စိတ်မပူပါနဲ့ ... ငါ အားလုံးကို တစ်ဆင့်စီ ပြောထားမယ် ... သူ့ကားရပ်တာနဲ့ စိတ်ထဲကနေ တစ်၊ နှစ်၊ သုံးလို့ ရေပြီးတာနဲ့ ငါတို့အားလုံး 'ကောင်လေး'လို့ ဝိုင်းခေါ်ပေးမယ် ... သူ ငါတို့ဆီကြည့်မှ ပိုက်ဆံအိတ်ကောက်ရထားတဲ့အကြောင်း အသိပေးရုံပဲ ... ဖြစ်အောင်လုပ်ရမှာပေါ့"

နွေသည် သူတို့ကား ဒီရှေ့ရောက်အလာကို ဆန္ဒစောစွာ စောင့်မျှော်နေရပါသည်။ သူ့ကား ရပ်ရပ်ချင်းပဲ သူငယ်ချင်းတွေ တိုင်ပင်ထားကြသည့်အတိုင်း ...

"ကောင်လေး"

ဟု အော်ခေါ်လိုက်ကြတော့လေသည်။ ဆယ်ယောက်လောက် ဝိုင်းခေါ်သံမှာ မထင်မှတ်ပါဘဲ တညီတညာတည်း ဖြစ်သွားလျှင် သီချင်းသံကိုပင် ကျော်တဲ့အထိ ဟိန်းထွက်သွားခဲ့သည်။





သူတို့ တစ်ကားလုံး ရေတွေကြားမှ အံ့အားတသင့်ဝင် ပြန်ကြည့်ကြသည်။

"ပိုက်ဆံအိတ် ... ပိုက်ဆံအိတ် ... ဒီမှာ ကောက်ရထားတယ်"

"ဟုတ်တယ် ... ပိုက်ဆံအိတ် ကောက်ရထားလို့ ခေါ်တာပါ"

"ဒီမဏ္ဍပ်နားမှာ ကျသွားတာလေ"

"လာယူနိုင်တယ်လို့ ပြောတာ"

နွေ့ သူငယ်ချင်းတွေက တက်ညီလက်ညီပင် တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတော့သည်။

နွေတို့ရဲ့ ရေပက်မဏ္ဍပ်မှာ အဆင့်နှစ်ဆင့် ထားလေရာ နွေက အမြင့်ဘက်အခြမ်းမှာ ရပ်နေတာ ဖြစ်သည်။

အောက်ဘက်အဆင့်မှ သူငယ်ချင်းတွေကတော့ ရေဓက်ခံကားတွေနဲ့ ပိုနီးလေရာ သေသေချာချာ အော်ပြောလျှင် ကြားနိုင်လေသည်။

သူတို့လည်း နွေ့သူငယ်ချင်းတွေ၏ တစ်ယောက်တစ်ပေါက် ပြောသံကို ကြားကာ သူတို့အားလုံး ဝမ်းသာသွားကြသန်ဖြင့် ...

"ကျေးဇူးပဲ ခင်ဗျာ ... ဘယ်မှာ လာယူရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



မှာ ကောင်လေးက မပြောခင် တစ်ယောက်က အရင်လှမ်းမေးပါသည်။

"ဒီမှာပဲ သိမ်းထားတယ် ... ရှေ့မှာ ကားရပ်ပြီး ဆင်းစောင့်နေပါ"

"ဟာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျေးဇူးပါပဲ ... ကဲ ကားထွက်မယ်ဟေ့ ... ဒရိုင်ဘာကို ပြောလိုက် ... ရှေ့မှာ ခဏလေး ရပ်မယ်လို့"

သူတို့ကားက ထွက်သွားပြီး မနေ့က ကားပျက်လို့ ခဏရပ်ရသော လမ်းဘေးမှာပင် ရပ်လိုက်သည်။

နွေသည် ရေပိုက်ကို တခြားတစ်ယောက်ထံ ပေးရင်း ...

"အဖော်လိုက်ခဲ့ပေးဦးလေ ... ငါ တစ်ယောက်တည်း ဖြစ်နေပြီ"

"စိမ်းမြ လိုက်သွားလိုက်"

"စိတ်ချ ... လိုက်ချင်နေတာ ... ဟီဟီ ... နွေ ဇာတ်လမ်းက လှနေလို့ လိုက်ကို လိုက်ချင်နေတာနော်"

နွေသည် မဏ္ဍပ်ထဲမှာ ထိုင်ကြည့်နေသည့် မေမေ့ထံမှာပင် ကောင်လေး၏ ပိုက်ဆံအိတ်ကို အပ်ထားသည်ဖြစ်ရာ မေမေ့ဆီ သွားတောင်းလိုက်သည်။





ပြီးတော့ သူငယ်ချင်း စိမ်းမြကို ခေါ်၍ ကောင်လေးတို့ ကားရပ်ထားရာဆီ လျှောက်လာခဲ့ပါသည်။

သူတို့အားလုံးက နွေတို့ကို စောင့်ကြည့်နေလေသည်။

"ပိုက်ဆံအိတ်ပိုင်ရှင်က ကောင်လေးတဲ့ ... ဟုတ်လား"

နွေသည် ကောင်လေးကိုပင် တည့်တည့်ကြည့်ပြီး မေးလိုက်ပါသည်။

သူတို့ကတော့ နွေဟာ ပိုင်ရှင်ကို တိုက်ရိုက်ကြည့်၍ ပြောနိုင်သဖြင့် အံ့သြသလို မျက်လုံးတွေနဲ့ ငေးနေကြ၏။

ကောင်လေးသည် ဖော်ရွေစွာ ပြုံးပြလျက် ခေါင်းပါညိတ်ရင်း ...

"ဟုတ်ကဲ့ ... ကျွန်တော်ပါ ခင်ဗျာ"

"မနက်ကလေ ... သူတို့အုပ်စု ကားပေါ်ပြန်ခုန်တက်သွားတော့ သူ့ဆီက ပြုတ်ကျသွားတာ တို့ တွေ့လိုက်တယ်၊ တို့ လှမ်းခေါ်ပြီး ပြောလိုက်သေးတယ် ... သူတို့ တစ်ယောက်မှ မကြားကြဘူး"

"ကျွန်တော်လည်း ဘောင်းဘီအိတ်ထဲ သေသေချာချာ ထိုးထည့်ထားတော့ ကျမယ် မထင်ဘူး ... စိတ်ချနေတာလေ ..."



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာ ခဏပြန်နားတော့မှ ပိုက်ဆံအိတ်ပျောက် ဆိုပြီး ပျာသွားတာပဲ ... လိုင်စင်ကိုပါ အိတ်ထဲမှာ ထည့် ထားတော့ အရမ်း စိတ်မကောင်း ဖြစ်နေတာလေ"

"ဟုတ်တယ် ... တို့လည်း အဲဒါက အရေးကြီးတယ် တော့ ချက်ချင်းပဲ အဲဒီ့ထဲမှာတွေ့တဲ့ Visiting Card က ဖုန်းနံပါတ် ဆယ်လှူလာဖုန်းလေ ... အဲဒီ့ကို ဆက် တယ် ... ခေါ်လို့ မရဘူး"

"ဖေဖေ့ဖုန်းလေ ... ဖေဖေနဲ့ မေမေက ပြင်ဦးလွင် အဘွားဆီ သွားနေတယ် ... ဖုန်းကိုလည်း မယူသွားဘူး ပိတ်ပြီး သူ့ဗီရိုထဲ သော့ခတ်သိမ်းထားခဲ့တာဗျ ... ကျွန်တော် တို့ ညီအစ်ကို ယူသုံးနေမှာစိုးလို့ ... အဟဲ"

"ပိုက်ဆံတွေ ပြည့်ရဲ့လား ပြန်စစ်ပါဦးနော် ... နောက် ဘာတွေ မစုံလင်တာရှိလဲ ... ပြန်စစ်လိုက်ပါ ... တို့ ကောက်ရရချင်းပဲ အဆက်အသွယ် တစ်ခုခု ရှိမလား ပြီး ဖွင့်ကြည့်မိတယ် ... အဲဒါ ..."

"ဟာ ... နေပါစေ ... ရပါတယ် ... ကိစ္စမရှိပါဘူး ... လိုင်စင်ကလွဲရင် ဘာမှ တခြားအရေးကြီးတာ မပါပါဘူး ... ပြန်ရတာပဲ ဝမ်းသာလှပြီ"





သူတို့ တစ်ကားလုံးမှ ကောင်ကလေး၊ ကောင်မလေး တွေကတော့ နွေတို့ကို အကဲခတ်လျက် ကြည့်နေကြသည်။

သူက အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီးမှ နွေ့ ဘက် ပြန်လှည့်ကာ ...

"ကျွန်တော့် နာမည် ဂေါင်လေး ဆိုတာတော့ သိပြီးပါပြီ နော် ... ဒါက ကျွန်တော့်ညီ လူလေးပါ ... ဒါကတော့ သူငယ်ချင်းတွေပေါ့ ... သင်္ကြန်ဆိုရင် ဝါသနာတူပြီး လူစုပြီး အမြဲပဲ ရေပက်ခံ ထွက်နေကျပါ ... ပိုက်ဆံအိတ်ကတော့ ဒီတစ်နှစ်ပဲ ကျပျောက်ဖူးပါတယ်"

သူ့ညီလေး ဆိုသော ကောင်လေးကလည်း သူ့လို ရုပ်ချောလေးမျိုးနဲ့ဖြစ်ပြီး ဆယ့်ခြောက်နှစ်လောက် အရွယ်ပင် ရှိဦးမည် ထင်သည်။

နာမည်လေးတွေက ရိုးရိုးလေးတွေပဲ။ ဂေါင်လေး တဲ့။ လူလေး တဲ့။

"တို့နာမည်က နွေဦးရာသီပါ ... ဒါက တို့သူငယ်ချင်း စိမ်းမြရည်ပေါ့ ... တို့တွေအားလုံးလည်း သင်္ကြန်ဆို နှစ် တိုင်း ရေပက်နေကျ ဝါသနာတူတွေလေ"

"ဟုတ်ကဲ့ခင်ဗျာ ... ခုလို သိကျွမ်းရတာ ဝမ်းသာပါတယ်၊ ပိုက်ဆံအိတ်ကို ကောက်ယူထားပြီး တကူးတက စောင့်ပြီး ပေးတဲ့အတွက် ကျေးဇူး အရမ်းတင်ပါတယ် ...

www.burmeseclassic.com

ဒီက မနွေဦးရာသီရော ... ဒီက မစိမ်းမြရည်ရော ... ပြီးတော့ ဟိုမှာ ရေပက်နေတဲ့ သူငယ်ချင်းတွေကိုရော ... ပြောလိုက်ပါနော်"

"ရပါတယ်ရှင် ... မထင်မှတ်ဘဲ ကောက်ရလိုက်လို့ပါ ... ဘာမှ မပင်ပန်းပါဘူး"

အဲဒီနောက်တော့ နွေနဲ့ ကောင်လေးတို့ကြားတွင် ဘာစကားမှ ပြောစရာ မရှိတော့လေရာ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ပြုံးပြလိုက်ကြရင်း ...

"ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး ခင်ဗျာ"

"ဟုတ်ကဲ့ ရှင်"

"နောက်နေ့မှပဲ ဆုံကြတာပေါ့"

"နေ့တိုင်း ရေပက်ခံ ထွက်တာလား"

"ဟုတ်ပါတယ်"

"အင်း ... ဒါဆို နောက်နေ့တွေ လမ်းကြုံရင် ဒီဘက် ရောက်ရင် တို့တွေ ခြံထဲမှာ စတုဒီသာကျွေးပွဲ ရှိတယ် ...

သူငယ်ချင်းတွေခေါ်ပြီး ဝင်လာခဲ့ပေါ့ ... ဖိတ်တယ် နော်"

"ဖိတ်တဲ့အတွက် ဝမ်းသာပါတယ် ... နောက်နေ့ကျ ဝင်ခဲ့မယ်နော် ... ကဲ ... သွားပြီနော်"





သူ ကားပေါ်ပြန်တက်သွားလျှင် ကားက စက်နှိုးပြီး ဖြစ်နေသည်။

သူတို့တစ်ကားလုံးက နွေနဲ့ စိမ်းမြတို့ကို လက်ပြ နှုတ်ဆက်သွားပါသည်။

"လိမ္မာသားပဲ ... ဘာမှ မသောက်ထားဘဲ ရိုးရိုးသားသား လေး ရေပက်ခံ ထွက်သတဲ့ နွေရေ"

စိမ်းမြက ခပ်တိုးတိုးလေး ရေရွတ်ပြီး ချီးမွမ်းနေခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ကောင်လေး ... ရေ ..."

နွေဦးရာသီမဏ္ဍပ်မှ လွန်လာပြီး သုံးလေးခုဆက်၍ ရေပက်ခံပြီးလျှင် ရေပက်မဏ္ဍပ်လည်း အဆက်ပြတ်သွားလေရာ သူတို့တစ်ကားလုံးမှ သူငယ်ချင်းတွေက အဲဒီကျမှ သူ့နာမည်ကို အသံကျယ်ကြီးဖြင့် ခေါ်ကြတော့သည်။

"ဟာ ... ဘာဖြစ်ကြတာလဲ"

ကောင်လေးသည် သူတို့ ဘာကို နောက်ပြောင်လို၍ ခေါ်လိုက်မှန်း သိသဖြင့် မျက်နှာကိုတည်ပြီး ပြန်မေးလိုက်သည်။

"ဟဲ ဟဲ ... ကောင်မလေးက အပျံစားလေးပဲကွ"





"အရပ်မြင့်မြင့် စတိုင်လှလှလေးနဲ့ မက်ဆီကန်မလေး ကျနေတာပဲ"

"ဖူးစာရှင်မှန်လို့ ပိုက်ဆံအိတ် ကောက်ရထားတာကွာ"

"အတော်ပဲ ... နောက်နေ့တွေကျ အဲဒီခြံမှာ စတုဒီသာကျွေးတာ ဝင်စားလို့ရပြီ ... ဖိတ်တဲ့လူက ဖိတ်ထားတာ ... ဘာလို့ သွားမစားရဲစရာရှိလဲ"

"နောက်မနေကြနဲ့ကွာ ... မင်းတို့ကလဲ။ ရိုးရိုးသားသား ပိုက်ဆံအိတ် ကောက်ရထားလို့ ပြန်ပေးတာကို အဲဒီလို နောက်ပြောင်မယ်ဆိုရင် အားနာဖို့ ကောင်းပါတယ်"

"မင်းက အလကားနေရင်း အားနာတတ်တဲ့ကောင်ပဲကွာ"

"အဲဒီလို မဟုတ်ပါဘူး ... အကြောင်းတိုက်ဆိုင်သွားတာလေးနဲ့ ဟိုနောက် ဒီနောက်လုပ်တော့ အခွင့်အရေးယူသလို ဖြစ်နေမှာ စိုးလို့ပါ"

သူငယ်ချင်းမတစ်ဦးဖြစ်သော လဲ့လဲ့က ဝင်ပြောဖို့ သူတို့ဘက် ခေါင်းလှည့်လိုက်သည်။

"ဘာလဲ ... နင်က ဘာဝင်ပါဦးမလို့လဲ"

"ဝေဖန်မလို့ပါ ဒေါ်ဝင်းရယ်"

"ဘာဝေဖန်စရာ တွေ့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းတာ ဝေဖန်မှာ မဟုတ်ပါဘူး ... ကောင်မလေးက သိပ်အချောကြီးတော့ မဟုတ်ပေမဲ့ အရမ်းကြည့်လို့ကောင်းတယ်လို့ ... ဘယ်လိုခေါ်မလဲ ... Attractive (အထရက်တစ်ဗ်) ဖြစ်တယ်နော်"

"ဟုတ်တယ် ... မိန်းကလေးချင်းတောင် သူ့ကို ငေးနေရတယ်"

သူမကလည်း ဝင်၍ ထောက်ခံလေသည်။

"သူ့နာမည်လည်း နှင်းဦးရာသီပဲ ... သူတို့မဂ္ဂဇင်းနာမည်ကလည်း သူ့နာမည် ပေးထားတာပဲနော်"

"နာမည်ကြော်ငြာတာလေ"

"သူက ကောင်လေးကို ကြိုသိနေတဲ့ပုံပဲနော်"

"မနက်က တွေ့ဖူးထားလို့ ဖြစ်မှာပေါ့ ... ငါတော့ သူ့ကို တစ်ခါမှ မတွေ့ဖူးဘူး"

ကောင်လေးသည် အဲဒီ ကောင်မလေးကို ဘယ်နေရာမှာ တွေ့ဖူးခဲ့သလဲ ဆိုတာ မသေချာ၍ သူငယ်ချင်းတွေကို အသိမပေးတော့ပါ။

သူ တွေ့ဖူးသလိုလိုတော့ ဖြစ်နေတာ အမှန်ပင်။ သို့သော် ... နှင်းဦးရာသီလို ပုံစံလေးတွေကလည်း ရှိတတ်တာမို့ ဇဝေဇဝါဖြစ်ကာ မသဲကွဲပါ။





ပြီးတော့ ... ကောင်လေးဟာလည်း တခြားကောင်မလေးတွေကို ဂရုတစိုက် မကြည့်မိ။ စိတ်ဝင်တစား မဖြစ်တတ်တာ ဘယ်လောက်ကြာပြီလဲ။

လရိပ်လေးကို လွမ်းနေရတဲ့ အချိန်တွေနဲ့ ပြည့်နှက်ခဲ့ရတဲ့ ကာလတစ်ခုကို လွန်မြောက်ခါစမှာပေမဲ့ ကောင်လေးက လရိပ်ကလွဲရင် ဘယ်ကောင်မလေးကိုမှ စိတ်ဝင်စားလို့ မရသေးသေး။

နှစ်တိုင်း သင်္ကြန်ရက်တွေမှာ မပျက်မကွက် ဆင်နွှဲနေကြ ဖြစ်ပေမဲ့ ကောင်လေးရဲ့ စိတ်အာရုံတွေကတော့ လရိပ်ကိုလွမ်းတဲ့စိတ်ကြောင့် ပျော်ခဲ့ရတယ်ရယ်လို့ သိပ်မရှိခဲ့ပါ။

လရိပ်သာ အနားမှာရှိရင် သင်္ကြန်ရက်တွေဟာ ဒီ့ထက်မက ပျော်စရာကောင်းလိမ့်မှာပဲ ဖြစ်သည်။

လရိပ်လေးကလည်း သူ့လိုပဲ သင်္ကြန်ရက်တွေမှာ ပျော်တတ်သော မိန်းကလေးပဲ ဖြစ်လေသည်။

"ဟော့ကောင် ... ငြိမ်သွားပါလား ... ဘာတွေတွေးနေလဲ"

"ဘာမှ မဟုတ်ပါဘူး ... ဒီလိုပေါ့ ... သတိရစရာ ရှိတာလေးတွေ သတိရသွားတာပဲ"

"ဖြစ်ရပြန်ပြီ"

"ကိုကြီးက မလရိပ်ကလွဲရင် ဟဲဟဲ ...



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မိန်းမမှ မချစ်ခဲ့ပြီ ...

သဒ္ဒါကပိုသည့် မေလရိပ်ကိုပဲ

အသည်းစွဲအောင် ချစ်မိပြီ'

ဆိုတာလေ ... သိတယ် မဟုတ်လား"

လူလေးက ကောင်လေးအကြောင်းကိုသိစွာ သီချင်းလှုပ်ဆိုရင်း နောက်လေသည်။

ဒီတစ်ကားလုံးမှာပါတဲ့ သူငယ်ချင်းတွေ အကုန်က ကောင်လေးအကြောင်းကို သိထားကြသူတွေချည်းပဲ ဖြစ်သည်။

သူတို့ကား တစ်ကားလုံးမှာ သူငယ်ချင်းများနဲ့ မောင်နှမဝမ်းကွဲတွေသာ ပါလေရာ ကောင်လေး၏ မေလရိပ်ဇာတ်လမ်းမှာ အထူးအဆန်း ဖြစ်မနေပါ။

ကောင်လေးသည် သူတို့က ပိုနောက်လေ လရိပ်ကို ပိုသတိရလေ ဖြစ်လာခဲ့ပြီး သင်္ကြန်အကျနေ့ ရေပက်ခံခြင်း၏ အပြန်ခရီးတွင် သူ သိသာစွာ တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

ကောင်လေးရဲ့ ရင်ထဲက အလွမ်းတွေကို ဘယ်လို အရာမျိုးကများ ပျောက်ကင်းသွားအောင် ဖယ်ရှားပစ်နိုင်မလဲ။





နွေသည် မဏ္ဍပ်အလွန်တွင် ကားထိုးရပ်လိုက်ပြီး လက်ဖောင်းပေါ်သို့ ခုန်ဆင်းလာကြသော သူတို့အုပ်စုကိုပြုံးလျက် တ်ခေါ် ကြိုဆိုလိုက်သည်။

"လာမယ် ဝင်ခဲ့မယ် ပြောထားလို့ မျှော်နေတာလေ ... အားနာပြီး မလာတော့ဘူး ထင်နေတာ"

"ဟာ ... လာမှာပေါ့ ... မနွေဦးရာသီရယ် ... စားဖို့ဖိတ်ထားတာပဲ"

"အစ်မတို့ဆီမှာ စားရမယ်ဆိုလို့ ကျွန်တော် တစ်လမ်းလုံး ဘာမှ မစားလာခဲ့ဘူး"

လူလေးက ရင်းနှီးစွာ ပြောလိုက်လျှင် ...

"သြော် ... စိတ်ချ ... တကယ်ကျွေးမှာပါ ... စတုဒီသာ ကျွေးတာပါ ... ဒါပေမဲ့ ခြံထဲမှာ ကျွေးတာဆိုတော့လေ ခင်တဲ့မိတ်ဆွေသူငယ်ချင်းကားတွေ လာမှပဲ ဝင်ပြီးစားဖြစ်ကြတာပေါ့ ... တခြားအပြင်လူတွေ လာစေချင်ပေမဲ့ ခြံထဲဆိုတော့ ဘယ်သူမှ တကူးတက ဝင်မလာရဲဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



နွေသည် ဟန်ဆောင်မှု မရှိသော သူတို့အုပ်စုကြီးကို ဦးဆောင်ပြီး ခြံထဲ ခေါ်လာသည်။

မနေ့က ခင်ပြီး ဖိတ်သာ ဖိတ်ရတာယ်။

အခုပဲ သိကျွမ်းပြီး အခုပဲ မုန့်လာစားရမှာ လာရဲကြပါ့မလားလို့ တွေးတော့ တွေးမိတာနဲ့ သိပ်ပြီးမျှော်လင့်မထားခဲ့ပါဘူး။

သူတို့က ရင်းရင်းနှီးနှီးပဲ ကိုယ်ဖိတ်ထားတာကို လာကြတဲ့အတွက် အခုတော့လည်း ဝမ်းသာရပြန်သည်။

နွေက အပေါင်းအသင်း များလှပြီး ခင်လွယ်မင်လွယ်သော မိန်းကလေးတစ်ယောက်ပဲ ဖြစ်လေသည်။

"ဒီမှာ မြန်မာထမင်းဝိုင်းတွေပဲ ခင်းထားတယ်နော် ... ခြံထဲမှာမို့ ပလတ်စတစ်ဖျာလေးတွေ ခင်းပြီး ထမင်းဝိုင်းနဲ့ ထိုင်စားရမှာ ... ထိုင်လို့ ဖြစ်ပါ့မလား။ ဘောင်းဘီတွေ စကတ်တွေနဲ့ဆိုတော့ ထိုင်ရခက်မယ် ထင်တယ်"

"ဟာ ... ရပါတယ် ... ထိုင်တတ်ပါတယ်"

"အစကတော့ ရွှေရင်အေး လုပ်မလို့ပဲ။ နောက်တော့-လူတွေက ရေပက်ခံလာကြပြီး ချမ်းကချမ်းနဲ့။ ရွှေရင်အေးကျွေးလို့ မဖြစ်သေးပါဘူးလို့ မေမေနဲ့ တိုင်ပင်ပြီး ကြာဆံဟင်းခါးပဲ ပြောင်းလုပ်လိုက်တယ်"





"ကောင်းပါတယ် ... ဘာပဲဖြစ်ဖြစ် ဗိုက်ဆာနေရင် စားလို့ကောင်းမှာပါပဲ"

"မနေ့က မုန့်လုံးရေပေါ်လေ ... ဒီနေ့ ကြာဆံဟင်းခါး ... မနက်ဖြန်ကျတော့ မေမေက ဒီနှစ်မှ ထူးထူးဆန်းဆန်း စိတ်ကူးရပြီး ကောက်ညှင်းပေါင်းပူပူလေးနဲ့ ခြံထဲမှာပဲ ဗူးသီးကြော် လုပ်မယ်တဲ့ ... နှစ်တိုင်း တစ်ခါမှ မလုပ်ဖူးဘူး ... ဒီနှစ်မှ အဲဒါလုပ်ဖို့ စိတ်ကူးတာနဲ့ ... ဒီမှာလေ မနက်ဖြန်အတွက် ဗူးသီးတွေ ဝယ်ထားကြတာ"

နွေက ဧည့်သည်တွေကို ဧည့်ခံပေးရှာသာ။ နွေတို့ခြံထဲမှာပင် မီးဖိုကာ ကြာဆံဟင်းခါးအိုးကြီးကို အကြီးကြီးတည်ထားတာ ဖြစ်သည်။

ချက်ပြုတ်ပြင်ဆင် ပန်းကန်ဆေးကြသူတွေက နွေ့အိမ်က အလုပ်သမားတွေနဲ့ပင် ပြီးစီးမြိုင်ဆိုင်နေသည်။

နွေတို့ခြံက မကျဉ်းမကျယ်ဖြစ်ပြီး သင်္ကြန်ရောက်တိုင်း ကျွေးမွေးဧည့်ခံဖို့အတွက် ဒီကွက်လပ်လေး တစ်ခုကိုတော့ ရှင်းလင်းထားပြီး သစ်ပင်ကြီး အရိပ်သာ ထားလေသည်။ ကျန်တဲ့ တစ်ခြံလုံးမှာတော့ ပန်းပင်မျိုးစုံနဲ့ လှပဝေဆာနေသည်။

နွေ့သူငယ်ချင်းတွေ ရေပက်ရတာမောပြီး ခြံထဲ တစ်ခေါက်ဝင်လာပြီး စားသောက်ကြတော့မှ ကောင်လေးတို့အုပ်



www.burmeseclassic.com

www.burmeseclassic.com

နဲ့ မိတ်ဆက်ပေးကြ၊ အားလုံးရင်းနှီးစွာ စကားပြော နှုတ်ဆက်ကြ နှင့် လှုငယ်တွေချည်းမို့ ခင်မင်ရင်းနှီးမှုက လွယ်ကူလှပါသည်

နွေသည် ဒီနေ့တော့ အပြာပြင် အပြာရင့်ရော အစင်းများပါသော ရှပ်လက်ရှည်နှင့် ဂျင်းန်ပင်န် ကောင်းကင်ပြာ ရောင် ဝတ်ဆင်ထားသည်။ ဂျင်းန်ပင်န်မှာ နွေတို့ဆိုင်၏ ဒီဇိုင်း အသစ်ဖြစ်သော ချုပ်ရိုးတွင် အနီရင့်ရောင် ချုပ်ရိုးများဖြစ်နေသည် ဒီဇိုင်းဖြစ်သည်။

နွေက အဲဒီ ဒီဇိုင်းပါသော ဂျင်းန်ကို ဝတ်တိုင်း မဆီမဆိုင် ကောင်လေးကို သွားသွားသတိရနေသေးသည်။

အင်း ... သကြ်နပြီးရင်တော့ သူ ဆိုင်ကို လာဝယ် ဦးမှာပဲ ထင်တယ်။

အဲဒီကျမှ ပြန်တွေ့ကြရင် သူတော့ ပိုအံ့သြတော့ မယ်နော်။ သူ့ကြည့်ရတာ နွေ့ကို သိပ်ပြီး မှတ်မိပုံလည်း မ ဘူး။

အချစ် ဆိုတာကို ဘယ်လိုနားလည်ရမှန်း မသိသေး သော၊ အချစ်ကို မခံစားဖူးသေးသော နွေဟာ ခဏတဖြုတ်သေ သိကျွမ်းခင်မင်ခွင့်ရသော လူတစ်ယောက်အား အကြောင်းတို ဆိုင်ရင် ဖျတ်ခနဲ သတိရတတ်တာကို အရေးလုပ်ပြီး ကိုယ့်ကို ကိုယ် သံသယဖြစ်ဖို့ စိတ်မဝင်စားပေ။





"မနွေဦးရာသီက ဘယ်ကျောင်းကလဲ"

"တို့ကို နွေလို့ ခေါ်ရင် ရတယ်နော် ... တို့သူငယ်ချင်း တွေလည်း နွေလို့ပဲခေါ်တယ် ... တို့ကတော့ သူ့နာမည် က ကောင်လေး ဖြစ်နေတော့ ဘယ်လိုခေါ်ရမလဲ စဉ်းစား နေတာ"

"ကောင်လေးလို့ပဲ ခေါ်ပါ ... ရပါတယ် ... ကျွန်တော်လည်း နွေလို့ပဲ ခေါ်ပါ့မယ်"

"ဟုတ်ပြီ ..."

"ကျွန်တော်က တီတီစီက ဆယ်တန်းအောင်တာပါ ... အခု ကွန်ပျူတာဆိုင်းယင့်စ် စက္ကူင်းရိုးယားပါ"

"နွေက ဗိုလ်တထောင်(၅)က အောင်တာပါ ... အဝေးသင် ပဲ တက်နေတယ် ... မက်စ်နဲ့လေ ... အားနေတဲ့အချိန်တွေ ကတော့ ဒီလိုပဲပေါ့ ... ဟိုသင်တန်းတက် ဒီသင်တန်းတက် မေမေနဲ့ကူပေါ့"

"ကောင်းပါတယ် ... သင်တန်းတွေ တက်ထားတော့လည်း တစ်ချိန်ချိန်မှာ အသုံးတည့်မှာပါ"

"လူလေးကရော ဘယ်နှတန်းလဲ"

"ကျွန်တော်က ဆယ်တန်းဖြေထားတယ် အစ်မ ... ဟဲဟဲ ... သကြ်နရက်မှာ ပျော်တုန်း ပါးတုန်း စာမေးပွဲ ဖြေထားတဲ့ အကြောင်း မတွေးချင်ဘူးဗျာ ... လန့်တယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က အဲဒီလိုပဲ ... ပြောမရဘူး ... ဖေဖေနဲ့ဆို အမြဲပြဿနာတက်တယ်"

"ကိုကြီးက ဖေဖေ့သားလေ ... ကျွန်တော်က မေမေ့သား အစ်မရဲ့"

"နွေလည်း လမ်းကြုံရင် ဝင်လာလည်ပါလို့ ဖိတ်ပါတယ်။ ကျွန်တော်တို့က ဦးထွန်းမြတ်လမ်း၊ ခြံအမှတ်(--)မှာ နေပါတယ်"

"ဟယ် ... ဟင်းခါးတောင် ကုန်ပြီ ... ထပ်ထည့်ပါဦး လား"

"ဟာ ... ရပြီ ... တော်ပါပြီ ... ကျွန်တော်က ချမ်းနေလို့သာ ပူတာစပ်တာကို စားဖြစ်တာ ... သိပ်မကြိုက်ဘူး ခင်ဗျ ...

အဟဲ ... စိတ်မရှိနဲ့နော် ... ကျွေးရတဲ့လူကို စိတ်ပျက်အောင် မကြိုက်ဘူး ပြောမိပြီ။ မကြိုက်ဘူးဆိုတာ တကူးတကတော့ မစားပါဘူး၊ ကြုံရင် ကျွေးတဲ့လူရှိရင်တော့ စားလိုက်ပါတယ် ... စားလို့ဖြစ်ပါတယ်လို့ ပြောတာနော်"

"ဩော် ... ရပါတယ် ... စိတ်ထဲရှိတာ ပြောတာပဲ နွေက စိတ်မဆိုးပါဘူး"





နွေနဲ့ ကောင်လေးတို့တတွေဟာ အချိန်တိုတွင်းမှာ ခင်မင်ရင်းနှီးသွားခဲ့ကြလေသည်။

တကယ့်တကယ် စကားပြောကြည့်တော့မှ ကောင်လေးဟာ စကားပြော ရည်မွန်လှပြီး ယဉ်ကျေးသော လူငယ်လေးတစ်ယောက်ဆိုတာ နွေ အလွယ်တကူ သိလာလို့ ရသွားသည်။

"စားလို့လည်း ဝသွားပြီမို့ ပြန်ကြရအောင်"

"ကျေးဇူးပဲ နွေရေ"

"နွေလည်း တို့အားလုံးကို ဧည့်ခံရတာ ပင်ပန်းနေပြီ ထင်တယ်"

အားလုံးက ပြန်ကာနီး နှုတ်ဆက်ပြီးမှ ကောင်လေးတစ်ယောက်သာ နွေ့အနား ရပ်လျက် တိုးတိုးလေးဖြင့် ...

"နွေ ... ကျွန်တော့်ကို ရေတစ်ခွက်လောက် ပေးနိုင်မလား"

ဟု မေးပါသည်။

"ဘာလဲ ... သောက်ရေလား"

"မဟုတ်ပါဘူး ... ဖလားနဲ့ ရေတစ်ခွက်ပါ ... နွေ့ကို ခင်မင်တဲ့အနေနဲ့ ရေလောင်းချင်လို့ပါ ... ခွင့်ပြုတယ် မဟုတ်လား"

"ဩော် ... ဒါလား ... တို့ ရေစိုပြီးသားပဲ"

"ရေစိုပေမဲ့လည်း သင်္ကြန်ဆိုတော့ ရေလောင်းချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com


"ရပါတယ် ... ဒါဆို နွေကလည်း ပြန်လောင်းမယ် နော်"

"အဟဲ ... ကျွန်တော်လည်း ရေစိုပြီးသားပဲ နွေရဲ့။ ပြီးတော့ နွေတို့မကျော်ကပက်တဲ့ ရေပိုက်နဲ့ ရေပက်ခံပြီးပြီ မဟုတ်လား"

"ကောင်လေးရယ် ... ရှင့်လိုပဲပေါ့ ... ခင်မင်မှုအနေနဲ့ သတ်သတ်မှတ်မှတ် ရေလောင်းချင်တာလေ"

"ဟုတ်ပြီ ... ဒါဆို ကျွန်တော် ရေတစ်ခွက် ဘယ်ကရနိုင်မလဲ"

"ခဏစောင့် ... နွေ သွားယူလာခဲ့မယ်"

ကောင်လေးသည် သူငယ်ချင်းတွေကို လက်ကာပြပြီး သူ့ကို စောင့်ခိုင်းထားလိုက်သည်။

နွေက ပလတ်စတစ်ပုံး အရွယ်တော်ကလေးကို သယ်ကာ ခြံဘေးမှ ပြန်ထွက်လာသည်။ ရေထည့်ထားသော ရေပုံးထဲမှာ အဝါရောင် ပလတ်စတစ်ဖလားလေး ပါသည်။

နွေက မြေပြင်ပေါ် ချလိုက်တော့ ကောင်လေးက ရေခွက်ဖြင့် ရေခပ်လိုက်ရင်း ...

"ကဲ ... နွေရေ ... နွေ့အိမ်ကရေနဲ့ လောင်းပေမဲ့ ကျွန်တော် လောင်းတဲ့အတွက် ကျွန်တော့်ရေပေါ့"

ဟု ပြောကာ နွေ့ ပခုံးပေါ်မှတစ်ဆင့် ရေကို ဖြည်းဖြည်းလောင်းလိုက်၏။

ကောင်လေးတို့ တစ်အုပ်စုလုံးက နွေတို့ကို မျက်တောင်မခတ်ဘဲ ငေးကြည့် ... အချင်းချင်း တီးတိုးဝေဖန်။

နွေ့ အလှည့်မှာလည်း နွေက ကောင်လေးပခုံးပေါ်တစ်ဆင့် ရေကို လောင်းချလျှင် ကောင်လေးက နွေ့ကိုမိစေရန် ခေါင်းအသာ နှိမ့်ပေးသည်။

နွေတို့ အချင်းချင်း အပြန်အလှန် ရေလောင်းပြီးကြလျှင် ဘာရယ်မဟုတ် တစ်ယောက်ကိုတစ်ယောက် ပြုံးပြလိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြတ်နေ့ ညနေပိုင်းမှာ ကောင်လေးတို့အုပ်စု နွေတို့ဘက် ရောက်မလာခဲ့ပါ။

ထို့အတူ နွေလည်း မဏ္ဍပ်မှာ အချိန်ပြည့် မရှိခဲ့ပါ။

ညနေဘက်မှာ နွေ့အစ်ကိုကြီး မိသားစုနှင့် ရေပက်ခံထွက်ချင်၍ အတူလိုက်သွားခဲ့ပါသည်။

နွေ ပြန်ရောက်လာတော့ နွေ့သူငယ်ချင်းတွေက သတင်းပေးခဲ့သည်။

"နွေရေ ... ကောင်လေးတို့လည်း ရောက်မလာဘူး သိလား"

"အေးပေါ့ ... အမြဲတမ်းကြီး ဒီဘက်တော့ ဘယ်ရောက်ပါ့မလဲ"

"မသိပါဘူး ... နွေက နွေ မဏ္ဍပ်မှာ မရှိတဲ့အကြောင်းများ ပြောထားခဲ့လို့လားလို့"

"ဘာလို့ ပြောရမှာလဲဟယ်"





"နွေတို့က အရမ်းလိုက်တာပဲ ... မနက်က တစ်ယောက်နဲ့ တစ်ယောက် ရေလောင်းနေကြတာလေ ... ဗီဒီယိုရိုက်တာ ကျနေတာပဲ သိလား"

"ရိုးရိုးပါဟယ် ... ငါလည်း သူ့ကိုခင်ရုံပဲ ခင်တယ်၊ သူလည်း ငါ့ကို ခင်တာပဲ ဖြစ်မယ်ဆိုတာ ငါ သိကိုသိတယ် ...

သူ့မှာ ပိုက်ဆံအိတ်ထဲတောင် ထည့်ပြီး အမြဲကိုယ်နဲ့ မကွာထားတဲ့ ဓာတ်ပုံရှင် ကောင်မလေး ရှိပြီးသားပဲ ...

သူ့ကြည့်ရတာ သစ္စာရှိပြီး တည်ကြည်တဲ့ ယောကျ်ား တစ်ယောက်ပါ ...

သူ့ချစ်သူကလွဲရင် ဘယ်တခြားမိန်းကလေးကို ထပ်ပြီး စိတ်ဝင်စားပါ့မလဲ"

"အေးပါ ... ငါတို့ကလည်း သိပါတယ် ... ဒါပေမဲ့ မနက်က မြင်ကွင်းလေးမှာ နင်တို့က အရမ်းကြည့်ကောင်းတာပဲလို့ ပြောတာလေ"

သင်္ကြန်အကြတ်နေ့ကလေးဟာ လျင်မြန်စွာပဲ ပြီးစီးသွားခဲ့သည်။

မနက်ဖြန်ဟာ အတက်နေ့ သင်္ကြန်နောက်ဆုံးနေ့မို့ နွေတို့ ဒီထက်မက အချိန်ပိုယူပြီး မဏ္ဍပ်မှာ ရေပက်ကြရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ရေခဲရေ၊ ရေမွှေးတွေထည့်ပြီး ပက်မှာ ညကတည်းက ပြင်ဆင်ထားရသေးသည်။

သူငယ်ချင်းတွေက ညရောက်မှ သူတို့မှာရှိသော ရေမွှေးတွေ လာပေးနေသဖြင့် နွေ ဒိုင်ခံပြီး လက်ခံနေရတာ အလုပ်ရှုပ်နေသည်။

သင်္ကြန်ရက်တွေကတော့ နွေ့အတွက် အလုပ်ရှုပ် ဆုံး ရက်တွေပဲ ဖြစ်လေသည်။

နွေ့သူငယ်ချင်းတွေ ဝင်လိုက်၊ ထွက်လိုက်၊ ဖုန်းဆ ဆက်လိုက်နဲ့မို့ နွေ အိပ်ရာဝင်တောင် နောက်ကျရလေသည်။





## ၃

အကြတ်နေ့ မနက်ကျတော့ သူငယ်ချင်းတွေ အစော ကြီးပဲ ရောက်ချလာသည်။

ရေပိုက်တွေနဲ့တင်မက ဖလားတွေနဲ့ပါ ရေပက်ကြ မည်ဟု စီစဉ်ထားလေရာ ရေတိုင်ကီကြီးတွေ သယ်မထုတ်ပြီး၊ ရေခဲတုံးတွေထည့် ရေမွှေးတွေထည့်၊ ရေဖြည့်နှင့် နွေ့သူငယ်ချင်း ယောကျ်ားလေးတွေ တက်ညီလက်ညီပင် ကြိုးစားနေကြသည်။

"အိမ်မှာ အမေခိုင်းရင်တောင် ရေဆွဲမဲ့ကောင် မဟုတ် ဘူးနော် ... နင်တို့ ကဲချင်တာနဲ့ ငါတို့က လုပ်ပေးရတာ"

"ဗိုက်ဆာရင် ကောက်ညှင်းပေါင်း အဆင်သင့် ဗူးသီးကြော် အဆင်သင့်ပဲ ..."



www.burmeseclassic.com

www.burmeseclassic.com

နှမ်းထောင်းလေးနဲ့ ကောင်းမှကောင်း"

"မိမိက ဘာအလုပ်မှ မလုပ်ရသေးဘူး ကောက်ညှင်းပေါင်း ကျက်တာနဲ့ သူ့အရင်သွားစားနေပြီဟေ့"

မိမိက သူမဘာသာ ပန်းကန်ပြား တစ်ချပ်ထဲ ကောက်ညှင်းပေါင်းနှင့် ဘူးသီးကြော်တွေကိုတော့ ညှပ်ထည့်လာကာ သူမလည်း စားသလို အလုပ်လုပ်နေသော သူငယ်ချင်းတွေကိုလည်း ဇွန်းဖြင့် လိုက်ခွံ့ပါသည်။ နွေတို့အုပ်စုက ငယ်ပေါင်းတွေမို့ သူများအုပ်စုတွေထက် ရင်းနှီးကာ ပိုပြီး စည်းလုံးကြလေသည်။

ပြီးတော့ အစအနောက်ကလည်း သန်လှပြီး စိတ်ဆိုးစိတ်ကောက်လည်း ခဏသာ။ ပြန်ချော့လို့ စိတ်ပြေရတာတွေ ရှိသလို ပြန်မချော့လည်း အလိုလို စိတ်ပြေသွားကြတာချည်းပဲ ဖြစ်သည်။ နောက် ဘယ်သူမှလည်း အမှတ်အတေး မထားတတ်ကြသူတွေပဲ ဖြစ်လေသည်။

ဒီနေ့ကျတော့ ရေပက်ခံကားတွေလည်း ခပ်စောစောပင် ရောက်လာကြသည်။

တော်တော်လေး နေမြင့်လာတော့ နွေက ကောင်းလေးတို့ကားကို မျှော်နေမိသည်။





သေသေချာချာ မှာထားပါတယ်။ ဒါပေမဲ့ လာတာ မလာတာက သူ့အလုပ်လေ။

နွေကတော့ ခင့်တတ်သူမို့ ကိုယ့်ဆီ လာရေပက်ခံ နေ့ကျ သူတို့ကားကို မျှော်ရပါသည်။

မနက်ပိုင်းသာ ပြီးသွားသည်။ သူတို့ ရောက်မလာခဲ့ပါ။

"ကောင်လေးတို့ မလာကြဘူးနော်"

သူငယ်ချင်း တစ်ယောက်က သတိရပြီး မေးသည်။ ...း:ကလေးတွေသာ စိတ်ဝင်စားသော အကြောင်းအရာမို့ ယောကျ်ား...သ:တွေကတော့ သိပ်စိတ်မဝင်စားလှပေ။

"ဟဲ့ ... နွေ ... သူ ဘာလို့ ဒီဘက်မလာတာလဲ သိလား"

"မသိဘူးလေ ... သူလည်း ဘာမှပြောမသွားပါဘူး ... ဒီဘက် မရောက်လို့ ဖြစ်မှာပေါ့"

"နင် မှာလိုက်တယ်ဆို"

နွေသည် သူငယ်ချင်းတွေကို တော်တော်များများ ...ပြောပြထားသည်ဖြစ်ရာ သူတို့က နွေ သူ့ကိုဝင်လာဖို့ မှာလိုက် ...တာကို သိထားလေသည်။

"မှာတယ် ဆိုတာက ငါတို့အိမ်မှာ ကောက်ညှင်းပေါင်း လုပ်မယ် ... လမ်းကြုံရင် ဝင်ခဲ့လို့ ပြောတာပါ၊ နင်တို့က



www.burmeseclassic.com

www.burmeseclassic.com



လည်းနော် ... ငါ့ကို အမြဲပုတ်ခတ်ပြီး ပြောတယ် ... င
တို့က ခင်မင်ရင်းနှီးသွားတာပါဟယ်၊ ငါက မှာရတာတ
သူက တကူးတက ဝင်လာရတာတို့ ဆိုတာမျိုး မရှိပ
ဘူး"

"အေးပါ ... အေးပါ ... မပြောတော့ပါဘူး"

"ဒါပေမဲ့ ပြောတော့ ပြောရဦးမယ် ... တွေးကြည့်စ
ဟယ် ... ဒီမဏ္ဍပ်ဘက်ကို အမြဲရောက်နေတဲ့လူက မ
က ညနေကလည်း ရောက်မလာဘူး၊ ဒီနေ့လည်း ရော
မလာဘူးဆိုတာ ဘာများ ဖြစ်နိုင်မလဲလို့"

"ဘာဖြစ်မှာလဲ"

"ကားအက်ဆီးဒင့်များ ဖြစ်သလား ... ဒါမှမဟုတ်
ဖြစ်လို့ ကွဲပြဲနေသလား ... ဒါမှမဟုတ် လူပဲ အက်ဆီးဒ
ဖြစ်သလားပေါ့ ... ကားပေါ်က ပြုတ်ကျတာတို့ ဘာ
ပေါ့"

"အေးလေ ... အဲဒါလည်း ဖြစ်နိုင်တာပဲ"

"နင်တို့ ဖုန်းနံပါတ်တွေ ဘာတွေ အပြန်အလှန် မ
ဖြစ်ကြဘူးလား နွေ"

"မပေးပါဘူး"

"ဒါဆို သူ့အကြောင်း ဘာမှမသိနိုင်တော့ဘူးပေါ့"





"မသိရလည်း ဘာမှ မဖြစ်ပါဘူး ... ဒါပေမဲ့ နင်တို့ပြောပြတဲ့ အက်ဆီးဒင့်တွေကြားပြီး ခင်မင်တဲ့ လူတစ်ယောက်အနေနဲ့ နည်းနည်းတော့ စိတ်ပူသွားတယ်"

"ညနေပိုင်း စောင့်ကြည့်ဦးပေါ့"

ညနေတစ်ပိုင်း ရေပက်ဖို့ ပြန်စတင်နေစဉ်မှာပင် ကောင်လေးတို့ကားက မဏ္ဍပ်ရှေ့ ထိုးရပ်လာသည်။

ရေပိုက်တွေပင် ရေမဖွင့်သေး၍ မဏ္ဍပ်မှာ လူရှင်းနေပြီး နွေနဲ့ သူငယ်ချင်း တချို့သာ မဏ္ဍပ်ထဲမှာထိုင်ပြီး စကားပြောနေကြစဉ်မှာ သူတို့ရောက်လာတာ ဖြစ်သည်။

"နွေ ... ကျွန်တော် ခဏဝင်လာလို့ ရမလား"

ကောင်လေးက ကားခေါင်းခန်းမှာ ဝင်ထိုင်နေတာ ဖြစ်သည်။

သူက ကားတံခါးကိုဖွင့်၍ ဆင်းရင်း နွေ့ကိုမော့ကြည့်ရင်း ခွင့်တောင်းလေသည်။

"ဩော် ... ရတယ် ... လာလေ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး ... ပေးစရာရှိလို့ပါ"

ကောင်လေးက ကားခေါင်းခန်းထဲမှ တစ်စုံတစ်ခုကို ထုတ်ယူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေက ခြံတံခါးဝမှာ သွားရပ်စောင့်နေလိုက်၏။ သူ ဝင်လာတော့ လက်ထဲမှာ ငါးဆင့်ချိုင့်ကြီးနှင့် ဖြစ်နေသည်။

"ဘာတွေလဲ"

"အုန်းနို့ခေါက်ဆွဲပါ"

"ဟယ် ... တကူးတကကြီး သယ်လာရတယ်လို့"

"ကျွန်တော့် အဒေါ်အိမ်မှာ ချက်တာ သွားစားကြတယ်လေ။ အဲဒါ ညီတော်မောင်က ကျွန်တော် ပိုက်ဆံအိတ်ကျပျောက်တာတွေရော ... နွေ ပြန်ပေးတာတွေရော လျှောက်ပြောတော့ အန်တီလေး သိသွားပြီး လူကြီးပီပီ ဆူတာပေါ့ ...

နွေ့ကိုလည်း ကျေးဇူးတင်တယ်ဆိုပြီး အိမ်က အုန်းနို့ခေါက်ဆွဲတွေ ထည့်ပေးလိုက်တာ ... နွေ့ကို အတင်းသွားပေးခိုင်းတယ်၊ အဟဲ ... ကျွန်တော်လည်း ပေးချင်ပါတယ် ... အိမ်မှာ သကြင်္န်တွင်း ဖေဖေနဲ့မေမေ မရှိတော့ ညီအစ်ကိုနှစ်ကောင် ဖြစ်သလို စားနေကြတာနဲ့ ဘာမှ ချက်မလာနိုင်ဘူး ဆိုတော့ အဒေါ်အိမ်ကပဲ သယ်လာတာ"

"အော် ... ကောင်လေးရယ် ... ရပါတယ် ... နွေက ကြုံလို့ ကူညီရတာပဲ"

"အိမ်ထဲ ဝင်မထိုင်တော့ဘူး၊ ခြံထဲမှာပဲ နေမယ်နော်၊ ရေတွေ စိုနေတော့ ညစ်ပတ်လိမ့်မယ်"





"နွေလည်း အိမ်ထဲ ဝင်လှယ်ဖြစ်မှာ မဟုတ်ပါဘူး ... ခြံထဲက တစ်ယောက်ယောက်ကို လှယ်ခိုင်းလိုက်မယ်"

"နွေတို့ အုန်းနို့ခေါက်ဆွဲ ကြိုက်ရဲ့လား"

"ဟာ ... ကြိုက်တာပေါ့ ... နွေက မုန့်ဟင်းခါးတောင် သိပ်မကြိုက်ဘူး ... အုန်းနို့ခေါက်ဆွဲသမားလေ ... အတော်ပဲ ... ရေပက်နေရင်း ဆာရင် အိမ်မှာ ဝင်စားရမယ်"

"ခေါက်ဆွဲပေးချင်လို့ စောစောထွက်လာတာ ရေပက်မခံရတော့ဘူး"

"တစ်ခေါက်ပြန်လှည့်ဝင်လာလေ ... ကောက်ညှင်းပေါင်းနဲ့ ဗူးသီးကြော်က တစ်နေကုန် ရမယ်"

"သေသေချာချာတော့ ကတိမပေးနိုင်ဘူး၊ ကြုံရင်တော့ ထပ်ဝင်လာမယ်၊ ဒီနေ့ နောက်ဆုံးနေ့ဆိုတော့ ကားတွေက ပိုများပြီး ပိုကျပ်နေတော့ အလွယ်တကူ သွားရဖို့ ခက်လိမ့်မယ် ... အဲဒါကြောင့် သိပ်နောက်ကျသွားရင် ဝင်ဖြစ်မှာ မဟုတ်ဘူး"

"ရပါတယ် ... အခု စားသွားပါလား"

"မစားနိုင်ဘူး နွေရဲ့ ... အန်တီ့အိမ်က ခုလေးတင်စားပြီး ထွက်လာတာလေ"



www.burmeseclassic.com

www.burmeseclassic.com

နွေ့အိမ်က လူတွေ ခေါက်ဆွဲချိုင့်ကို လှယ်ခြင်း၊ ရေဆေးပြီး ရေစင်အောင် သုတ်လာခြင်းတွေ ပြီးမှ ချိုင့်ကို ကောင်လေးထံ ပြန်လာပေးပါသည်။

"နွေတို့ မဏ္ဍာပ်လည်း စောစော ရေပက်ကြမယ် ထင်တယ် နော်"

"ဟုတ်တယ် ... စောစောပဲ စကြမယ် ... ရေခဲရေတွေ ရေမွှေးတွေ စိမ်ထားတာလေ ... တိုင်ကီကို တမင်ချပြီး ခွက်နဲ့ပက်မဲ့လူလည်း ရှိကြတယ်"

"ပျော်စရာကြီးနော်"

"ကောင်လေး စိတ်ဝင်စားရင် ရေလာပက်ဖို့ ဖိတ်ခေါ်ကယ် နော်"

"ရေပက်ရတာလည်း ဝါသနာပါပါတယ် ... ဒါပေမဲ့ အခုနှစ်တော့ သူငယ်ချင်းတွေနဲ့ လည်မယ် ပြောထားပြီးလို့ သူတို့နဲ့ ရက်အကုန်လည်ရမယ် ... နောက်နှစ်ကျမှ နွေ့ မဏ္ဍာပ်မှာ လာကစားမယ်"

"အမယ်လေး ... အဝေးကြီးပဲ လိုသေးတာ နောက်နှစ်တဲ့ – ကောင်လေးက တကယ်ပဲ ပြောတတ်တယ် ... ဒီလောက် အချိန်ခြားပြီး မှာရသလား"





"သြော် ... တစ်နှစ်ဆိုတာ မဝေးပါဘူး ... ဘာမှလဲ မကြာပါဘူးဗျာ ... ဒီလိုပဲ ပြီးသွားတာပဲ ... ဒီလိုပဲ ကုန်သွားတာပဲ နွေရဲ့"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ဒါဆို အဲဒီခဏလေး ကုန်သွားတဲ့ တစ်နှစ်ကြာမှပဲ နွေတို့ဆီမှာ ရှင်ရေလာကစားပေါ့ ကောင်လေးရေ"

"ကဲ ... သွားလိုက်ဦးမယ် နွေ။ နောက်မှ ဆုံကြတာပေါ့"

"ဟော့ ... နေဦး ... သင်္ကြန်နောက်ဆုံးနေ့မို့ ရှင့်ကို အေးစိမ့်သွားအောင် လုပ်ကြဲလိုက်ဦးမယ်"

နွေသည် တိုင်ကီထဲမှာရှိသော ရေခဲစိမ်ထားမြီးသည့် ရေကိုပင် ဖလားဖြင့်ခပ်ကာ ကောင်လေးကိုယ်ပေါ်ကို လောင်းချလိုက်ပါသည်။

"အား ... အေးလိုက်တာ ... သေအောင်အေးတာပါလား နွေရာ"

"ဟဲ ဟဲ ... မနက်တည်းက စိမ်ထားတာလေ ... မအေးပဲ ဘယ်နေပါ့မလဲ"

"နွေ့ကိုလည်း ပြန်လောင်းရမယ်"

"ဟယ် ... ဒုက္ခပါပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အလှည့်ကျမှ မကြောက်နဲ့လေ နွေရဲ့။ လောင်းမယ်နော်"

ကောင်လေးက ပြောပြောဆိုဆို ရေတွေခပ်ကာ ပြန်လောင်းပါသည်။

"သွားပြီ နွေ ...။ နောက်မှ ဆုံကြတာပေါ့"

"ကောင်းပါပြီရှင်"

ကောင်လေးက လက်ပြနှုတ်ဆက်သွားခဲ့လေသည်။





သ

နောက်တစ်နေ့မနက် မိုးလင်းတော့ နွေဟာ အိပ်ရာ ...နီးနီးချင်း သင်္ကြန်ကိုလွမ်းသော မျက်လုံးများဖြင့် ပတ်ဝန်းကျင် ... ငေးမောကြည့်ရှုနေမိပါသည်။

တစ်နှစ်တော့ ပြီးသွားပြန်ပြီ။ ပျော်ခဲ့ မောခဲ့ရတာ ...တွလည်း ပြီးသွားခဲ့ပြန်ပြီ။

နွေ့အတွက် ဒီသင်္ကြန်မှာ ဘာများ အမှတ်တရ ...ဆိုက်သလဲ။

ကောင်လေး ...။

အဲဒီ အမည်နာမ တစ်ခုဟာ နွေ့ ခေါင်းထဲ ဖျတ် ...ခဲ ပေါ်လာကာ နွေ့အာရုံတွေက အသံတိတ် ရေစွတ်လိုက်သံကို ...စွင့်နေမိပြန်သည်။

နွေသည် သင်္ကြန်ကို နှစ်သက်သူပီပီ ကုန်ဆုံးသွား ...သာ သင်္ကြန်ရက်တွေကိုပင် ပြန်လွမ်းနေကာ ခြံထဲဆင်းပြီး ...ကျန်ရသေးသော မဏ္ဍပ်ကို ငေးလိုငေး။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်သွေ့စ ပြုနေသော အုန်းလက်တွေကို ကြည့်ကာ ...။

နွေနေအပူရောင်ကြောင့် တလျှပ်လျှပ်ထနေသော ကတ္တ... လမ်းမကျယ်ကြီးကို ငေးမောကာ ...။

ရှင်းလင်းငြိမ်သက်လွန်းနေသလို ထင်ရသော ပ... ဝန်းကျင်တစ်ခုလုံးကို စိတ်ပျက်စွာ ကြည့်ရှုကာ ...။

နွေ တစ်ယောက်တည်း ပျင်းရိနေပြန်သည်။

သင်္ကြန်ရက်တွေမှာ ပျော်ကြ၊ မောကြရတာမို့ ဒီ... နှစ်ဆန်းတစ်ရက် နေ့မျိုးမှာ ဘယ်နေရာမှာပဲဖြစ်ဖြစ် လူသူကျဲ... တိတ်ဆိတ်နေကြမည်ပဲ ထင်သည်။

ကောင်လေးလည်း ခုချိန်ဆို အိပ်နေဆဲ။ အနား... နေဆဲ ထင်ပါရဲ့။

ဘုရားရေ ... ငါ သူ့အကြောင်း တွေးမိပြန်ပါ... ဘာတွေဖြစ်နေသလဲ ... နွေဦးရာသီရေ။

မတော်တဆ ရင်းနှီးခင်မင်ရတဲ့ လူတစ်ယောက်... အဲဒီလောက်ထိ သတိရနေဖို့ မကောင်းဘူးနော်။

နေက တော်တော့်ကို ပူပြင်းလာလေရာ နွေ အိ... ထဲပြန်ဝင်လာခဲ့ရသည်။





အရင်ရက်တွေက အလုပ်ရှုပ်ရသလောက် အခုကျ...တော့လည်း ဘာအလုပ်မှ မရှိဘဲ ဟိုယောင်ယောင် ဒီယောင်ယောင် ဖြစ်နေပြန်သည်။

သူငယ်ချင်းတွေဆီက ဖုန်းကို မျှော်ပေမဲ့ ဘယ် ...ုန်းမှ မလာ။

နွေ ကိုယ်တိုင်ကလည်း စပြီးမဆက်ချင်၍ သူများ ...ုန်းကိုပဲ ထိုင်စောင့်နေချင်မိသည်။

အဲဒီလို ယောင်ချာချာနဲ့ပဲ နွေရက် တစ်ရက်ဟာ ...ုန်ဆုံးသွားခဲ့ရပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးသည် ဒီနေ့ ဖေဖေနဲ့ မေမေ ပြန်လာတော့မည်ဖြစ်ရာ အစောကြီး မထလိုပါဘဲ ထပြီး အိမ်ကိုပြင်ဆင်သန့်ရှင်းနေရသည်။

သူက အစ်ကိုကြီးလည်း ဖြစ်လေရာ မိဘက ဘာဆို သူ့အပေါ်ပဲ တာဝန်ပုံချထားခဲ့သဖြင့် အိမ်ကိစ္စမှန်သမျှ သူ တာဝန်ယူရပါသည်။

ပြီးတော့ ... သူက ကတိ ပေးတည်းတည်ချင်သည်။

"မေမေ စိတ်ချလက်ချ သွားပါ .. မေမေ ပြန်လာတဲ့နေ့ကျရင် အိမ်က သန့်သန့်ရှင်းရှင်း ဖြစ်နေစေရပါမယ် .. ပြီးတော့ သားတို့လည်း လိမ်လိမ္မာမာ နေပါ့မယ်"

မေမေက သွားခါနီး သူ ညီအစ်ကိုနှစ်ယောက်တည်းမို့ စိတ်မချနိုင် ဖြစ်နေလေရာ ကောင်လေးက အစ်ကိုကြီးပီပီ မေမေ စိတ်ချမ်းသာအောင် ကတိပေးခဲ့ပါသည်။





သူ့ဘက်က ပေးထားသော ကတိဟာ သေးသေးပဲဖြစ်ဖြစ်၊ ကြီးကြီးပဲဖြစ်ဖြစ် ဘယ်တော့မဆို ကတိတည်နိုင်အောင် ကြိုးစားတတ်သူမို့ ကောင်လေးသည် သကြံန်တစ်တွင်းလုံး ညစ်ပတ်နေသော ကြမ်းပြင်ကို တိုက်ခြင်း၊ မလျှော်ဘဲ ပုံထားသော အဝတ်တွေကို အခုမှပဲ အဝတ်လျှော်စက်ထဲထည့်ပြီး လျှော်ရခြင်း၊ နှစ်သစ်မို့ ဖေဖေ မေမေတို့ အယူအရ ဘုရားခန်း ဘုရားစင်များ ရေဆေးသန့်ရှင်းပြီး ပန်းအသစ်ကပ်ထားခြင်း၊ အိမ်ရှိလိုက်ကာတွေကို အသစ်လဲခြင်း၊ ဆိုဖာဆက်တီများကို ဖုန်စုပ်စက် အသေးစားလေးဖြင့် ဖုန်စုပ်ရခြင်းများ တစ်မနက်လုံး ဆက်တိုက်လုပ်ရပါသည်။

မေမေတို့က ညနေပိုင်းလောက်မှာ ပြန်ရောက်မှာဖြစ်သည်။

ကားကိုတော့ ဖေဖေ့ကားနဲ့ သွားပေမဲ့ ခရီးဝေးမို့ ဒရိုင်ဘာတစ်ယောက် ခဏငှားကာ မောင်းသွားတာ ဖြစ်သည်။

ညနေပိုင်းလောက် ရောက်အောင်ပြန်ခဲ့မည်ဟု မေမေက မှာသွားလေရာ မနက်ပိုင်းကတည်းက အိမ်ကိစ္စ စ,လုပ်ရလေသည်။

ညနေစောင်းမှပဲ ဖေဖေနဲ့ မေမေ ပြန်ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့သားတွေ ... သကြိန်တွင်း လည်တာ ဘာပြဿနာ ဖြစ်ကြသေးလဲဟေ့"

"ဘာမှ မဖြစ်ပါဘူး မေမေ"

"အံမယ် ... ဖြစ်ပါတယ်"

"ဟဲ့ ... ဘာဖြစ်တာလဲ သားတို့ရယ် ... တစ်ယောက်ကဖုံး တစ်ယောက်က ဖော်နေပါ့လား"

ကောင်လေးသည် အလကားနေရင်း ချောက်ချချင် နေသော ညီတော်မောင်ကို ပြန်၍စိုက်ကြည့်ပြီး ...

"ပြောပါဦး ... ဘာပြဿနာလဲ ... မင်းပြောချင်တဲ့ ပြဿနာ က ဘာလဲ"

ဟု ဟောက်လိုက်ပါသည်။

"ပိုက်ဆံအိတ်ကျပျောက်တာ ပြဿနာလေဗျာ"

"မင်းက ဒါပဲ ဟိုလူ့လိုက်ပြော ဒီလူ့လိုက်ပြောနဲ့ ဘာ ကောင်မှန်းကို မသိဘူး"

"ပိုက်ဆံအိတ်ပျောက်တယ် ဟုတ်လား သားကြီး ... ပြော ပြစမ်းပါဦး"

"ပြန်ရပါတယ် မေမေရာ"

"ဩော်"





"ကောင်မလေး တစ်ယောက်က ကောက်ရပြီး ပြန်ပေးတယ် ဆိုတာပါ ပြောပြလိုက်လေ"

"ဘယ်သူ ပြန်ပေးပေးကွာ ... ပြန်ရရင် ပြီးတာပဲ မဟုတ် လား"

"သားကြီးရယ် ... မင်းက တယ်နမော်နမဲ့ နိုင်တာပဲ"

"မဟုတ်ပါဘူး မေမေရာ ... သား သေသေချာချာ ထည့် ထားတာပါ ... ဘာကြောင့် ပြုတ်ကျမှန်းကို မသိဘူး"

"ရေစက်ပါလို့ ပြုတ်ကျတာလေ"

"ဟာ ... ဒီကောင်"

ကောင်လေးသည် သူ့ကိုဆို အလကားနေရင်း နှေ့နှင့် ယှဉ်တွဲစနောက်ချင်နေသော ညီငယ်ကို အံကြိတ်မာန်ရင်း ညီဖြစ်သူ၏ ဦးခေါင်းနောက်စေ့ကို သူ့လက်ဖြင့် ပုတ်ချလိုက် သည်။ ညီငယ်၏ ခေါင်းက စိုက်ခနဲ ...။

မေမေက သားတွေကို အထူးတလည် မေးမြန်းစစ် ဆေးမနေတော့ဘဲ သူမေးလိုရာကိုသာ ထပ်မေးလိုက်သည်။

"မင်းတို့ အရက်တွေ ဘီယာတွေ သောက်ပြီး မူးနေလို့ ကိုယ့်ပိုက်ဆံအိတ် တစ်ခုလုံး ပြုတ်ကျတာတောင် မသိတာ ပဲလား"


www.burmeseclassic.com

www.burmeseclassic.com

“မဟုတ်ပါဘူး မေမေရာ ... မေမေ မှာထားလို့ မသောက်ပါဘူး ... တကယ်ပါ ... ပြီးတော့ ကားပေါ်မှာ သူငယ်ချင်း မိန်းကလေးတွေလည်း ပါလာတာမို့ မသောက်ကြပါဘူး ...

ရယ်ရတယ် မေမေရဲ့ သိလား။ အရမ်းချမ်းလာရင် သောက်ဖို့ဆိုပြီး ကားခေါင်းခန်းထဲမှာ ဓာတ်ဗူးတွေနဲ့ ကော်ဖီ၊ လက်ဖက်ရည်ပေါ့ ထည့်လာကြတာလေ ...

ကျွန်တော်တို့က အဲဒါတွေသောက်တာမြင်တော့ တခြားကောင်တွေက လူပေါ်တွေဆိုပြီး ဟားတာတောင်ခံရသေးတယ်”

“အေးလေ ... ပြီးတာပဲ ... မေမေက မေမေတို့ မရှိတဲ့အချိန် သောက်စားရင် အထိန်းအကွပ်မဲ့ပြီး ဖြစ်ချင်တိုင်းဖြစ်ကြမှာစိုးလို့ တားတာပါ ...

ပြီးတော့ သား လူလေးက ငယ်သေးတယ် ... အရက်မသောက်သင့်ဘူး ... ဆယ့်ရှစ်၊ ဆယ့်ကိုးလောက်ဖြစ်မှ သောက်တာတော့ အပြစ်မပြောလိုပါဘူး ... ခုခေတ်လူငယ်တွေ စရိုက်ကို နားလည်ပါတယ် ... တားလည်း မတားချင်ဘူး၊ မသောက်တတ်ရင်တော့ ပိုကောင်းတာပေါ့ ...





မဟုတ်ဘူးလား။ ဒါပေမဲ့ သားသမီးဆိုတာ ခွင့်ပြုသင့်တာ ခွင့်ပြုရမယ်လို့ လက်ခံထားတော့ အစစလိုက်မချုပ်ချယ်ချင်ဘူးလေ ...

ချုပ်ချယ်ရင် ပိုပြီး ခိုးလုပ်ချင်လာရင် ပိုပြီး မကောင်းတာတွေ ဖြစ်မှာ စိုးရိမ်တယ်”

သူတို့ညီအစ်ကို ဘာမှ ပြောစရာမရှိဘဲ ငြိမ်ပြီး နားထောင်နေလိုက်သည်။

“ပြန်ပေးတဲ့ ကောင်မလေးကိုရော တစ်ခုခု ပြန်လက်ဆောင်လေး ဘာလေး၊ မုန့်ဖိုးလေး ဖြစ်ဖြစ်ပေါ့ ... ပေးလိုက်ရဲ့လား”

“ဟာ ... ဘယ်သွားပေးလို့ ဖြစ်မလဲ ... စိတ်ဆိုးသွားလိမ့်မယ် ... မေမေက ဘယ်လိုကောင်မလေး ထင်လို့လဲ”

“သိဘူးလေ ... ကောင်မလေး ဆိုတော့ လမ်းဘေးမှာ မုန့်ရောင်းတဲ့ ကောင်မလေး ဘာညာ ထင်နေတာ”

“မဟုတ်ပါဘူး ... ရေပက်မဏ္ဍပ်က ကောင်မလေးပါ။ သူ့ကို အန်တီလေးအိမ်က အုန်းနို့ခေါက်ဆွဲတွေ ပေးလိုက်ပါတယ်”

“ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ဖို့ ကောင်းတယ် ... သေသေချာချာ ကျေးဇူးတင်ပါတယ် ဆိုတဲ့ စကားရော ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား။ မင်းတို့က ရေပက်ခံသာထွက်တယ် တခြားကောင်လေးတွေလို ဟော့ဟော့ရမ်းရမ်း လုပ်တဲ့လူတွေ မဟုတ်တော့ ကိုယ့်ကိုယ်ကိုယ် မိကောင်းဖခင်သားသမီးဝိဝိ နေပြ ပြောပြလိုက်ရဲ့လား"

မေမေက စိတ်ပူပင်သလို သင်ကြားနေတော့ သူတို့ညီအစ်ကို တဟီးဟီး ရယ်ကြပါသည်။

ကိုယ့်သားတွေ လိမ္မာကြမှန်း သိလေလေ မေမေက ပိုပြီး အစိုးရိမ်ကြီးလာလေလေ ဖြစ်နေတော့သည်။

"မေမေ ... သားကို ပိုက်ဆံငါးသောင်းလောက် ပေးပါ။ သား ဂျင်းန် မဝယ်ရသေးဘူး"

"ဟဲ့ ... သင်္ကြန်ပဲပြီးပြီ ... ဝယ်ဦးမလို့လား"

"သင်္ကြန်မို့ ဂျင်းန်ဝယ်တာ မဟုတ်ပါဘူး ... သားမှာရှိတဲ့ ဂျင်းန်တွေ ဟောင်းလာပြီမို့ အသစ်ဒီဇိုင်း လိုချင်လို့ ဝယ်တာပါ ...

ဟိုတစ်လောက သွားဝယ်တာဗျာ ... ဆိုင်ရောက်မှ ပိုက်ဆံအိတ် ဖွင့်ကြည့်တာ ... ဒီကောင် နှိုက်ထားတော့ ပိုက်ဆံမပြည့်တာနဲ့ ရှက်ရှက်နဲ့ ဆိုင်ကိုတောင်းပန်ပြီး ပြန်လစ်လာရတယ်"





"ငါ့မလဲ ... ယောက်ျားလေးတွေ မွေးထားလို့ အဝတ်အစား အလှအပဖိုး သက်သာမလား အောက်မေ့ပါတယ် ... သူတို့ ဂျင်းန်တွေက ဂျက်ခါတစ်ခါ ဝယ်ရင် သူတစ်ပါး မိသားစု တစ်လအသုံးစရိတ်လောက်ကို ရှိတယ် တကယ်"

"ပေးလိုက်ပါကွာ ... သားကြီးက ဖြုန်းတာမှ မဟုတ်တာ။ သူလိုတာလေး ဝယ်တာပဲ ... ပြီးတော့ သားကြီးက ကျောင်း တစ်ဖက်နဲ့တောင် အဖေ့အလုပ်ကို ဝိုင်းကူတာ ... သူ့လုပ်အားခ သဘောထားလိုက်ပါကွာ ... မင့်မလဲ ကြဲဖန်ကတ် စေးနည်းနေပြန်ပြီ"

"ပေးပါတယ်ရှင် ... မငြိုငြင်ပါဘူး ... ကျွန်မက ဒီလိုပဲ ပြောတတ်တာ ရှင်သိသားနဲ့ ဝင် အမှတ်ယူပြန်ပြီ"

"အေး ... ကောင်းပြီ ... သားကြီးရေ ပြီးရင် ဖေဖေ့ဆီ ခဏလာခဲ့ဦး ... မနက်ဖြန် ရုံးဖွင့်ရင် လုပ်ပေးစရာလေး တွေ မှာချင်လို့"

"ဟုတ်ကဲ့ ဖေဖေ"

ကောင်လေးတို့ မိသားစုဟာ တကယ်တော့ သိပ်ပြီးသနာ အရှုပ်အထွေး မရှိလှသော သမားရိုးကျ သာမန်မိသားစုလေးပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍များ ကောင်လေးထံမှာ အသည်းကွဲရတဲ့ ဇာတ်လမ်းဟောင်း တစ်ခုသာ ရှိမနေခဲ့ဘူးဆိုလျှင် ကောင်လေးရဲ့ အချိန်တွေဟာ ဒီ့ထက်ပိုပြီး လွတ်လပ်စွာ ပျော်နေတတ်ခဲ့လိမ့်မှာပဲ ဖြစ်သည်။

အခုတော့ သူ့ရဲ့ စိတ်အာရုံတွေဟာ တစ်ခါတုန်းက မိန်းကလေးတစ်ယောက်ဆီကို နေ့တစ်နေ့ရဲ့ အချိန်တော်တော်များများ ရောက်ရောက်သွားတတ်နေခဲ့လေသည်။










www.burmeseclassic.com

www.burmeseclassic.com









## ၄

အံ့ဩသော မျက်လုံးများနဲ့ ငြိမ်သက်နေသော ကောင်လေးကို နှေက အရင်စပြီး နှုတ်ဆက်လိုက်ရသည်။

"ကောင်လေးပါလား ... ဘာလဲ ... နှေ့ကို မမှတ်မိလို့ သေသေချာချာ ကြည့်နေတာလား"

"ဟာ ... မဟုတ်ဘူး ... ဘာမမှတ်မိစရာရှိလဲ ... မှတ်မိတာပေါ့ ... အံ့ဩနေတာ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် အမှန်အတိုင်းပြောမယ် ... နှေ့ကို စတွေ့တော့ တစ်နေရာရာမှာ မြင်ဖူးတယ်ဆိုပြီး ထင်နေတာ။ မှတ်ဉာဏ်က မကောင်းတော့ ဘယ်မှာ တွေ့ဖူးမှန်းကို စဉ်းစားလို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူး ... အခုမှပဲ ရှင်းတော့တယ် ... ကျွန်တော် သကြ်န် မတိုင်ခင်က နွေ့ဆီမှာ ဂျင်းန် လာဝယ်ဖူးတယ် ... ပိုက်ဆံ မပြည့်လို့ ဝယ်မသွားရဘူးလေ"

"နွေ မှတ်မိပါတယ်"

"အစတည်းက မှတ်မိနေတာလား"

"ဒါပေါ့"

"ဟာဗျာ ... ပြောတာ မဟုတ်ဘူး"

"ဩော် ... ဘာလို့ ပြောရမှာလဲ ... ရှင့်ကို အရှက်ခွဲသလို ဖြစ်နေမှာပေါ့ ... ဆိုင်မှာ ဂျင်းန် လာဝယ်တုန်း ပိုက်ဆံ မပြည့်လို့ လှည့်ပြန်သွားရတဲ့လူမို့ သေသေချာချာ မှတ်မိ နေပါတယ်ဆိုရင် ဘယ်ကောင်းပါ့မလဲ ကောင်လေးရယ်"

"ရပါတယ်ဗျာ ... ကျွန်တော်က အဲဒီတုန်းက ရှက်တော့ ရှက်ပေမဲ့ ကျွန်တော့်ကို မှတ်မိနေတယ် ဆိုရင်လည်း ဘာမှ မဖြစ်ပါဘူး"

"ကဲ ... ဒါဖြင့် အခုလာတာက ဂျင်းန် လာဝယ်တာပဲလား"

"ဟုတ်တယ် ... မဝယ်ဖြစ်လိုက်တဲ့ ဂျင်းန်ကို လာဝယ်တာ လေ"

"ဩော် ... နွေက အဲဒီတုန်းက သကြ်န်မှာဝတ်ဖို့ လာဝယ် တာထင်လို့"





"အင်း ... အဲဒီသဘောလည်း ပါတာပေါ့ ... ဒါပေမဲ့ မဝယ်ရ မနေနိုင်လောက်အောင် ဖြစ်နေတာတော့ မဟုတ် ပါဘူး ...

ကျွန်တော်က အဝတ်အစားကို တကယ်လိုအပ်မှ ဝယ်တတ်တယ် ... အလကားနေရင်း ရှိုးထုတ်ဖို့တော့ မဝယ်ပါဘူး"

နွေသည် အကဲခတ်နေသော မေမေ့ကို လှည့်ကြည့် လိုက်ပြီး ...

"မေမေ ... မှတ်မိလား၊ ဒါ သကြ်န်တုန်းက နွေ ပိုက်ဆံ အိတ် ကောက်ရလို့ ပြန်ပေးဖြစ်တဲ့ ကောင်လေးလေ ... သူ့နာမည်က ကောင်လေးတဲ့ မေမေ"

"ဩော် ... ဩော် ... အေး ... မြင်ဖူးသလိုလို ဖြစ်နေတယ် ဆိုပြီး ကြည့်နေတာကွယ် ... အခု ဘယ်လာတာလဲ သား"

"ဒီပဲ ခင်ဗျ ... ကျွန်တော်က ဂျင်းန် လာဝယ်တာပါ ... နွေ့ဆိုင်မှန်း မသိဘူး ... ဝင်လာမှ သိတာပါ"

"အေးကွယ် ... ဆိုင်က ဖွင့်တာ တစ်နှစ်ကျော်ပဲ ရှိပါသေး တယ်။ အန်တီနဲ့ သမီးက အဓိက ဆိုင်ထိုင်ပေါ့ ... သူ့ အဖေနဲ့ အစ်ကိုတွေက နိုင်ငံခြားကတစ်ဆင့် မှာတာတွေ

www.burmeseclassic.com


ဘာတွေ လုပ်ကြတယ်လေ … ဒါနဲ့ သား ဂျင်းနံဝယ်မ…

ဆို … ရွေး … ရွေး … ကြိုက်တာရွေး …

ဝတ်ကြည့်လို့လည်း ရတယ်နော် … ဟိုမှာ အဝ…

လဲခန်းလေးတွေ ရှိတယ်"

"ဟုတ်ကဲ့ ခင်ဗျာ … ကျေးဇူးတင်ပါတယ်"

"ကဲ … လာလေ … ရှင်ကြည့်ချင်တဲ့ ဂျင်းနံဘောင်းဘီ…

ဒီဘက်မှာ"

ကောင်လေးသည် အထူးတလည် ရွေးချယ်မနေပါ…

သူ အရင်တစ်ခါက ရွေးထားပြီးခဲ့သော ဂျင်းနံပင်နံကိုသာ …

ပါသည်။

"တစ်ထည်တည်းလား"

"ဟာ … တစ်ထည်ပဲ ဝယ်နိုင်ပါတယ်ဗျာ … နှစ်သော…

ကျော်ကြီးဆိုတော့ မေမေကတောင် နမြောနေတာ"

"သူဌေးက ညည်းနေရပြန်ပြီ"

"သူဌေး မဟုတ်ပါဘူး … မိဘလုပ်စာ ထိုင်စားနေ…

လူပါ … မုန့်ဖိုးလိုချင်လို့ ဖေဖေ့ ရုံးခန်းမှာ ခဏလေး …

ကူရတယ်"

"ဟုတ်လား … ဒါလည်း ကောင်းတာပါပဲ … တစ်နေ့…

ရင် စီးပွားရေးလုပ်တဲ့အခါ အတွေ့အကြုံ ရတာပေါ့"

"နွေကဆို ခုတည်းက ရောင်းတတ်နေပြီနော် … ကောင်း

တယ်"

"ရောင်းတာက ဘာမှ မခက်တာ … ဒီဟာက ဒီဈေး၊

ဟိုဟာက ဘယ်ဈေးပေါ့ … တွက်ချက်ပြီး ဈေးနှုန်းအသေ

ကပ်ထားတာပဲ … ဘာမှ တိုင်းထွာဖြတ်တောက်ပေးစရာ

လည်း မလိုဘူး …

ဈေးအလျှော့အတင်း လုပ်စရာလည်း မလိုဘူး …

စကားတွေလည်း အများကြီး ပြောစရာ မလိုဘူးလေ"

နွေသည် ကောင်လေး ဝယ်ယူထားသော ဂျင်းနံကို

သူမတို့ဆိုင်အမည် နှိပ်ထားသည့် လက်ဆွဲစက္ကူအိတ်ထဲ ထည့်ပေး

ပြီး ကမ်းပေးတော့ …

"အဟား … အရင်တစ်ခါကလို ပိုက်ဆံမပြည့်လို့ ဒီအိတ်

ကြီး ထားခဲ့ရတာတော့ မဖြစ်တော့ပါဘူးဗျာ"

ဟု ကောင်လေးက ဒါကို ထပ်သတိရပြီး ပြောနေ

ပြန်သည်။

ကျသင့်ငွေကို ချေပြီးသောအခါ ကောင်လေးက

ချက်ချင်း ပြန်မထွက်သေးဘဲ နွေ့ကို အကဲခတ်သလို ကြည့်လိုက်၊

ဂျင်းနံတွေ တံဆိပ်တွေကို ကြည့်လိုက် လုပ်နေလေရာ နွေကပင်

စကားစလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ ဘာများပြောချင်လိမ့်မလဲ။ သူ့ပုံစံ ကြည့်ရတာ ရှက်သလိုလို၊ စွံ့သလိုလို၊ အားနာသလိုလိုမို့ ကိုယ်ကပဲ စမေးရမှာပေါ့။

"ကောင်လေး ဘာများပြောစရာရှိလို့လဲ မသိဘူး"

"ဩော် ... ဟော် ... နွေ့က ကျွန်တော့် အမူအရာတွေကို ရိပ်မိသားပဲ"

"ဈေးရောင်းလာတာ တစ်နှစ်ကျော်ပြီရှင့် ... လူတော်တော်များများရဲ့ မပိရိတဲ့ အမူအရာတွေလောက်တော့ အကဲခတ်တတ်ပါတယ်"

"ဟဲ ဟဲ"

"ကဲ ... ဘာပြောမလို့လဲ"

"ဒီလိုပါ ... နွေ့ကို တစ်ခုခု လိုက်ကျွေးချင်လို့လေ။ နွေ ကြိုက်တာပေါ့ ... သွားစားကြမလားလို့ပါ"

"နွေက အစားကြီးတယ်"

"ဘယ်လောက်စားစား ကျွေးနိုင်ပါတယ် နွေရယ်"

"အလကား နောက်တာပါ ... နွေက ပါးစပ်က တစ်ခုခု တော့ အမြဲစားနေတတ်ပေမဲ့ အများကြီး တစ်ထိုင်တည်း စားတတ်တဲ့ အကျင့်တော့ မရှိပါဘူး"





"နွေ အားရင် အပြင်မှာ သွားစားကြမယ်နော် ... မအားရင်တော့ ဒီဈေးထဲမှာပဲ စားတာပေါ့"

"နွေ အားပါတယ်"

"ဒါဆို My Milk (မိုင်မေ့လ်ခ်)ကို သွားမလားဟင်"

"ဘယ်က My Milk လဲ"

"ယုဇနကိုပဲ သွားမယ်လေ"

"အင်း ... ကောင်းသားပဲ"

"အန်တီ့ကို ကျွန်တော် လိုက်ပြီး ခွင့်တောင်းမှ ဖြစ်မယ်"

ကောင်လေးသည် နွေ့မိခင်ကို သူကိုယ်တိုင်ပင် သွားပြီး ခွင့်တောင်းပါသည်။

နွေ့အမေမှာ ယဉ်ကျေးပြီး ရုပ်ရည်ရှင်းသန့်ဖြူစင်သော ကောင်လေးကို ဘာမှ သဘောမကျစရာလည်း မရှိတာမို့ ခတ်မိသော မိခင်ပီပီ ခွင့်ပြုလိုက်ပါသည်။

"ကျွန်တော့်ကားနဲ့ လိုက်ခဲ့နော် ... ဖြစ်တယ် မဟုတ်လား"

"ဩော် ... ဖြစ်ပါတယ် ရှင်"

ကောင်လေး၏ ကားမှာ ဈေးထဲက တစ်နေရာမှာ ရပ်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားက ခဲသားရောင် E.D (အီးဒီ)ဆလွန်းလေး ဖြစ်သည်။

ကားကလေးက ကောင်လေးနဲ့ နွေဦးရာသီတို့ကို ညင်သာစွာ သယ်ဆောင်သွားခဲ့သည်။

■ ❦ ■





နွေက ချောကလက်မေ့ခ်ရှိတ်တစ်ခွက်နှင့် Muffin (မာဖင်း)ကိတ်မုန့် တစ်လုံးသာ မှာသည်။ ချောကလက်မာဖင်း ဖြစ်သည်။

ကောင်လေးက စတော်ဘယ်ရီမေ့ခ်ရှိတ်နှင့် Croissant ခရိုဆန့် မုန့်တစ်ခုကို မှာပါသည်။

"ကျွန်တော်တို့ နှစ်ယောက်ကလည်း လူနှစ်ယောက် သောက်စရာနှစ်ခွက်နဲ့ စားစရာမုန့်နှစ်ခုစီပဲ ဖြစ်နေပြီ ... နွေ ထပ်မှာဦးလေ"

"ဟယ် ... တော်ပါပြီ ... တစ်ထိုင်တည်း အများကြီးစားနေကျ မဟုတ်ရင် ဗိုက်တင်းပြီး အစာမကျေ ဖြစ်လိမ့်မယ်၊ ဘယ်စားနိုင်ပါ့မလဲ"

"တကယ်လား"

"ဩော် ... တကယ်ပါရှင် ... ကျုပ်က ရှင့်ကို ဘာအားနာစရာရှိလဲ ... မုန့်ကျွေးပါ့မယ်လို့ ခေါ်လာတဲ့လူကို အလကားသွားပြီး အားနာနေလည်း ဘာမှမထူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ဒါနဲ့ မေးရဦးမယ် ... နွေ့မှာ ညီအစ်ကို မောင်နှမ ဘယ်နှယောက်ရှိလဲ"

"နွေ့မှာ အစ်ကိုနှစ်ယောက် ရှိတယ် ... သူတို့က သူတို့ အိမ်ထောင်နဲ့ သူတို့မိသားစုနဲ့ ... သတ်သတ်စီ နေကြတယ် ကောင်လေး သတိမထားမိလို့ပါ ... သကြံန်ရက်တွေတုန်းက သူတို့ အိမ်မှာအမြဲရှိတယ်လေ"

"ဒါဆို နွေက တစ်ဦးတည်းသော သမီးပေါ့"

"ဒါပေါ့ ... ဒါပေါ့"

"နွေ့ကို ကျွန်တော်က အိမ်လိပ်စာပဲ ပေးထားမိတယ် ... အိမ်ဖုန်း ယူထားလိုက်နော် ... နွေ အကူအညီလိုတဲ့အခါပဲ ဖြစ်ဖြစ် ... ဟဲ ဟဲ ကျေးဖို့ မွေးဖို့ အလှူလုပ်တဲ့အခါပဲ ဖြစ်ဖြစ် ဖိတ်နိုင်ပါတယ်"

"နွေ့ဖုန်းနံပါတ်လည်း ယူထားပါ ... ရပါတယ် ... နွေက ဈေးဖွင့်တဲ့ ရက်တွေကလွဲရင် အိမ်မှာ အချိန်ပြည့် ရှိတာ များပါတယ် ... Shopping (ရှော့ပင်း)လည်း သိပ်မထွက် ဖြစ်ဘူးလေ ... ဆိုင်ဖွင့်ဖို့ ဈေးလာရင်ပဲ ဝယ်ချင်တာ ထွက်ဝယ်လို့ ရနေပြီ ... တစ်ခါတလေ သူငယ်ချင်းတွေက အသစ်ဖွင့်တဲ့ ကုန်တိုက်တွေ သွားမယ်ဆိုပြီး အတင်း လာခေါ်မှပဲ လိုက်ဖြစ်တယ် ... Window Shopping (ဝင်းဒိုးရှော့ပင်း) လုပ်တာလေ ... ဘာမှမဝယ်ဘဲ လျှောက်ကြည့်တာပေါ့"

"မိန်းကလေးတွေရဲ့ ဝါသနာကိုမေးရင် လူတစ်ရာမှာ ကိုးဆယ့်ငါးယောက်လောက်က ဈေးဝယ်ထွက်ရတာ ကြိုက်တယ်တဲ့"

"ဒါဖြင့် ယောကျ်ားလေးတွေကရော ..."

"ယောကျ်ားလေးတွေကကျတော့ တစ်ရာမှာ ကိုးဆယ့်ငါးယောက်လောက်က အပေါင်းအသင်း မင်တယ်တဲ့ ... အပေါင်းအသင်းနဲ့ တွေ့ရမယ် ပျော်ရမယ်ဆိုရင် ဆွေမေ့ မျိုးမေ့ ထမင်းမေ့ ဟင်းမေ့ပဲတဲ့"

"ကောင်လေးကရော အဲဒီလိုပဲလား"

"အဲဒီလိုပါပဲခင်ဗျာ"

နွေသည် စကားတွေ ပြောနေရင်းမှ ရီးသားစွာ ခနဲခဲလိုက်မိပြန်ပါသည်။

"ကောင်လေးက ခင်ဖို့ကောင်းတယ် ... တကယ်ပြောတာ၊ နွေက ကောင်လေးရှေ့မှာမို့ တမင်ထုတ်ပြောတာ မဟုတ်ဘူးနော် ... နွေ့စိတ်ထဲမှာ တကယ်ခင်သွားလို့ ပြောမိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း အဲဒီလိုပါပဲဗျာ ... နွေ့ကို တကယ်ခင်တယ် ... ငယ်ငယ်တည်းက ပေါင်းလာတဲ့ မိန်းကလေး သူငယ်ချင်းတွေလည်း ရှိပါတယ် ... သူတို့လိုပဲ နွေ့ကိုခင်လို့ရနေတယ်"

"ဝမ်းသာပါတယ်ရှင်"

အဲဒီအချိန်မှာ ဖွင့်ထားသော သီချင်းသံမှ သီချင်းလေး တစ်ပိုဒ်ကို ကြားတော့ ကောင်လေးက တိုးတိုးလေး လိုက်ညည်းနေပြန်သည်။

"I can be your hero ... baby ...
I will stand by you forever ...
You can take my breath away ..."

နွေက အသံနေ အသံထား မှန်မှန်ဖြင့် သူ ဆိုလိုက်တာကို အမှတ်ပေးနေမိသည်။ ကြည့်စမ်း စကားပြောတော့ အသံက တိုးတိုးညင်ညင် မဝံ့မရဲ ရှိလိုက်တာ ... သီချင်းဆိုတော့လည်း ဟုတ်လို့။ ရဲရဲဝံ့ဝံ့နဲ့ ...။ သူက သီချင်းတော်တော် နားထောင်ပုံရတယ်။ ဒီသီချင်းလည်း သိပ်ကြိုက်ပုံ ရတယ်။ ဒီသီချင်းကို အသံနေ အသံထား အကျအနနဲ့ လိုက်ဆိုနိုင်လိုက်တာ။

"အဲဒါ ဘယ်သူဆိုတာလဲဟင်"





"အင်း ... သူ့ကို ကျွန်တော်စပြီး နားထောင်ဖြစ်တာတောင် သိပ်မကြာသေးပါဘူး ... သူက Enrique Iglesias (အန်းရစ်ဂ်အစ်ဂလီးဆီးရား)တဲ့ ...။ မင်းသား Will Smith (ဝီလ်စမစ်) သိလား ... သူ့ရုပ်ရှင်ကား Wild wild west (ဝိုင်းလ်ဝိုင်းလ်ဝက်စ်)မှာလည်း Enrique Iglesias ရဲ့ သီချင်း ပါတယ် ... အဲဒီထဲက သူ့သီချင်းတွေကို စကြိုက်လာတာလေ"

"အမေရိကန်လူမျိုး မဟုတ်ဘူး ထင်တယ်နော် ... နာမည်က တစ်မျိုးပဲ"

"လက်တင်အမေရိကားက အဆိုတော်ပဲဗျ ... သူ ဘာလူမျိုးလဲဆိုတာ ကျွန်တော် မသိသေးပါဘူး"

"ကောင်လေးက သီချင်းကြိုက်လား"

"ဟာ ... အရမ်းကြိုက်တာပေါ့ ... အရမ်း Crazy ဖြစ်တယ်လေ ... အဆိုတော် ဖြစ်ချင်နေတာဗျ ... စီးရီးထုတ်ဖို့ ပိုက်ဆံက အများကြီးကုန်မှာမို့ ငြိမ်နေရတယ် ... ဒါကြောင့် ထီမှန်မှန် ထိုးနေတယ်လေ ... ထီပေါက်ရင် စီးရီးထုတ်မလို့ ... ဟဲ ဟဲ ... ရှူးတယ်နော်"

ကောင်လေးက သူ့ရဲ့စိတ်ကူးတွေကို ပွင့်လင်းစွာ ပြောရင်း ခပ်တိုးတိုးရယ်သည်။

www.burmeseclassic.com



"သူငယ်ချင်းတွေနဲ့စုပြီး ထုတ်ပါလား"

"အဲဒါပဲ စဉ်းစားနေတာလေ … Backstreet Boys (ဘက်စထရိဘွိုင်း)လိုမျိုး ငါးယောက် စုရမလား … Savage Garden(ဆဲဗေ့ချ်ဂါးဒင်း)လို နှစ်ယောက်အဖွဲ့ လုပ်ရမလား … 911(နိုင်းဝမ်းဝမ်း) အဖွဲ့လို သုံးယောက်လုပ်ရမလား ပေါ့ … စဉ်းစားပါတယ်ဗျာ … ခုထိ အိပ်မက်တွေ အကောင်အထည် မပေါ်သေးပါဘူး"

"ဘဝမှာ ဖြစ်ချင်တာတွေ မဖြစ်ရသေးဘူးပေါ့ … ဟုတ်လား"

"ဟုတ်တယ် … အင်း … ကျွန်တော် ဖြစ်ချင်တာတွေ တော်တော်များများ တစ်ခုမှကို ဖြစ်မလာခဲ့ဘူး"

"ဖြစ်မလာသေးတာပါ"

"မဖြစ်နိုင်တော့ဘူး ထင်တယ် နွေရဲ့။ ကျွန်တော်မှာ အမြဲတမ်း တစ်ခုခု လိုနေတယ်"

သူက အဲဒီစကားကို တိုးတိုးညည်းညည်း ပြောတာ ဖြစ်သည်။

ထိုစကားပြောချိန်မှာ သူ့မျက်လုံးတွေက တစ်ခုခုကို အလွန်အမင်း တမ်းတနေဟန်လည်း အထင်အရှား တွေ့ရလေသည်။





နွေသည် ဓာတ်ပုံလေးတစ်ခုကို ဖျတ်ခနဲ သတိရသွားသလိုလို ဖြစ်ကာ သူဟာ အဲဒါကြောင့်များ ဘဝမှာဖြစ်ချင်တာတွေ မဖြစ်နိုင်တော့ဘူးလို့ ပြောသလားဟု တွေးမိပြန်သည်။

သို့သော် ကိုယ်က သူနဲ့ ခုမှ ခင်ခါစလည်းဖြစ်ရာ မမေးချင်ပါ။ မေးလည်း မမေးသင့်ဘူးဟု ထင်ပါသည်။

ဒါနဲ့ပဲ နွေက စကားလွှဲလိုက်ရပြန်သည်။

"နွေကတော့ နွေ့ကိုယ်ပိုင်ပိုက်ဆံနဲ့ နွေ့ဘဝနဲ့ ဖြစ်လာခဲ့ရင် ဘာလုပ်မလဲ ဆိုတော့ ခရီးတွေ ထွက်မယ်လို့ စဉ်းစားထားတယ် … ကမ္ဘာပတ်ချင်တာလေ … ဘဝကို ခရီးသွားရင်းနဲ့ပဲ ဖြတ်သန်းချင်တာ"

"ကျွန်တော်လည်း ခရီးသွားရတာ ဝါသနာပါတယ်"

"ကောင်လေးကရော အရမ်းချမ်းသာလာရင် ဘာလုပ်မလဲ"

"ဟဲ ဟဲ … အရမ်းချမ်းသာလာရင် အရမ်းဈေးကြီးပြီး လူတွေကလည်း ငေးကြည့်ရအောင်လှတဲ့ ပြိုင်ကားတစ်စီး ဝယ်မယ် … လူတွေကြိုက်ကြိုက်၊ မကြိုက်ကြိုက် သူတို့ နားမထောင်ချင်ရင်လည်းနေ … ကိုယ့်ဘာသာ သီချင်းတွေ ရေးပြီး စီးရီးထုတ်မယ် … ဘယ်သူမှ မဝယ်လဲရတယ် … အဲဒီအခွေတွေ ကိုယ်ပိုင်သိမ်းထားပြီး ဘဝကို ဖြတ်သန်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဘာသာ သူတို့စိတ်ကူးတွေကို ပြောပြီးလျှ
သဘောကျစွာ ရယ်မောလိုက်မိကြပြန်ပါသည်။

အဲဒီ့ဆိုင်ကလေးမှာ တစ်နာရီလောက် သူတို့ အချိ
ဖြုန်းခဲ့ကြပြီးမှ ပြန်လာကြပါသည်။

သူတို့ အဲဒီ့နေ့ကစပြီး သိပ်ခင်ကြတဲ့ သူငယ်ချင်း
တွေ ဖြစ်သွားကြတယ်ဆိုတာ အသေအချာပင်။

ရိုးသားသော ခင်မင်မှုထဲမှာ သူတို့ရဲ့ လှပသော
အဖြူရောင် သံယောဇဉ် တစ်ခုက စတင်ရစ်ဖွဲ့လာပါသည်။





နောက်တော့လည်း မထင်မှတ်ပါဘဲ မယုံနိုင်စရာ
ကောင်းလောက်အောင် သူတို့ ခင်မင်ရင်းနှီးလာခဲ့ကြပါသည်။

ကောင်လေးက လမ်းကြုံတိုင်း၊ အချိန်အားတိုင်း
နွေ့ရဲ့ ဂျင်းန်ဆိုင်ကို ဝင်လည်တတ်သည်။

ပြီးတော့ ... ကောင်လေးရော နွေ့ပါ နှစ်သက်သည့်
နို့များများပါသော ဖျော်ရည်ကို အတူတူ သောက်တတ်ကြသည်။

တစ်ယောက်တစ်လှည့်စီ အပြန်အလှန်ကျွေးဖို့ ချိန်း
ကြရင်းနဲ့ သူတို့ မကြာခဏဆုံ။ ခဏခဏတွေ့။

အဲဒါနဲ့ပဲ သူတို့ သူငယ်ချင်းတွေလိုလို၊ အနီးကပ်
ဆုံး မိတ်ဆွေတွေလိုပဲ ရင်းနှီးလာကြတာ ဖြစ်သည်။

နွေ့ဟာ တစ်စတစ်စ ကောင်လေးအပေါ် တွယ်တာ
လာခဲ့တဲ့ သူမရဲ့ သံယောဇဉ်ကိုတော့ အကြိမ်များစွာပင် အထိတ်
တလန့် သံသယ ဖြစ်တတ်။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးရဲ့ မျက်လုံးတွေထဲက ရိုးသားသော ခင်မင်မှုကို မြင်ရပြန်လျှင် သူမရဲ့ အတွေးတွေကို သူမဘာသာ တိတ်တဆိတ် အပြစ်ကင်တတ်။

သူငယ်ချင်းတွေကတော့ နွေ့ကို စွပ်စွဲလာခဲ့ကြတယ်။

"နွေ ... နင် သူ့ကို အရမ်းသံယောဇဉ် ဖြစ်နေပြီထင်တယ်"

ဟူ၍ တစ်မျိုး ...။

"နင် အရင်ကနဲ့ မတူဘူး ... ပိုလန်းဆန်း ပိုတက်ကြွလာတယ် ... ပိုလည်းလှလာတယ် ... ငါ ကြားဖူးတာ တစ်ခု ရှိတယ် ...

လူတွေက အချစ်နဲ့တွေ့ရင် ပိုအသက်ဝင်လာတတ်ကြတယ်တဲ့ ... နင်လည်း အဲ့ဒီလို ဖြစ်နေပြီ နွေ"

ဟုလည်း ဝေဖန်။

"သူ့ကို ချစ်မယ်ဆိုရင် နင်ဟာ သူ့ရဲ့အချစ်ဆုံး ဖြစ်နိုင်ပါ့မလားဆိုတာ အရင်သိအောင် လုပ်နော် ...

သူ့မှာ နင်သိထားတဲ့ နင့်ထက်အရင်တစ်ယောက် ရှိနေတယ် ..."

လို့လည်း အကြံပေးတတ်။

နွေဟာ ... ယခုတော့ သူငယ်ချင်းတွေရဲ့ စကားသံတွေကို မငြင်းတော့ပြီတည်း။





အချိန်တိုလေး အတွင်းမှာ နွေဟာ ယောကျ်ားတစ်ယောက်အပေါ် အလွယ်တကူပဲ ချစ်လို့ ရသွားပါတယ် ဆိုတာ ဘာ တော်တော် မယုံနိုင်စရာကောင်းတဲ့ ကိစ္စပဲ။

အချစ်ဆိုတာ ဘယ်လိုနားလည်ရမလဲ။ ဘယ်လို အဓိပ္ပာယ် ဖွင့်ရမလဲ။

သို့သော် နွေ သိလိုက်တဲ့ အချစ်ဟာ နွေ့ကို လျှပ်တစ်ပြက် ဝင်ရောက် တိုက်ခိုက်သွားခဲ့နိုင်တယ် ဆိုတာပဲ ဖြစ်နေသည်။

နွေဟာ အချစ်ရဲ့ ဖြားယောင်းတတ်မှုကို မလွန်ဆန်နိုင်စွာပင် ဆွဲငင်ခံရပြီ။

နွေ ကောင်လေးကို ချစ်သည်။

ထိုသို့ ချစ်ရခြင်းတွေထဲမှာ သူဟာ တစ်နေ့ ကိုယ့်ကို ချစ်လာမလားလို့ ... တိတ်တခိုး မျှော်လင့်ရခြင်းပါ ယှဉ်တွဲလာလျှင် နွေဟာ ဘာကို နာကြည်းချင်မှန်းမသိ နာကြည်းရပြန်လေသည်။

ကြည့်စမ်း ... နွေက ယောကျ်ားတစ်ယောက်ကို ကိုယ့်ဘက်ကစပြီး တိတ်တခိုး ချစ်မိသတဲ့။ မျှော်လင့်နေရသတဲ့ သော။



www.burmeseclassic.com

www.burmeseclassic.com

နွေ့ သူငယ်ချင်းတွေက နွေ့ကို အကဲခတ်နိုင်လာခဲ့ကြပေမဲ့ ကောင်လေးကတော့ နွေ့ကို အကဲမခတ်တတ်ခဲ့ပါ။

နွေကလည်း ကိုယ် သူ့ကို ချစ်နေမိတယ်ဆိုတာ မြင်အောင် မပြရဲသော ...။

သူ သိသွားမှာ စိုးရိမ်သော ...။

သူ မသိစေချင်သော ဆန္ဒတွေနဲ့မို့ ...

သူနဲ့ဆိုရင် နွေဟာ သူ့ကိုခင်သော မိန်းကလေး တစ်ယောက်လို့ပဲ သူ ထင်စေရန် နေတတ်ခဲ့တာလည်း ပါသည်။

ပြီးတော့ နွေ့သူငယ်ချင်းတွေကို နွေက ဒီအကြောင်း ကို သူ မရိပ်မိစေလိုတာလည်း ပါသည်။

ဒါကြောင့် သူ့ရှေ့မှာဆိုလျှင် နွေတို့ကို သူငယ်ချင်း တွေက တွဲပြီးစတာမျိုးပင် မလုပ်ခဲ့ပါပေ။

နွေ့ရဲ့ နေ့ရက်တွေက ကောင်လေးဟူသောယောက်ျား တစ်ယောက်ကို တိတ်တဆိတ် ချစ်နေရခြင်းတည်းဟူသော ခံစား ချက်ဖြင့် တစ်မျိုးလှပနေတာတော့ အမှန်ပင်။





## ၅

လူလေးက ဆယ်တန်းကို နှစ်ဘာသာဂုဏ်ထူးနှင့် အောင်လေသည်။ နွေက ဆယ်တန်းအောင်ပြီးကတည်းက ဆယ် တန်းအောင်စာရင်းများကို ကိုယ်နဲ့မဆိုင်တော့သလို ဖြစ်ခဲ့ပေမဲ့ ဒီနှစ်တော့ လူလေး ရှိနေသဖြင့် ဆယ်တန်းအောင်စာရင်းထွက် သော နေ့ကို နွေ နားစွင့်နေမိခဲ့သည်။

မနက်မိုးလင်းလင်းချင်း နွေ ဆိုင်ကိုပင် မသွားသေး ဘဲ လူလေး အောင်,မအောင်ကို ဖုန်းဆက်မေးမိသည်။

"နွေလား ... ဘာလဲ လူလေး အကြောင်း မေးမလို့လား"

ဖုန်းလာကိုင်သော ကောင်လေးက နွေ့အရင် မေးခွန်း ကို ကြိုထုတ်ထားနှင့်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ အောင်တယ်မဟုတ်လား"

"အောင်ပါတယ် ... တူးဒီပါလို့တဲ့ ဒီကောင် ပတ်ချာလည်အောင် က,နေတာ။ ဝမ်းတွေသာနေတယ် ... ဖေဖေနဲ့ မေမေ့ကို သူ့အတွက် ပွဲလုပ်ပေးရမယ်ဆိုပြီး အရေးဆိုနေလေရဲ့"

"ဟုတ်လား ... ဝမ်းသာလိုက်တာ ... လူလေးက တော်လိုက်တာ ... သူ အခု အိမ်မှာရှိလား၊ ရှိရင် နွေ့ ခဏ စကားပြောချင်တယ်"

"မရှိဘူး ... သူငယ်ချင်းတွေနဲ့ ထွက်သွားပြီ"

"ဒါဆိုရင် ... နွေက ကွန်ကရက်ကျူလေးရှင်းလုပ်တယ်လို့ ပြောလိုက်ပါနော်။

သူ ဘယ်အချိန် ပြန်ရောက်မှန်း မသိလို့ ဖုန်းထပ် မခေါ်တော့ဘူး ...

ပြီးတော့ နွေ...ညီး ဆိုင်သွားရဦးမှာမို့လေ"

"ဟာ ... ရပါတယ် နွေရာ။ သူ့အတွက် ပွဲကျမှ နွေသာ ဆက်ဆက်လာခဲ့ ...မေမေကလည်း နွေ့ကို မြင်ချင်နေတယ် ကျွန်တော်တို့ ညီအစ်ကိုက နွေ့အကြောင်း အရမ်းပြောနေကြလို့လေ"





"ဘာလဲ ... နွေက စကားများတဲ့အကြောင်း ဂျင်းနဲ့တွေကို ဈေးတင်ရောင်းတဲ့ အကြောင်းတွေလား"

"ဟာ ... မဟုတ်ရပါဘူး"

နွေတို့နှစ်ယောက် ပြိုင်တူ ခပ်တိုးတိုး ရယ်လိုက်ကြပါသည်။

"ကဲ ... ကောင်လေးရေ ... နွေ ဖုန်းချပြီနော် ... နွေ ဆိုင်သွားရဦးမှာ"

"အိုကေလေ ... နောက်မှ တွေ့မယ်နော်"

နွေသည် လူလေးအတွက် ဂုဏ်ပြုလက်ဆောင်လေး တစ်ခုခုတော့ စီစဉ်မှပါဟု တွေးနေမိပြန်သည်။

နောက်သုံးရက်ကြာတော့ နွေ့ဆိုင်ကို သူတို့ညီအစ်ကို ရောက်လာသည်။

"မနွေကို လာဖိတ်တာဗျ။ တမင် လူကိုယ်တိုင် လာဖိတ်တာမို့ ဆက်ဆက်လာရမယ်နော်"

လူလေးက ဆိုင်ထဲရောက်ရောက်ချင်း နွေ့ကို ပြောလိုက်လျှင် ...

"ဖုန်းနဲ့ပဲဖိတ်ဖိတ် ... ကြွလို့ပဲဖိတ်ဖိတ် တို့က လာဖို့ စဉ်းစားထားပြီးသား၊ မဖိတ်ရင်တောင် စုံစမ်းပြီးလာမှာ"

"မနွေ ... တနင်္ဂနွေနေ့နော် ... မနက်ဆယ်နာရီက စမယ်၊ ကြိုက်တဲ့အချိန် လာနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကျရင် အိုးဆေးနေရဦးမယ်ကွယ် ... ဆယ်နာရီဆို ဆယ်နာရီပဲ ရောက်အောင်လာမှာပေါ့ ... ပြောပါဦး ဘာ ကျွေးမှာလဲ"

"မေမေ့လက်ရာ ထောပတ်ထမင်း၊ ကြက်သားနှပ်၊ ဆိ ကလီဇာ၊ သရက်ပေါက်ချဉ်သုပ်၊ ဘာလချောင်ကြော် ဗူးသီးကြာဆံဟင်းခါး၊ အချိုပွဲက ... ကျောက်ကျော၊ ဆနွင်း မကင်း၊ လက်ဖက်၊ ကော်ဖီ၊ လက်ဖက်ရည်၊ Ve Ve အအေးမျိုးစုံ ..."

"အဲမယ်လေး ... စားပွဲထိုးက ဆိုင်မှာရှိတဲ့ အစားအသောက် တွေ ရွတ်ပြတာ ကျနေတာပဲ လူလေးရယ်"

"မနွေ တကယ်လာနော် ... နောက်ကျလည်း အိုးမဆေး ရပါဘူး ... ကျွန်တော် ချန်ထားမယ်"

"ရှင်က ကျုပ်ကို သိပ်ကျွေးချင်နေတယ်ပေါ့လေ"

"ဒီကောင်က နွေ့ကို သိပ်ခင်တာဗျ ... ဒါကြောင့် ကျွ တော် ဒီနေ့ နွေ့ဆီဝင်မယ်ဆိုတော့ သူ့ပွဲကို သူကိုယ်တိုင် ဖိတ်မယ်ဆိုပြီး လိုက်လာတာပဲ"

"စိတ်ချပါ ... နွေ လာကို လာမှာပါ"

"မနွေ လာရင် ကိုကြီးက သူ့စီးရီးတွေ ဖွင့်ပြပြီး ကြွ ချင် ကြွားလိမ့်မယ်"





"ဟယ် ... တကယ်လား"

နွေက ကောင်လေး မျက်နှာကို လှမ်းကြည့်ပြီး မေးလိုက်ပါသည်။

"သူငယ်ချင်း တစ်ယောက်က စတူဒီယို အသေးလေး လုပ်ထားတယ်လေ ... သူ့ဆီမှာ အပျော်သွင်းထားတာတွေပါ ... ပြီးတော့ သူ့ဆီက ကွန်ပျူတာပညာကို သွားလေ့လာရင်း တစ်ပုဒ်သွင်း ဘာညာပေါ့ ... အဲဒီ့လောက်လုပ်ပြီး အမှတ်တရ ဖြစ်အောင် CD ထဲ ထည့်ထားတာပါ ... ဈေးကွက် မဝင်ပါဘူး ... အပျော်ပေါ့"

"ဒါပေမဲ့ နားထောင်ရတာပေါ့ ... ဖွင့်ပြမှာလား"

"ဖွင့်ပြပါတယ်ဗျာ ... နွေ စိတ်ညစ်သွားမှာပဲ စိုးရိမ်တယ်"

"ဘာလို့ စိတ်ညစ်ရမှာလဲ"

"မကောင်းလို့လေ"

"ကောင်းမှာပါ ... နွေ သိပါတယ် ... နားမထောင်ရသေးဘဲနဲ့ အမှတ်ပေးပြီးပြီ ... ကောင်လေးသာ အောင်မြင်တဲ့ အဆိုတော် ဖြစ်ရင် နွေ့ကို စတိတ်ရှိုးလက်မှတ် အလကား လက်ဆောင်ပေးဖို့ မမေ့နဲ့"

"နွေက တကယ်နောက်တတ်တယ်"

"မနောက်ဘူး ... နွေ တကယ်ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ... နွေ့ကို ခုပဲ မုန့်လိုက်ကျွေးမှထင်တယ်"

"ဟာ ... နေပါစေ ... နွေ တနင်္ဂနွေနေ့ကျမှပဲ အဝေး
တော့မှာ ... ဒီတစ်ခါ တကယ် အဝစားမှာ သိလား"

သူတို့ ညီအစ်ကို နွေ့ဆိုင်တွင် ခဏအချိန်ဖြုန်းပြီး
မှ ပြန်သွားပါသည်။

နွေက လူလေးကိုပေးရန် ဒူးအထိသာ အရှည်
သော အိတ်ကပ်များများနှင့် ဂျင်းန်ဘောင်းဘီ ပွပွတစ်ထည်
ရွေးထားပြီး ဖြစ်လေသည်။

လူလေးရဲ့ ခါးအတိုင်းအတာ ဘယ်လောက်ဆို
လည်း နွေ ကောင်လေးထံမှ သိထားပြီးဖြစ်ရာ နွေပေးသော
လက်ဆောင်ဟာ သူ့အတွက် ဘာမှ အသုံးမတည့်စရာ မရှိ
ပြီးတော့ ဒီလို ဘောင်းဘီပုံစံမျိုးက အသက်
ဆယ်အောက် လူငယ်လေးတွေသာ ဝတ်တတ်လေရာ နွေ့ လ
ဆောင်ကို လူလေး နှစ်သက်လိမ့်မည်လို့ ထင်ပါသည်။

နွေသည် ကောင်လေးနှင့် ပတ်သက်ပြီး လူလေး
ပါ ခင်မင်နေပြီမှန်း သူမဘာသာ မှတ်ချက်ချမိပြန်သည်။





နွေသည် ခြံနံပါတ်ကို ရှာတွေ့လျှင် ဖွင့်ထားသော
ခြံဝင်းတံခါးမှပင် ကားကို မောင်းဝင်လာလိုက်သည်။

ခြံက မကျဉ်းမကျယ်ဖြစ်ပြီး ရပ်ထားသော ကား
တွေက အစီအရီ ဖြစ်နေသည်။ အထဲမှာ လူတော်တော်များများ
ရောက်နေပုံရသည်။

နွေသည် သူများအိမ်က အလှူကို လာတာမို့ ရိုးရိုး
လေးနှင့် ကြည့်ကောင်းသော အဝတ်အစားတွေကိုသာ ဝတ်ဆင်
လာသည်။

ဖက်ဖူးစိမ်းရောင် အင်္ကျီလက်အိုးပွပွ လက်ရှည်
ဘလောက်စ်နှင့် အဖြူခံပေါ် အဝါဖျော့နှင့် ဖက်ဖူးစိမ်းရောင်
ပန်းခက်လေးတွေ ခပ်ကျဲကျဲပါသော လုံချည်ဆင်ကို ဝတ်ဆင်လာ
သည်။

နွေ့အသားက ညိုပေမဲ့ စိုစိုဝင်းဝင်းနှင့်မို့ အရောင်
တောက်တွေ ဝတ်လည်း ကြည့်မကောင်းတာမျိုး ဖြစ်မနေပါ။



www.burmeseclassic.com

www.burmeseclassic.com



နွေ ကားပေါ်က မဆင်းခင်မှာပင် ကောင်လေးက အိမ်ထဲမှ ထွက်လာနေလေပြီ။

နွေ့ဆီ သွက်လက်စွာ လျှောက်လာရင်း ကြိုဆိုသော အပြုံးဖြင့် ...

"နွေက ဆယ်နာရီ လာမယ်ဆိုပြီး ... ခုတော့ နောက်ကျနေတယ်"

ဟု ရယ်သံနဲ့အတူ လှမ်းနှုတ်ဆက်သည်။

"နွေ မေမေ့ကို ဈေးအရင်ဝင်ပို့ရတယ် ... ဈေးထဲက အထွက် ကားပိတ်လို့ ပိုပြီး ကြာသွားတာလေ"

"ဪ ... ဟုတ်သားပဲ ... ဒီနေ့ ဈေးမပိတ်ဘူး ... နေ့ နေလို့"

"အထဲမှာ ဆူညံနေတယ်နော်"

"ဟုတ်တယ် ... လူလေး သူငယ်ချင်းတွေ စားသောက်ပြီး မပြန်ကြသေးဘဲ ကာရာအိုကေ အပြိုင်ဟစ်နေကြတာလေ"

"ကောင်းတာပေါ့ ... အဆိုတော်မျိုးစုံရဲ့ အသံသစ်တွေကို နားထောင်ရတာပေါ့"

"နွေ အရင်စားလိုက်နော် ... ပြီးမှ စကားပြောကြတာပေါ့။ အေးအေးဆေးဆေး နေလို့ရတယ် မဟုတ်လား"





"ရတော့ ရပါတယ် ... ဒါပေမဲ့ နွေ မေမေ့ကို တစ်နာရီကျရင် လိုက်ပို့စရာလေးရှိလို့ အဲဒီအချိန်မတိုင်ခင်တော့ ပြန်ရလိမ့်မယ်"

"ဟာ ... ဒါဆို ခုမှ ဆယ့်တစ်ပဲ ရှိသေးတာ ... အကြာကြီးနေလို့ ရသေးတာပဲ"

လူလေးက နွေ ဝင်ထိုင်ပြီး နည်းနည်းကြာမှ နွေ့ဆီ ရောက်လာသည်။

နွေသည် လက်ဆောင်ထည့်လာသော ကြွပ်ကြွပ်အိတ်ကို ကမ်းပေးတော့ လူလေးက ရုတ်တရက်မို့ ကြောင်ပြီး သုမ်းမယူပါ။ နွေ့ကို ကြည့်ရင်း ...

"ဘာလဲ မနွေ"

ဟု မေးလေသည်။

"ဪ ... လက်ဆောင်လေ ... စာမေးပွဲအောင်တဲ့ ကလေးကို ပေးတဲ့ဆုပေါ့ ... လက်ဆောင်ပေါ့"

"ဟာ ... မနွေကလည်း တကူးတကကြီး ယူလာတယ်ဗျာ"

"ဟဲ့ ... ဘယ်က တကူးတကရမှာလဲ ... ကြုံလို့ဆွဲယူလာတာပါ ... ရှေ့ပွဲ ... အစ်မကြီး တစ်ယောက်က မောင်လေး တစ်ယောက်ကို ပေးတဲ့ လက်ဆောင်ပဲ ယူသင့်ပါတယ်ဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ … ယူချင်နေတာဗျာ … ပေးတော့ ချက်ချင်းလက်ခံရမှာ ရှက်လို့"

"သြော် … ဖြစ်ရလေ"

"မနွေ … ကျွန်တော် ညည့်မခံတော့ဘူးနော် … ကိုကြီး ညည့်ခံလိမ့်မယ် … အားရပါးရ စားနော် … ပြီးရင် ကာရာအိုကေ တစ်ပုဒ်လောက်လည်း ဆိုရမယ်"

"ဟယ် … ကျုပ်သီချင်းဆိုရင် လုံးဝမကောင်းဘူး၊ မလုပ်ပါနဲ့၊ အရှက်ကွဲလိမ့်မယ်"

"အခုဆိုနေတဲ့ ကောင်တွေလည်း တစ်ယောက်မှ ဖြစ်ဖြစ်မြောက်မြောက် မရှိပါဘူး … အပျော် ဆိုနေကြတာ … မနွေ ဆိုရမယ်နော်"

"ဟေ့ကောင် … ပြီးမှ ပြောကွာ … နွေ အေးအေးဆေးဆေး စားပါစေဦး"

လူလေးက သူ့လက်ဆောင်ထုပ်ကို ပိုက်ပြီး ရယ်မော ကာ ထွက်သွားပါသည်။

ကောင်လေး၏ မေမေ ရောက်လာသောအခါ နွေနဲ့ မိတ်ဆက်ပေးပါသည်။ ကောင်လေး၏ မိခင်မှာ ခပ်အေးအေး နေတတ်ပြီးသားတွေကို ချစ်သော အမေတစ်ယောက်မှန်း သိသာလှသူပင်။





ကောင်လေး၏မိခင် ထွက်သွားမှ နွေတို့ နှစ်ယောက် စကားဆက်ကြသည်။ ကောင်လေးက နွေ့နံဘေးတွင် ဝင်ထိုင်ပြီး သူပါ ထမင်းပန်းကန်ထဲ တစ်ဇွန်း နှစ်ဇွန်း ခူးခပ်ထည့်လိုက်ရင်း နွေနဲ့အတူ ဝင်စားပါသည်။

"မစားရသေးဘူးလား"

"စားပြီးပါပြီ … နွေ့လိုပဲ နည်းနည်းလေးကို ခဏခဏ စားနေတာလေ။ ဟိုပြေး ဒီပြေး လုပ်ကိုင်ရင်းနဲ့ ပြန်ဆာလာရင် ဒီလိုပဲ ဝင်စားတာပေါ့"

"ထောပတ်ထမင်း ကြိုက်လို့လား"

"အဲဒီလို မဟုတ်ပါဘူး … မေမေ ချက်တာဆိုရင် အကုန်ကြိုက်နေတာလေ။ ကျွန်တော်တို့ ညီအစ်ကိုက အပြင်စာကြိုက်ခဲတယ် … မေမေ ချက်ကျွေးတာ ပိုကြိုက်ကြတယ်၊ ကျွန်တော်တို့က ယောကျ်ားလေးတွေပေမဲ့ အိမ်ပြန်ထမင်းစားဖြစ်ကြတာ များတဲ့လူတွေလေ … မေမေ့လက်ရာကို ကြိုက်ကြတယ်"

"လိမ္မာလိုက်တာ"

"ဟဲ ဟဲ … မချီးကျူးနဲ့ နွေရာ … ကျွန်တော်က ရှက်တတ်တယ်"

"မိန်းမရရင်ရော … မိန်းမလက်ရာကို ကြိုက်သွားမှာပဲလား။"



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် မေမေ့လက်ရာကိုပဲ ကြိုက်မှာလား"

"အဲဒါတော့ မသိဘူး"

"မိန်းမယူဖို့ မစဉ်းစားမိသေးဘူး ထင်တယ်"

"မစဉ်းစားချင်တော့တာပါ ... စဉ်းစားမိရင် သူ့ကိုသွား သတိရနေမယ်"

"ဘယ်သူ ..."

နွေသည် သူ့ပါးစပ်မှ ပွင့်ပွင့်လင်းလင်း ဖွင့်ဟရေရွတ်လိုက်သော စကားတချို့ကို ကြားလိုက်ရလျှင် သေချာသွားအောင် ထပ်၍ သံယောင်လိုက် မေးမိပါသည်။

သူ နွေ့ကို သူ့အကြောင်းတွေ ဖွင့်ပြောတော့မယ် ထင်တယ်။

နွေသည် သူ့ဆီက တဲ့ခိုင်းဆိုင်း အမူအရာကြောင့် အတင်း မရမက မေးဖို့တော့ စိတ်ကူးမရှိပါ။

သူက လိုလားစွာ ပြောခဲ့လျှင်လည်း နားထောင် ချင်တာတော့ အမှန်ပင်။

"နွေ့ကို ပြောပြရဦးမယ်"

"ဘာပြောမှာလဲ"

"သူ့အကြောင်းလေ"

"ဪ .."





"နောက်မှ ပြောရင် ကောင်းမယ်ထင်တယ်"

"ခုပဲ ပြောပါလား ကောင်လေးရဲ့။ ကျုပ်က ဒီမှာ ဆတ်တင့်ငုံကြီး ဖြစ်နေပြီ၊ ဇာတ်ရှိန်မြင့်လာပြီးမှ ရုတ်တရက်ကြီး ရပ်ပစ်လိုက်သလိုပဲ"

"နွေ နားထောင်ချင်လို့လား"

"နားထောင်ချင်တာပေါ့၊ ဒီမှာ ရှင် မိန်းမတွေရဲ့ စိတ်နေ သဘောထားကို မသိဘူးလား ... မိန်းမတွေဟာ ဘယ်လောက် စပ်စုတတ်တဲ့ အမျိုးတွေလည်းဆိုရင် လမ်းမှာ ခွေးနှစ်ကောင် ကိုက်တာတောင် ဘာကြောင့် ကိုက်ကြသလဲ ဆိုတာ စပ်စုတတ်ကြတယ်တဲ့"

"အဲဒါ ဘယ်သူ့ရဲ့ ဖီလော်ဆိုဖီလဲ"

"နွေဦးရာသီရဲ့ ဖီလော်ဆိုဖီလေ"

"ဟာ ... နွေက တကယ်နောက်တာပဲဗျာ"

"နောက်တယ်ဆိုပြီး စကားမလွှဲနဲ့နော် ... ဒီမှာ စားလို့ပြီးပြီ။ ပြီးရင် ရှင့်စီးရီးတွေ နားထောင်ရမှာလား"

"နွေ့အိမ်ကို ယူသွားပြီး နားထောင်ပါ ... ရတယ်။ ဒီမှာ ဖွင့်ဖို့ အခြေအနေ မပေးဘူး။ တွေ့လား နွေမြင်တဲ့အတိုင်းပဲ။ လူလေးတို့ အုပ်စုတွေက ညှော်ခန်းကို အပိုင်သိမ်းထားတယ် ... ကျွန်တော့် အခန်းထဲမှာ လက်ဆွဲကက်ဆက်



www.burmeseclassic.com

www.burmeseclassic.com

သေးသေးလေး ရှိပေမဲ့ နွေ လိုက်ပြီး နားထောင်ဖို့ မသင့်တော်ပါဘူး ...

ဒါကြောင့် ... ကျွန်တော့် သီချင်းတွေ နွေ့ကို ငှားလိုက်ဖို့ပဲ စဉ်းစားထားတယ်"

"ကောင်းပါတယ် ... နွေလည်း အေးအေးဆေးဆေး နားထောင်ရတာပေါ့"

"ဒါဖြင့် ... နွေ ခြံထဲကို လိုက်ကြည့်လေ ... မေမေ့ပန်းပင်တွေ ကြည့်ရင်း ...

ကျွန်တော်ရဲ့ ဓာတ်လမ်းကို နားထောင်ပေါ့ ... ဖြစ်လား"

"အဲဒီလောက်ကောင်းတဲ့ အစီအစဉ် ဘယ်မှာမှ မရှိနိုင်ဘူး"





BURMESE CLASSIC .com

ကောင်လေးသည် နွေ့ကို ပြောပြမည်ဟု ဆုံးဖြတ်းမှ ကိုယ့်ကိုယ်ကိုယ် ပြန်အံ့သြနေပြန်သည်။

ကြည့်စမ်း ... သူ့ဘာကြောင့်များ သူ့အကြောင်းကို ခြားသူစိမ်းမိန်းကလေး တစ်ယောက်အား ဖွင့်ပြောဖို့ ဆုံးဖြတ်ိုက်မိသလဲ။

နွေဟာ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းမဟုတ်။ င်မင်ရင်းနှီးတာဖြင့် ဘယ်လောက်ကြာသေးလို့လဲ။

တစ်ခုပဲ ထူးခြားတာက နွေ့ကို ငယ်သူငယ်ချင်းစ်ယောက်လိုပဲ ခင်လို့ရနေခြင်း ဖြစ်ပါသည်။

အဲဒီ အချက်လေးနဲ့ပဲ သူ နွေ့ကိုပြောပြဖို့ ဆုံးဖြတ်ိုက်မိတယ် ထင်ပါရဲ့လေ။

နွေဦးရာသီ ဆိုသော မိန်းကလေးကို ကောင်ငှလးည် တစ်ချက် ငေးခနဲ ကြည့်လိုက်မိပါသည်။


www.burmeseclassic.com

www.burmeseclassic.com

နွေဟာ လှတယ်လို့ ပြောလို့ရသော မိန်းကလေး
တစ်ယောက်ပဲ ဖြစ်သည်။

သို့ပေမဲ့ နွေ့ထက် ပိုလှသော လရိပ်ကို သတိရ
ယှဉ်ကြည့်လျှင် လရိပ်ဟာ နွေ့လောက် ပွင့်လင်းမှု မရှိ
လျှို့ဝှက်တတ်သော မိန်းကလေးမှန်း မြင်ကြည့်လို့ ရနေခဲ့
သည်။

"နွေ ကျွန်တော့်ပိုက်ဆံအိတ်ကို ကောက်ရတော့ ပိုက်
အိတ်ထဲကို ဖွင့်ကြည့်မိမှာပေါ့"

"မေးနေရသေးတယ် ... ဖွင့်ကြည့်လို့ပဲ ရှင့်နာမည်သိ
ပေါ့"

"အဲဒီထဲမှာ သူ့ဓာတ်ပုံ ရှိတယ်လေ"

"တွေ့သားပဲ"

"ကျွန်တော့် ကောင်မလေးလို့ နွေ ထင်တာပေါ့ ... ဟုတ်
လား"

"ထင်တာပေါ့"

"သူက ကျွန်တော့် ချစ်သူပဲ နွေ"

နွေသည် ဘာထပ်ပြောရမှန်း မသိသဖြင့် သူ့စကား
ကို ခေါင်းညိတ်ပြလိုက်လေသည်။





ထင်နေခဲ့တာ မဟုတ်ဘူး။ သူ့ချစ်သူဆိုတာ သိကို
သိနေခဲ့တာ။

ချစ်သူရှိပြီးသား ကောင်လေးတစ်ယောက်ဆီမှာ
နောက်ထပ် ကောင်မလေးတစ်ယောက်ကို ချစ်ဖို့ အချစ်တွေ
ဘယ်ရှိနိုင်တော့မလဲနော် ...။

"သူ့နာမည်က မေလရိပ်တဲ့။

ကျွန်တော်က လရိပ်လို့ ခေါ်တယ် ...

တစ်ခါတလေ လရိပ်လေးလို့ ခေါ်တယ် ...

သူနဲ့ ကျွန်တော်က ကလေးဘဝတည်းက ခင်ခဲ့ကြ
တဲ့ ငယ်သူငယ်ချင်းတွေပေါ့ ...

ပြီးတော့မှ ချစ်သူတွေ ဖြစ်သွားခဲ့ကြတာ ..."

"ဒါဆို သံယောဇဉ်က နည်းတဲ့ သံယောဇဉ် မဟုတ်ဘူး
ပေါ့နော်"

ကောင်လေးက ခပ်အက်အက် အသံဖြင့် ရယ်သည်။

ဘယ်လောက်ပဲ သံယောဇဉ်များများ တစ်ချိန်ကျ
ရင် ခွဲဖို့အကြောင်း ဖန်လာရင် ခွဲခဲ့ကြရတာပဲ။

တကယ်ဆို ... ဒီလို မဖြစ်သင့်ဘူး။ ချစ်သူဟာ
ကိုယ့်ဘက်မှာပဲ အမြဲရပ်နေနိုင်ရမှာ။ ကောင်လေးက စကားဆက်
လိုက်သည်။

www.burmeseclassic.com



"ဒါပေမဲ့ နွေရယ် ...။ သံယောဇဉ် ဘယ်လောက်ကြီးခဲ့ ကြီးခဲ့။ ခုတော့ ... ကျွန်တော်တို့ ခွဲခဲ့ကြရတာပဲ"

နွေကား ... သူ့ရဲ့ ကြေကွဲမှုထဲမှာ ငေးနေခဲ့ရှာလေသည်။



BURMESE CLASSIC .com



၆

ငယ်ငယ်တည်းက မြင်နေကျ လရိပ်ဟာ ရှစ်တန်းအောင်ပြီးသောအခါ ကောင်လေးရဲ့ မျက်လုံးထဲမှာ တစ်မျိုးထူးခြားပြီး ကြည့်ကောင်းသလို ဖြစ်လာသည်။

မေလရိပ်ဟာ အရပ်လည်း ပိုမြင့်လာပြီး လှပြီးသား အသားဖြူဝင်းဝင်းလေးကပင် ပိုပြီး ဝင်းပလာသလိုလို။

မျက်လုံး/မျက်ဖန်များကတော့ ဂျပန်မလေး တစ်ယောက်လို ရှည်ရှည်စင်းစင်း မျက်တောင်တိုတို ထူထူစိပ်စိပ်၊ နှာခေါင်းထူတန်းတန်းလေးနဲ့ နှုတ်ခမ်းပါးပါးလေးတွေကတော့ ပန်းရောင် အလိုလို သမ်းနေတာကပဲ တစ်မျိုးဆန်းနေသလိုလို။

"လရိပ် ... နင် အလှပိုပြင်လာသလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုးတန်းမတက်ခင် ကျူရှင်ယူနေကြသော ကျောင်း မဖွင့်ခင် ကျောင်းပိတ်ရက် တစ်ရက်မှာ ကောင်လေးသည် အဝ ရောင် စပို့ရှပ်၊ ချောကလက်ရောင်ရင့်ရင့် စကတ်လေးနဲ့ လှ သော လရိပ်ကို မနေနိုင်တော့စွာ စတင်မေးလိုက်မိတာ ဖြစ်သည်။

"ငါက ဘာဖြစ်နေလို့လဲ"

"မသိဘူး"

ကောင်လေးက အမှန်အတိုင်း ပြောရမှာ ရှက်နေ ပြန်သည်။

"ပြောပါ ... အံမယ် ဖြစ်ရပြန်ပြီ ... မဝံ့မရဲနဲ့။ နင်ပြော ကာကို ငါက စိတ်တိုမှာမို့ အဲဒီလို ဖြစ်နေတာလား"

"ဒီလိုပါ"

"ဘာ, ဒီလိုပါလဲ ... ပြော"

"အေးပါ"

"အေးပါ လုပ်မနေနဲ့ ပြော"

"ဪ ... ဒီလိုပါ ... နင်က အခုတလော ပိုလှလာသ ပဲ"

"ငါ့ကို ဘယ်လိုမြင်ပြီး ဝေဖန်တာလဲ"

"အလှပိုပြင်လာတယ်လို့ ထင်တယ် ... ဒါကြောင့် ပို လာတယ်လို့ ထင်တယ်"

"အလှပိုမပြင်ပါဘူး ... ကြည့်ကောင်းအောင် ဝတ်တတ် စားတတ် နေတတ် ထိုင်တတ် လာတာပါ"

"ဘာဖြစ်လို့ အဲဒီလိုဖြစ်အောင် နေရတာလဲ"

"ဪ ... မိန်းကလေးဆိုတာ အသက်ကြီးလာရင် လှချင် လာတာပေါ့ဟဲ့ ... ဘာမှ မဆန်းပါဘူး။ ပြီးတော့ ငါတို့ အခုကိုးတန်းရောက်ပြီဟဲ့ ... ကိုးတန်း ဆယ်တန်း နှစ်နှစ် ပြီးရင် တက္ကသိုလ်တက်ရမှာဆိုတော့ ခုတည်းက ကလေးပုံ ကို ကြိုဖျောက်ထားတာပေါ့ ... ကလေးပုံကြီးနဲ့ တက္ကသိုလ် တက်လို့ မဖြစ်ပါဘူး ... ဟုတ်တယ် မဟုတ်လား"

"နင့်ဘာသာ အလှပြင်ချင်လို့ ပြင်တာ ... တက္ကသိုလ်ကို ကလေးပုံနဲ့ မတက်ရဘူး ဆိုတာတော့ မရှိပါဘူးဟာ"

"အေး ... ဘာပဲဖြစ်ဖြစ် ငါပြင်တာဆင်တာ မြင်ရတော့ နင်လည်း သဘောကျတာပဲ မဟုတ်လား"

ကောင်လေးက မေလရိပ်၏ မေးခွန်းအတွက် ကတုန် ယင်ဖြစ်ကာ မဖြေရဲပြန်ပါ။

သဘောကျနေပါတယ် ... လို့ ဖြေလိုက်တဲ့ အခါမှာယ် ဲမှာ ဘာရည်ရွယ်ချက်တွေ ပါသွားမလဲ။ သူ့ကိုယ်သူ မယုံသဖြင့် သူ ဒီမေးခွန်းကို မဖြေရဲတာ ဖြစ်သည်။

www.burmeseclassic.com



ဒီလို အရွယ်မှာ အချစ်ဆိုတာကို စူးစမ်းလေ့[illegible] တတ်လာပြီမို့ လရိပ် အပေါ် သူ့စိတ်တွေ တစ်မျိုးထူးခြား[illegible] ပြောင်းလဲလာခြင်းထဲမှာ ဘာတွေရှိနေမလဲဆိုတာ သူ သိသ[illegible] ဖြစ်ချင်နေဆဲ။

"ဖြေလေဟဲ့ ... ဘယ်လို ဖြစ်နေတာလဲ"

လရိပ်ဟာ ကောင်လေးကိုဆို အမြဲအနိုင်ယူနေ[illegible] အတိုင်း ဒီတစ်ခါလည်း အနိုင်ယူပြီး သူမ လိုချင်သည့် အဖြေ[illegible] ခြေဆောင့် နှုတ်ခမ်းစူရင်း မေးနေတော့သည်။

ပြီးတော့ ...

လရိပ်ရဲ့ အကျင့်အတိုင်း ကောင်လေး၏ ကျောပြ[illegible] ကို ပေတံနဲ့လည်း တဖတ်ဖတ် ရိုက်နေပြန်သေးသည်။

"ငါ သဘောကျ,မကျတော့ မသိဘူး ... တခြားကော[illegible] တွေကတော့ နင့်ကို အသေရရ၊ အရှင်ရရ ဖြစ်နေပြီ"

"သူတို့ဘာသာ ဖြစ်ချင်တာ ဖြစ်ပေါ့"

"ဘာဖြစ်ချင်တာ ဖြစ်လဲ ... နင့်ကို ငါ ကြည့်မရတော့ဘူး"

"ဟယ် ... ကြည့်စမ်း ... ငါ့ကို ပြောစရာလား"

လရိပ်ဟာ ကောင်လေးကို ဒေါသဖြစ်ဖြစ်နဲ့မို့ လ[illegible] သီးဆုပ်နဲ့ ကောင်လေး၏ ကျောပြင် လက်မောင်း စသည်တို့[illegible] အုန်း ... အုန်းနှင့် အသံမြည်အောင် ထုရိုက်လေသည်။





ကောင်လေးသည် လရိပ်၏ လက်ချက်ကြောင့် အီစိမ့်နေအောင် နာကျင်လာပါသည်။

"တော်စမ်းဟာ ... နာလိုက်တာ ... လူကို အသားလွတ် နှိပ်စက်နေတယ် ... ဒါကြောင့် လူကြီးတွေက ပြောတာ... လူတွေဟာ မှန်တာပြောတာ ခံရရင် ဆတ်ဆတ်ခါအောင် နာကြတယ်တဲ့"

"ဘာ ... ဆတ်ဆတ်ခါ နာတာလဲ ... နင် ငါ့ကိုဆို အမြဲ မကောင်းပြောတဲ့ကောင် ...၊ ဟင်း ... ကျက်သရေကို မရှိဘူး ... အကောင်စုတ်"

လရိပ်က သူ့ကို ရက်ပေါင်းများစွာ စိတ်ကောက်ပါသည်။ ကောင်လေးက လရိပ် သူ့ကို မခေါ်လျှင် နေလို့ထိုင်လို့ မရအောင် မနေတတ်သူမို့ လရိပ်ကို အမျိုးမျိုး ချော့ရပါသည်။

လရိပ်က အရုပ်ပိစိလေးတွေ ကြိုက်တတ်သည်။

ပန်းပွင့်သေးသေးလေးတွေ ကြိုက်တတ်သည်။

ခဲတံအိတ် လှလှလေးတွေ စုတာ ဝါသနာပါသည်။

ဘီးလှလှလေးတွေ အိတ်ထဲမှာ အမြဲဆောင်ထားပြီး ဂျပန်ဆံတောက် ဆံပင်လေးကို ဖြီးတတ်သော အကျင့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒါတွေ မှတ်ထားတာလည်း မဟုတ်၊ လရိပ်က ပြောပြတာလည်း မဟုတ်ပါဘဲ သူတို့ အတူ အနေ ကြာလာသော အခြေအနေကပဲ သူ့ကို အဲဒါတွေ မှတ်မိနေစေ တာ ဖြစ်သည်။

ကောင်လေးက လရိပ် စိတ်ကောက်တိုင်း အဲဒီ ပစ္စည်းလေးတွေ ဝယ်၊ လရိပ်ကို အတင်းလိုက်ပေး ...၊

လရိပ်က မယူဘူး ဆိုလျှင် လရိပ် ထိုင်သောခုံမှာ အတင်းတင်ထားပြီး ထွက်ပြေး။

သို့သော် ...

လရိပ်က အဲဒီပစ္စည်းလေးတွေ မယူဘူး ဆိုပေမဲ့ ကောင်လေးက အတင်းထားခဲ့ရင်လည်း ဘယ်တော့မှ လွှင့်မပစ် တတ်ခဲ့ပါ။

အဲဒီ ပုံပြင်လေးကတော့ ကောင်လေးနဲ့ မေလရိပ် တို့ရဲ့ လှပပြီး ချစ်စရာကောင်းလှသော သံယောဇဉ်ပုံပြင်လေး တစ်ခုပဲ ဖြစ်ခဲ့လေသည်။





"နောက်တော့ ... ဘယ်အချိန်ကျမှ ချစ်သူဖြစ်သွားကြ တာလဲ"

နွေသည် ကောင်လေး ပြောပြသော ပုံပြင်လေးတစ် ပုဒ်ကို နှစ်သက် မက်မောစွာ နားထောင်နေခဲ့ပါသည်။

ပြတ်တောင်း ပြတ်တောင်း ပြောနေတာမို့ မနေနိုင်ဘဲ စကားထောက်ပြီး ဝင်မေးမိပြန်သည်။

ပြီးမှ ကိုယ့်စကားကိုယ် ပြန်ရှက်နေပြီး နှုတ်ခမ်းကို လက်ချောင်းလေးတွေနဲ့ အသာဖိပိတ်လိုက်ပါသည်။

ကောင်လေးက သတိမထားမိပါ။ သူကတော့ သူ့ရဲ့ ယ်ကျွမ်းဆွေ ပုံပြင်လေးထဲကို တစ်ဖန်ပြန်ပြီး ရောက်နေကာ သူ့ မျက်လုံးတွေက အိပ်မက်, မက်နေသော လူတစ်ယောက်လို ပဲ တွေငေးနေဆဲ။

"ကျွန်တော် သူလှလာတာကို မြင်ရလေလေ စိတ်မချလေ လေ ဖြစ်လာတယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တခြားကောင်တွေ စာပေးကြ ဖုန်းဆက်ရည်းစားစကားပြောကြတာတွေ သိရလေလေ စိတ်မချမ်းလေ ဖြစ်လာတယ် ...

အဲဒါနဲ့ပဲ ကျွန်တော် သူ့ကို ဆယ်တန်းစ,တက်တော့ ဖွင့်ပြောလိုက်တယ် ...

စ,ပြောတော့ ကြောက်ကြောက်လန့်လန့်နဲ့ပေါ့ ... နွေရယ် ... ပထမဆုံး အတွေ့အကြုံ ဖြစ်နေတာကိုး ...

ကျွန်တော့်ဘဝမှာ သူက ပထမဦးဆုံးပဲလေ ... အဲဒီတုန်းက ရင်ခုန်ရတာကို ခုထိ ပြန်ခံစားနေရတုန်းပဲ"

"ဩော်"

နွေက သူတို့ရဲ့ ပုံပြင်ကလေးကို စိတ်ကူးထဲမှာ ပုံဖော်ကြည့်ကာ ဝမ်းနည်းချင်သလိုလို ဖြစ်လာပါသည်။

သူ့ဘဝမှာ မေလရိပ်ဟာ ပထမဦးဆုံးတဲ့။ သူကိုယ်တိုင်က ဝန်ခံလိုက်တာကို ဘာကြောင့် စိတ်မကောင်း ဖြစ်နေရသလဲ။

ကိုယ်က ဒုတိယလူပါလို့ သိသိကြီးနဲ့ ကိုယ်ကိုယ်တိုင်လည်း လက်ခံထားရက်နဲ့။ ဩော် ... ငါ ဘာတွေတွေးနေတာလဲ ... ငါက သူ့ကို ချစ်နေတာလေ။ သူက ငါ့အပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ ဘာမှ မသိရသေးဘဲ ဘာကြောင့် စိတ်ကူးယဉ်နေရသလဲ။





နွေသည် တစ်ယောက်တည်း အတွေးတွေနဲ့ ရှန်ဖြစ်နေမိပြန်သည်။ သူကတော့ သူ့ဇာက်လမ်းလေးကို ကြည်နူးစွာ တမ်းတနေလို့ ကောင်းဆဲပင်။

"လရိပ် ... နင့်ကို ငါ ချစ်တယ်လို့ ပြောလိုက်တော့ ... သူ စိတ်ဆိုးသွားမယ် ထင်တာ ... သူက စိတ်မဆိုးဘူးလေ ...

ခေါင်းငုံ့ပြီး အသံတိုးတိုးလေးနဲ့ ရယ်နေတယ် ...

ဘာဖြစ်လို့ ရယ်တာလဲ မေးတော့ သူထင်တာမှန်နေလို့တဲ့ ...

အဲဒီလိုပြောပြီးပြီးချင်း သူက ကျွန်တော့်နားက စပြီးထွက်သွားတာလေ ...

ကျွန်တော် လိုက်မခေါ်ရဲဘူး။ နောက်နေ့တွေမှာလည်း စကားသွားမပြောရဲဘူး ... သူကစ,ပြီး စကားမပြောမချင်း စကားမပြောရဲဘဲ သူ့ကို တကြည့်ကြည့် လုပ်နေရတယ်လေ ...

ပြီးတော့ ... ချော့လည်း မချော့ရဲဘူးပေါ့။ သူက စိတ်ကောက်တာမှ မဟုတ်တာ။ ကျွန်တော် ရည်းစားစကား ပြောလို့ စိတ်ဆိုးနေတာဆိုတော့ ဘယ်လိုလုပ် ချော့ရမလဲ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက စိတ်ညစ်ရတဲ့ ခံစားချက်ကို အခုပြန်တွေးရင် ရယ်စရာကြီး ဖြစ်နေတယ် နွေရယ် ...

တကယ်တော့ ကျွန်တော်က အကြောက်လွန်ပြီး ဖြစ်နေတာပါ ...

လရိပ်လေးက ကျွန်တော့်ကို စိတ်မဆိုးပါဘူး ... စကားပြောရမှာ ရှက်နေတာတဲ့ ... နောက်မှ သူလာပြောပြတယ်"

အမှန်တော့ ကောင်လေး ပြောပြနေတဲ့ ဇာတ်လမ်းလေးဟာ သမားရိုးကျ ဇာတ်လမ်းတစ်ခုမျှသာ ဖြစ်နေပါတယ်။

ငယ်ငယ်တည်းက ခင်လာကြတဲ့ သူငယ်ချင်းတွေ အရွယ်လေး ရလာ ...။ ကောင်မလေးက လှလာ ...။ ဟိုကောင်လေး ဒီကောင်လေးတွေက သဘောကျလာ ... အဲဒီမှာ သူငယ်ချင်း ကောင်လေးက မနာလို ဝန်တိုမှုတွေ မိစီးပြီး ရင်ထဲက ချစ်ခြင်းတွေ ပွင့်အန်လာ ...။

အင်း ... ဒါမျိုး ဇာတ်လမ်းလေးက ဘယ်တုန်းကမှလဲ မဆန်းတဲ့ ...။ ဘယ်တော့မှလဲ ရိုးမသွားတဲ့ ဇာတ်လမ်းလေးပါ ကောင်လေးရယ် ...။

နွေသည် ရင်ထဲမှာ ကြွတက်လာသော မနာလိုခြင်းဖြင့် ဝေဖန်နေခဲ့ပါသည်။





"ဘယ်တော့ကျမှ ပြန်ခေါ်ကြတာလဲ"

နွေက သူ တသသ ပြောနေသည်ကို စိတ်မရှည်တော့ဘဲ ဖြတ်မေးလိုက်သည်။

နောက်မို့ အဲဒီစိတ်ဆိုး စိတ်ကောက်တဲ့ ဇာတ်လမ်း နေရာကနေ မတက်တော့ဘူးလေ။

"ဆယ်တန်း ဖြေခါနီး ... ဟိုက ဒီက စပေါ်တွေ ထွက်လာတော့မှ ကျွန်တော်က မနေနိုင်တော့ဘဲ စပေါ်ပေးမယ်လို့ အကြောင်းပြပြီး လရိပ်ကို စပြီး စကားပြောတာပဲ ... လရိပ်ကတော့ စပြီး မခေါ်ပါဘူး"

အံမယ် ... သူ့လရိပ်ကိုကျတော့ ပြောတတ်လိုက်တာ။ ဣန္ဒြေကြီးတယ်ပေါ့။ ကိုယ့်ကို ရှည်းစားစကား ပြောထားတဲ့ စိတ်တစ်မျိုးပြောင်းနေတဲ့ သူငယ်ချင်း ကောင်လေးကို စပြီး ပြန်မခေါ်ပါဘူးပေါ့။

"ပြန်ခေါ်တော့မှ ကျွန်တော်တို့ ကြားမှာ ဘာမှမရှိတော့သလိုပဲ ... အရင်ကအတိုင်း သူငယ်ချင်းလို ပြန်ဆက်ဆံခဲ့ကြတယ် ...

ဒါပေမဲ့ ကျွန်တော်က ခွဲမလွှော့ပါဘူး ...

ဆယ်တန်းဖြေပြီးတော့ သူ့ကို ထပ်ပြောမိပြန်ဘယ်...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာတော့ သူ စိတ်မဆိုးတော့ပါဘူး စဉ်းစားဦးမယ်လို့ ပြောထားခဲ့တယ် ...

သူ စဉ်းစားမယ်ပြောတော့ ကျွန်တော် ဝမ်းသာလိုက်ဆို့ပြီး အဲဒီတစ်နေ့လုံး လူက မြောက်ကြွ မြောက်ကြွ ဖြစ်နေတာလေ ...”

“တကယ် အဖြေလည်းရရော လူက တအားမြောက်တက်သွားတာ ... ဒီ Galaxy (ဂလက်ဆီ)ကနေ ကျော်ပြီးနောက် Galaxy ကိုတောင် ရောက်သွားတယ်ပေါ့ ဟုတ်လား ကောင်လေး”

“ဟား ... နွေက အရမ်းခိုင်းနှိုင်းပြောတတ်တာပဲ ဟုတ်တာပေါ့ ... အဲဒီလိုကို ဖြစ်သွားတာပေါ့”

“မေလရိပ်က ဘယ်တော့ အဖြေပေးလဲ”

“ဆယ်တန်း အောင်စာရင်း ထွက်တဲ့နေ့ပေါ့ ... သူ့ကို ကျွန်တော် အတင်းအဖြေတောင်းလို့ ပေးတာလေ ...

အမှန်ဆို ... သူက တက္ကသိုလ်စတက်ရတဲ့နေ့ကျမှ အဖြေပေးမှာတဲ့”

“ဓာတ်ပုံလေးက ဘယ်နေ့က ပေးတာလဲ”

“ချစ်သူဖြစ်ပြီး နောက်တစ်နေ့မှာ ပေးတာ”

“ကောင်လေးက တောင်းတာလား”





“မဟုတ်ဘူးဗျ ... သူ့ဘာသာ ပေးတာပဲ ... သူ ဘာကြောင့် ပေးသလဲဆိုတာ ကျွန်တော် အဲဒီတုန်းက သိပ်မစဉ်းစားမိခဲ့ဘူး ...

နောက်မှ စဉ်းစားကြည့်မိတယ်လေ ... သူက တစ်နေ့ကျရင် ကျွန်တော့်ကို ခွဲသွားမှာမို့ တမင် ဓာတ်ပုံပေးသလားလို့”

နွေသည် သူ့ကို ထပ်မမေးတော့ဘဲ သူ့ဘာသာ ဆက်ပြောရင် ပြောပါစေဆိုပြီး အသံတိတ်ကာ နားထောင်နေလိုက်ပါသည်။ ကောင်လေးက တိုးတိုးလေး သူ့ရဲ့ ကြေကွဲစရာ ဓာတ်လမ်းကို ပြောနေခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ချစ်သူဘဝမှာ တကယ်တော့ ဘာမှပိုပြီး မပြောင်းလဲသွားပေမဲ့ (အထူးသဖြင့် အခေါ်အဝေါ်) သူတို့ သူငယ်ချင်း မိသားစု အသိုင်းအဝိုင်းထဲမှာတော့ သူတို့ကို ချစ်သူစုံတွဲလေးအဖြစ် အသိအမှတ် ပြုကြခြင်းက အခြေအနေတစ်မျိုး ပြောင်းလာသည်။

တစ်ခါတလေကျတော့ ကောင်လေးက စိတ်ကူးယဉ်ပြီး သူ့ကို တစ်မျိုးပြောင်း ခေါ်ခိုင်းမိတာမျိုး ရှိတတ်သည်။

"လရိပ်လေးရာ ... ငါ့ကို ကောင်လေးလို့ မခေါ်ဘဲ နောက်တစ်မျိုးဖြစ်ဖြစ် ခေါ်ပါလား"

"ဘာဖြစ်ရပြန်တာလဲ"

"ငါတို့က ရည်းစားဖြစ်နေပြီလေ ... ငါတောင် နင့်ကို လရိပ်လေး ချစ်လေး ဆိုပြီး နည်းနည်းပြောင်းခေါ်နေတာ နင် သတိမထားမိဘူးလား"





"ဟီး ဟီး ... ဝတ္ထုတွေ ရုပ်ရှင်တွေထဲက စာသားတွေ ကျနေတာပဲ ... ငါက နင်ခေါ်တာကြားရင် ရယ်ချင်တယ်၊ အားနာလို့ အောင့်ထားရတာ၊ သိလား"

"ဟာကွာ ... ဖီလင် အောက်လိုက်တာ"

"နင်က ဘယ်လို ခေါ်စေချင်လို့လဲ"

ကောင်လေးက စိတ်ကူးယဉ်ပြီး ...

" 'ကို' လို့ ခေါ်ပါလား"

ဟု ပြောလိုက်လျှင် လရိပ်က အော်ရယ်တော့လေ

"အမယ်လေး ... ကို ... ဟုတ်လား ... နေစမ်းပါဦး ... နင်က ငါ့ထက် အသက်ဘယ်လောက် ပိုကြီးလို့ ငါက 'ကို' လို့ ခေါ်ရမှာလဲ"

"ဟာ ... သူများတွေလည်း ဒီလိုပဲ အသက်ကြီးကြီး၊ မကြီးကြီး ချစ်တဲ့ အထိမ်းအမှတ်နဲ့ ခေါ်ကြတာပဲ ... ကို မခေါ်ချင်ရင် မောင်လို့ ခေါ်"

"မောင်ဆိုတာက လင်မယားတွေမှ ခေါ်တာဟဲ့။ ပြီးတော့ နင်က ငါ့ထက် အသက်မှ မငယ်တာ ခေါ်ရမှာ ဖီလင် မလာဘူး"



www.burmeseclassic.com

www.burmeseclassic.com

"လရိပ်ကလည်းကွာ ... ဘယ်ဟာမှ လက်မခံဘူး ...
ရတာ သိပ်ခက်တာပဲ"

အဲဒီလိုနဲ့ပဲ သူတို့ရဲ့ တစ်ဦးအပေါ် တစ်ဦး ... အဝေါ်ကိစ္စဟာ အီလည်လည်နဲ့ အမြဲပဲ အဆုံးသတ်ခဲ့ရ...

သို့သော် ... ကောင်လေးက လရိပ်ကို ချစ်... လရိပ်ကလည်း ကောင်လေးကိုပဲ တစ်ယောက်တည်း ချစ်ခဲ့... ဆိုတာ သူတို့ရဲ့ နှလုံးသားကိုယ်စီမှာ စိတ်ချယုံကြည် နားလည်... ခဲ့ကြပါသည်။

သူတို့ တက္ကသိုလ် တက်ရဖို့ နီးလာတဲ့ ရက်... ရက်မှာ ကောင်လေးကတော့ သူ့ရဲ့သီချင်းတွေနဲ့ တက္ကသိုလ် တက်ရဖို့ စိတ်ကူးတွေကို ချစ်သူလက်ကိုတွဲပြီး ဖြတ်သန်း... ကောင်းတုန်းပေါ့။

လရိပ်က ကောင်လေးရဲ့ Pop (ပေါ့ပ်)နဲ့ ... (အာရ် & ဘီ) တွဲစပ်ထားတတ်တဲ့ သီချင်းလေးတွေကို အ... တတ်သူ ... ချစ်သူဖြစ်လို့ ကောင်လေးရဲ့ အိပ်မက်တွေကို ... ပိုပြီးအကောင်အထည် ဖော်စေချင်ဆဲပေါ့။

"လရိပ် ရှိနေရင် ငါ့ရဲ့ သီချင်းတွေက ပိုပြီး အသက်...
လာလိမ့်မယ် ... Craig David (ခရိုက်ဒေးဗစ်)ရဲ့ သီ...
တွေကို ငါနဲ့ အတူတူ လိုက်နားထောင်ပေးပြီး ...





ကော်ပီစာသား ထည့်တာကို ဘေးကနေ အကြံပေးနေရင်
ငါ သီချင်းရေးရတာ သိပ်အဆင်ပြေတာပဲ သိလား ...
နင် ငါ့ဘေးမှာ အမြဲရှိနေနော် ..."

ကောင်လေးသည် တစ်နေ့မှာ သီချင်းရေးပြီးသွားတဲ့ ...အတန့် စိတ်ပျော်နေတုန်းမှာ လရိပ်ကို ဝန်ခံလိုက်လေ...။

ထိုသို့ ပြောလိုက်တော့မှ လရိပ်ရဲ့ မျက်နှာလေးက ...လာကာ အသံတိတ်သွားသည်။

"ဘာဖြစ်လို့လဲ လရိပ်"

ကောင်လေးက လရိပ်၏ မေးဖျားလေးကို လက်ညှိုး ...ငင်ကာ မေးလိုက်သည်။

လရိပ်၏ မျက်လုံးတွေက သူ့မျက်ဝန်းအစုံကို ရင် ...ဘဲ ငုံ့နေဆဲပင်။

"ဘာဖြစ်တာလဲ ... ဟာ ... ဘာဖြစ်တာလဲကွာ ... ဘာဖြစ်လို့ မျက်ရည်ဝဲရတာလဲ"

"ကောင်လေးနဲ့ ခွဲရတော့မှာ"

"ဘယ်သူက ခွဲမှာမို့လဲ"

"ဘယ်သူကမှ မခွဲပါဘူး။ လရိပ်တို့က တစ်နေရာကို ထွက်သွားရမှာမို့ပါ"


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တစ်နေ့ရာလဲ ..."

"လရိပ်တို့ မိသားစု အင်္ဂလန်ကို သွားနေရတော့မယ်"

"ဘယ်လို ..."

ကောင်လေးသည် လရိပ် ပြောသမျှ လရိပ် ဆို သမျှကို နားလည်ပေမဲ့ မယုံကြည်နိုင်စွာ မေးလိုက်မိပါသည်။

လရိပ်သည် အဲဒီစကားကို ပြောလိုက်ပြီးမှပဲ မျက် ရည်တွေ တပေါက်ပေါက် ကျလာတော့လေသည်။

"ဘာလို့ ငါ့ကို မပြောလဲ"

"မပြောချင်တာ ... အဲဒီကို သွားနေဖို့ လုပ်တာကြာ အခုမှ ဗီဇာရတာလေ ... ဗီဇာရတာ တစ်လလောက် မသွားဖြစ်သေးတာက ဒီကကိစ္စတွေ မပြီးသေးလို့ အိမ်ရောင်းရမှာတို့ ဘာတို့ပေါ့ ... မပြီးသေးတာနဲ့ ရသေးတာ။

ငါလည်း ဝမ်းနည်းလို့ နင့်ကိုပြောဖို့ ပြင်တိုင်း က သီချင်းတွေ စိတ်ကူးတွေနဲ့ ပျော်နေတာ မြင်တော့ မပြောရက်ဘဲ ကျိတ်မှိတ်ခံစားနေရတာ ကြာပြီ ကောင် ရယ် ..."

"ဟာ ... မခွဲချင်ဘူးကွာ ... အဲဒီလောက် အဝေးကြီး သွားမှတော့ ငါတို့ ခွဲရမှာပေါ့၊ ဘယ်တော့ ပြန်





မလဲဆိုတာ ဘယ်လိုမှကို အာမ,မခံနိုင်တော့ဘူး ... သိလား လရိပ်ရဲ့။ နင် ... အဲဒါကို တွေးမိရဲ့လား"

"တွေးမိတာပေါ့"

"လိုက်မသွားပါနဲ့လား လရိပ်ရယ်"

"ငါတို့ မိသားစု အကုန်သွားရမှာ ... ငါက နေခဲ့လို့ ဘယ်ရမလဲ"

"ဘာဖြစ်လို့ သွားတာလဲ"

"ဘာဖြစ်လို့ သွားတာလဲဆိုတာ ငါ သေသေချာချာ မသိဘူး။ ငါတို့ ငယ်ငယ်တည်းက ကြားနေတာပဲ ... တစ်နေ့ ကျရင် နိုင်ငံခြားမှာ သွားနေကြရမယ်လို့ ဖေဖေနဲ့ မေမေ က ပြောပြောနေတယ် ...

ငါတို့မှာ ဆွေမျိုးတွေလည်း ဒီမှာရှိတဲ့လူက နည်းတယ်လေ ... ဆွေမျိုးတွေအကုန် နိုင်ငံခြားမှာ နေနေသ လောက်နီးပါး ဖြစ်နေတော့ ဖေဖေနဲ့ မေမေလည်း တစ် နေ့ကျရင် သူတို့ပါ လိုက်သွားနေကြရမယ်ဆိုတာ ကြိုခန့် မှန်းထားလို့ ဖြစ်မှာပေါ့"

အမှန်စင်စစ် လရိပ်တို့က မြန်မာအစစ်များ မဟုတ် ပေ။ တရုတ်မြန်မာ အစပ်များ ဖြစ်လေရာ အမျိုးတွေကလည်း မြန်မာပြည်မှာရှိသူ ခပ်ရှားရှား ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် လရိပ်တို့က သူတို့ပါ နိုင်ငံခြားထွက်ဖို့ ပြင်ဆင်ထားတာလည်း ဖြစ်နိုင်မည်ဆိုတာ ကောင်လေးက အခုကျမှပဲ တွေးတတ်လာပါသည်။

"ရှုပ်တယ်ကွာ ... လရိပ် မလိုက်ရအောင် ငါနဲ့လက်ထပ်ပြီး နေခဲ့"

ကောင်လေးသည် စိတ်လိုက်မာန်ပါနဲ့ပင် ရုတ်တရက် ဆုံးဖြတ်လိုက်ပါသည်။

ပြောလည်းပြော လရိပ်ရဲ့ လက်ကိုလည်း ဆွဲထားလိုက်ပြီး ဖြစ်နေသည်။

လရိပ်က အလန့်တကြား ဖြစ်သွားပြီး လက်ကို တောင် ပြန်ရုန်းကာ ...

"ဘယ်ဖြစ်မလဲ ... ငါတို့က သိပ်ငယ်သေးတယ်"

"ဘယ်တတ်နိုင်မလဲကွ ... အခြေအနေက ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျဖို့ ဖန်တီးလာပြီပဲ"

"ငါ ငယ်ငယ်လေးနဲ့ အိမ်ထောင်သည်ဘဝ မရောက်ချင်ဘူး။ ဘာပညာမှလဲ မပြည့်စုံဘူး။ ဘာမှလဲ မယ်မယ်ရရ မဟုတ်သေးဘူး ...။ အဲဒီလို အခြေအနေမှာ အိမ်ထောင်ပြုရင် လူ့လောကထဲမှာ ရုန်းကန်မှုတွေနဲ့ နလန်ထူမှာ မဟုတ်ဘူး ကောင်လေးရယ် ..."





"ငါလည်း အသိဉာဏ်ရှိပါတယ် ... ငါတို့ယောကျ်ားလေးတွေဆို အပျော်အပါး သိပ်မက်ပြီး လွတ်လပ်မှုကို လိုလားတဲ့ လူတွေချည်းပဲ ...

ဘယ်စောစောစီးစီး အိမ်ထောင်ပြုချင်ပါ့မလဲ။

ဒါပေမဲ့ ဘဝဆိုတာ ကိုယ် ပုံသေတွက်ထားတိုင်း ဖြစ်မှ မဖြစ်တတ်တာ။ ငါကတော့ ခုချိန်မှာ ဘာမှမတွေးတော့ဘူး၊ နင့်ကို ချစ်တာ တစ်ခုတည်းနဲ့ အားလုံးကိုရင်ဆိုင်မယ် ...။ နင့်လက်ကိုတွဲပြီး ဘဝထဲကို ဝင်မယ်ဟာ ဘာဖြစ်သေးလဲ"

လရိပ်က ခေါင်းတခါခါနှင့် ငြင်းဆန်ပါသည်။

"မဟုတ်သေးဘူး ... မဟုတ်သေးဘူး ... တကယ်လက်တွေ့မှာ ဒုက္ခတွေ၊ ဆင်းရဲမှုတွေ၊ အခက်အခဲတွေနဲ့ ကြုံလာရင် အချစ်ဆိုတာဟာ ဗိုက်ပြည့်စေတဲ့ အရာတစ်ခု မဟုတ်ပါလားလို့ နောင်တရလာရင် ငါတို့ စိတ်ညစ်လာကြလိမ့်မယ်၊ ငါတို့ကြားမှာ အမုန်းတွေ ရှိလာလိမ့်မယ် ...

ငါ နင့်ကို မမုန်းချင်ဘူး ကောင်လေးရယ်။ နင့်ကို အမြဲပဲ ချစ်နေချင်တယ်၊ ပြီးတော့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ... အခုချိန်မှာ ဘာမှ ဇွတ်မလုပ်ကြရင် ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးသည် အဲ့ဒီအခိုက်အတန့်တုန်းကအေး
သရိုက်ကို အထင်မှားကာ စိတ်ဆိုးနေခဲ့သည်။

လရိပ်ကို စွပ်စွဲသလိုအသံဖြင့်လည်း အော်မိခဲ့သည်

"နင်က ငါ့ကို တကယ်မချစ်လို့ အဲ့ဒီလို ဖြစ်နေ
မဟုတ်လား။ နင် ... ငါနဲ့ လက်တွဲပြီး ရင်ဆိုင်ရဲဖို့သ
မရှိဘူးဆိုကတည်းက နင် ငါ့ကို တကယ်မချစ်လို့ပဲ"

"မဟုတ်ပါဘူး ... မဟုတ်ပါဘူးဟယ် ... ငါ နင့်တစ်ယော
တည်းကိုပဲ ချစ်ဖူးတာပါ ...

ငါ ပြောတာတွေကို ခေါင်းအေးအေးနဲ့ထား
စဉ်းစားပါ၊ နားထောင်ပါ ကောင်လေးရယ် ..."

"ဟုတ်ပါပြီ ... ငါက နင့်စကားကို နားထောင်ပါပြီ
ငါတို့က ဒီလိုနဲ့ပဲ ခွဲလိုက်ကြရမှာလား ... နင် ငါ့ကို ခွဲ
လား"

"မခွဲနိုင်ပါဘူး ကောင်လေးရယ်"

"ဒါဖြင့် ... ဘယ်လိုလုပ်ကြမလဲ၊ နင်က ခွဲလည်းမခွဲနိ
ပြီးတော့လည်း အတူတူနေကြရဖို့ ခိုးပြေးမယ်ဆိုတော့လည်
လက်မခံဘဲ ဟိုပူဒီပူနဲ့ ..."

"အခု ... ခဏခွဲမှာလို့ တွေးထားတယ်"

"ဘယ်လို"





"မိသားစုအားလုံး သွားတုန်းတော့ လိုက်သွားလိုက်မယ်
လေ။ ပြီးမှ ကောင်လေးဆီ ပြန်လာခဲ့မယ် ... ငါတို့
အသက်နှစ်ဆယ့်ငါးနှစ်ရောက်မှ လက်ထပ်ကြမယ်လို့ ...
ငါ စိတ်ကူးထားတယ်"

"နှစ်ဆယ့်ငါးနှစ်။ ဟာ ... အဝေးကြီး လိုသေးတာပဲ"

"အဲ့ဒီအရွယ်ကျမှ တကယ့်လူကြီးစိတ်ဖြစ်မှာ ...။ ပြီးတော့
ပညာလည်း အတန်အသင့်စုံပြီ"

"ဒီကြားထဲ ငါတို့က လုံးဝ မတွေ့ရဘူးပေါ့ ဟုတ်လား"

"ငါ ခဏခဏ ပြန်လာလည်မယ်လေ ... တစ်နှစ်တစ်ခါ
လောက် ပြန်လာလည်မယ် ... အထူးသဖြင့် နင်နဲ့ငါ သိပ်
ပျော်ကြတဲ့ သင်္ကြန်ရက်လိုအချိန်မျိုး ရောက်တိုင်းပေါ့ ...
ငါ ပြန်လာခဲ့မယ် ရတာပဲ ... ဘာမရစရာရှိလဲ ..."

"အေးလေ ... ငါ ဘာမှ တားပိုင်ခွင့် ဝင်စွက်ဖက်ပိုင်ခွင့်
မှ မရှိတာ ... နင့် သဘောပါပဲ ...

ဒါပေမဲ့ ငါ အသည်းကွဲသွားမှာတော့ သေချာတယ်"

"ဘာကြောင့် အသည်းကွဲရမှာလည်း ... တစ်သက်လုံး
ခွဲရမှာမှ မဟုတ်တာ။ အချိန်ကာလ စာစ်ခုလေးကို သည်း
ခံပြီး စောင့်မှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါက အရမ်းလွမ်းရမှာ ... လရိပ်လေးရယ် ... နင် မသိဘူး။ ငါက နင့်ကို အရမ်းချစ်ရတဲ့သူ ...။ အရမ်းချစ်ရင် အရမ်းလွမ်းရလိမ့်မယ်"

ထိုအခါ လရိပ်က ကောင်လေး၏ လက်မောင်းတွင် မျက်နှာအပ်လျက် ရှိုက်သံဖြင့် ခပ်တိုးတိုး ပြောနေခဲ့ပါသည်။

"ငါလည်း နင့်ကို အရမ်းချစ်ရတော့ အရမ်းလွမ်းနေရလိမ့်မှာပါ ကောင်လေးရယ်"

နွေသည် ဇာတ်လမ်းတစ်ပုဒ်၏ အဆုံးသတ်ကို တိတ်ဆိတ်စွာ နားထောင်နေပြီးမှ သူ့စကားလည်း အဆုံးရောက်မှ သူမ မေးလိုတာကို မေးလိုက်ပါသည်။

"ကောင်လေးနဲ့ အဆက်အသွယ်ရှိကြတယ်ပေါ့ ... ဟုတ်လားဟင်"

ကောင်လေးက ခေါင်းခါပြသည်။

"ရောက်ကတည်းက တစ်ခါမှ မဆက်သွယ်တာလား ..."

"မဟုတ်ဘူး ... ရောက်ခါစကတော့ ... တော်တော်အဆက်အသွယ်ရှိကြတယ် ...။ သူလည်း သူတို့ဆီမှာ ဖုန်းပြောခဈေးကြီးတာတောင် အရမ်းဖုန်းဆက်တယ် ...

ကျွန်တော်လည်း အဲ့ဒီတုန်းက သူ့ဆီ အပတ်တိုင်းလိုလိုပဲ ဖုန်းဆက်တာပေါ့ ...





သူက ဓာတ်ပုံတွေပို့၊ ပို့စကတ်ဒ်တွေပို့ပေါ့ ... နိုင်ငံခြားရောက်သွားတဲ့လူတွေရဲ့ ထုံးစံအတိုင်းပေါ့ ...

ပြီးတော့ သူ ကျောင်းတက်တယ်လို့ ပြောတယ်"

"ဩော် ... ကောင်းတာပေါ့"

"ကျောင်းတက်တာလည်း ကောင်းတော့ကောင်းတာပေါ့နွေရယ် ... ဒါပေမဲ့ မကောင်းတာက သူ ကျောင်းတက်ပြီး နှစ်လသုံးလကြာတော့ အဆက်အသွယ်နည်းလာရော။ ကျောင်းတစ်နှစ်ပြီးသွားတဲ့ အချိန်လောက်မှာ လုံးဝကို အဆက်အသွယ် မရှိတော့ဘူး ...

ကျွန်တော်ကတော့ သူ့မှာ ရည်းစားထပ်ရသွားပြီလို့ထင်တယ် ... ကျွန်တော့်ဘက်က ဖုန်းဆက်လို့ တစ်ခါတလေ သူနဲ့ စကားပြောခွင့် ကြုံရင်တော့ သူက ငြင်းတယ် ...

ကျောင်းစာတွေပိနေလို့ပါ၊ သူလည်း ကျောင်းတစ်ဖက်နဲ့ အလုပ်တွက်လုပ်နေလို့ပါပေါ့ ... ကျွန်တော်က မြင်ရတဲ့ လူမှမဟုတ်တာဗျ ... သူ ပြောတာ နားထောင်ရတာပဲ"

နွေသည် သူ့ဘက်က ထင်မြင်ယူဆချက်ကို သိပ်တော့ လက်မခံလိုပါ။



www.burmeseclassic.com

www.burmeseclassic.com

"နွေတော့ သူ ရည်းစားရသွားတယ်လို့ အထင်မှားတာထက် သူ တကယ်ပဲ ကျောင်းတစ်ဖက်၊ အလုပ်တစ်ဖက်နဲ့ အလုပ်ရှုပ်နေလို့ ဆိုတာကို ပိုယုံတယ်။ ဒါ့အပြင် နှစ်ခုစလုံးလည်း ဖြစ်နိုင်တယ်လို့ တွေးပါသေးတယ်"

"ခုတော့ … ကျွန်တော်တို့ လုံးဝ အဆက်အသွယ်ပြတ်တာ နှစ်နှစ်ကျော်သွားပြီ …

ကျွန်တော် သူ့ကို မမေ့ပေမဲ့ မေ့နိုင်အောင် ကြိုးစားနေတာ အောင်မြင်တော့မယ် ထင်တယ်"

ထင်တယ် … တဲ့။ ဒါဆို သိပ်မသေချာသေးဘူးပေါ့။ သူ လုံးဝ မေ့လို့ မရသေးဘူးပေါ့။

နွေသည် သူ့မျက်လုံးတွေထဲက အလွမ်းတွေကို ဖတ်လို့ရလျှင် ရင်ထဲမှာ မောသွားပါသည်။





## ၇

ကောင်လေးသည် မနက်အစောကြီး ခြောက်နာရီထိုးခင်မှာ ဖုန်းလာသဖြင့် အိပ်ချင်မူးတူးကြီးနဲ့ ထကိုင်လိုက်ရသည်။

ဖုန်းမြည်နေတာ အကြာကြီးပင်။ ဘယ်သူမှ ထ,မ …င်ကြ။

ဖေဖေနဲ့မေမေက အိမ်ပေါ်ထပ်မှာ အိပ်ရာ၊ သူတို့ …ပ်ခန်းထဲမှာလည်း ဖုန်းမထည့်ထားရာ ဖုန်းလာလျှင် နိုးမည် …တ်။

ညီတော်မောင် လူလေးကလည်း ည,ညဆို ဗီဒီယို … ထိုင်ကြည့်နေတတ်ရာ မနက်ဒီအချိန်ဟာ အခုမှ အိပ်လို့ …ာင်းတုန်း အချိန်ဖြစ်လိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကတော့ အကြီးပိပိ ဘယ်ကိုမှ
သူပဲ တာဝန်ယူဖြေရှင်းရသည်မို့ ဖုန်းလာတော့ သူပဲ အရင်နိုး
သူပဲ ဖုန်းကိုင်လိုက်ရသည်။

'ကလစ်'ဆိုသော အသံကြားရလျှင် Over
(အိုဗာဆီး) ဖုန်းဝင်သည်ဟု ချက်ချင်း သိလိုက်ရာ ရင်ထဲ
အေးခနဲ တုန်ခိုက်သွားရသည်။

ကောင်လေးတို့က နိုင်ငံခြားမှာ အမျိုးလည်းမရှိ
အသိလည်း မရှိတာမို့ အိမ်မှာဆို Over sea ဖုန်းဟာ အရင်
လရိပ် ထံမှသာ လာတတ်တာ ဖြစ်သည်။

ခုနောက်ပိုင်း မလာတော့ရာ ဒါပထမဦးဆုံး
ကြားရတာမို့ သူ့ရင်ထဲမှာ အေးနေသည်။

"ဟဲလို ..."

ကောင်လေး၏ ဟဲလို ထူးသံမှာ တုန်ခိုက်နေသလား
မသိ။

"ကောင်လေးလား ..."

သေချာသွားပြီ ...။ ဒီအသံဟာ ဘယ်သူ့အသံပါလဲ
ရယ်လို့ သေချာသွားလေပြီ။

ကြည့်စမ်း ... အံ့ဩစရာ ကောင်းလိုက်တာ။ မနေ့
တစ်နေ့ကပဲ တစ်ခါမှ အစမဖော်ခဲ့တဲ့ သူတို့အကြောင်းကို
ကို သေသေချာချာ ပြောပြခဲ့မိတယ်။





အခု လရိပ်က သူ့ကို စပြီး ပြန်ဆက်သွယ်လာသတဲ့
လေ။ ဘယ်လောက် အံ့ဩစရာကောင်းတဲ့ အဖြစ်လဲ။

"ကောင်လေးလားဟင် ... လရိပ် ဆက်တာပါ"

လရိပ်သည် တစ်ဖက်မှ အသံ လုံးဝတိတ်ဆိတ်နေ
သည့်အတွက် ထပ်ပြောလိုက်သည်။

အဲ့ဒီတော့မှ သက်ပြင်းချသံတိုးကိုးနဲ့အတူ ...

"ဟုတ်တယ် ..."

ဟု ... ဖြေသံမှာ လရိပ်အား ရင်းနှီးမှုတွေ မပါ
ခဲ့ပါ။

"ကောင်လေး ... နေကောင်းလား"

"အဲဒါ မေးဖို့ ဖုန်းဆက်တာလား"

"မဟုတ်ပါဘူး ... နှုတ်ဆက်တာပါ"

"သြော် ..."

"လရိပ် ... အခုမှ ကျောင်းပြီးတယ် ... မနေ့ကပဲ စာမေး
ပွဲပြီးတယ်လေ ... အဲဒါ အချိန်အားသွားလို့ ကောင်လေး
ကိုလည်း သတိရတာနဲ့ ဖုန်းလှမ်းဆက်လိုက်တာပါ"

"ငါ ... ဒီအိမ် ဒီနေရာမှာ ရှိနေတာ တော်သေးတာပေါ့၊
နောက်မို့ နင်နဲ့ငါ ခုလို စကားပြောရမယ် မထင်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



အဆက်အသွယ် ဖြတ်ထားပြီးမှ ဖုန်းဆက်မယ်ဆိုရင် အဲဒီလူ ဒီနေရာ ဒီဒေသမှာရှိ၊မရှိ အရင်စုံစမ်းပြီးမှ ဆက်ဖို့ စဉ်းစားပေါ့"

"မခန့်ပါနဲ့ ကောင်လေးရယ် ... လရိပ် နင့်ကို မေ့ထားတာ မဟုတ်ပါဘူး ... လရိပ် တကယ်မအားလို့ပါ _ ငါ တက်နေတာက Nursing တက်တာလေ _ ဒီမှာက Nurse လည်း ဆရာဝန်လောက်နီးပါး စာတွေ သင်ရတာ စာလိုက်နိုင်အောင် ငါ့ရဲ့ အချိန်တွေကို ကျောင်းစာထဲမှာပဲ အကုန်နှစ်ထားရတာပါ ... ပြီးတော့ ကျောင်းစရိတ်ကကြီးတော့ အလုပ်လည်း တစ်ဖက် ထွက်လုပ်ရသေးတယ် ... အရမ်းရုန်းကန်ရတာ ... နင် မသိဘူး"

"ငါက ဒီမှာနေတဲ့လူပဲ ... အဲဒီက အကြောင်းတွေ ဘယ်သိမလဲ"

"နင် ငါ့ကို စိတ်ဆိုးနေတာလား"

"မဟုတ်ဘူး ... စိတ်နာတာ"

လရိပ်သည် တစ်ချက်အသံတိတ်သွားပြီးမှ ...

"ကောင်လေး ... နင် ငါ့ကို အရမ်း စိတ်နာသွားပြီလား"

ဟု ပြန်မေးလိုက်သည်။





ကောင်လေးက မဖြေချင်တော့ပေ။ စိတ်နာရအောင် သူတို့ကြားမှာ ဘာမှ ပြဿနာလဲ ရှိခဲ့တာမဟုတ်။

လရိပ်က အဆက်အသွယ်ဖြတ်ထားတာပဲ ရှိသည်။ သူက ဘာမသိ ညာမသိ လွမ်းရနာရတဲ့သူဖြစ်သည်။

"ငါ နင့်ကို အပြစ်တော့ မတင်ပါဘူးလေ ... ငါကလည်း ငါ့ကိစ္စနဲ့ငါ လုံးပန်းနေတော့ လစ်ဟင်းတာတွေ အများကြီးပဲ ရှိခဲ့မှာပေါ့ ...

ဒါပေမဲ့ ငါ အဲဒီအတွက် နင့်ကို မတောင်းပန်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဘက်က ဘာမှ မမှားဘူးလေ"

"ငါလည်း ဘာမှ မမှားပါဘူး ... ငါက ဒီမှာ အရူးလိုပဲ လွမ်းပြီး ကျန်ခဲ့ရတဲ့လူကွ၊ ဒီတော့ စိတ်နာတာ ဆန်းသလား"

"နင့်မှာ တခြားကောင်မလေးရှိနေပြီလား"

အဲဒီမေးခွန်းကြောင့် ကောင်လေးဟာ မရှိဘူးဟု ရုတ်တရက် ဖြေနိုင်ရက်သားနဲ့ မဖြေမိပြန်။

သူ့မျက်လုံးထဲမှာ နွေ့ကို မဆီမဆိုင် ဖျတ်ခနဲ သတိရသွားသော ခံစားချက်အသစ်ကို တအံ့တဩ ပြန်၍ သုံးသပ်ဝေဖန်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ချက်ချင်း မဖြေနိုင်ဘူးနော် ... နင့်မှာ ရည်းစားအသစ် ရနေလို့ ထင်တယ်"

"မဟုတ်ပါဘူး ... မရသေးပါဘူး ... ဒါနဲ့ နင်ကရော"

"ငါလည်း မရှိပါဘူး"

"ဟုတ်ရဲ့လားကွာ"

"ဟုတ်နေရင် နင့်ကို ဘာဆက်သွယ်စရာလိုတော့မလဲ ... ငါဘာသာ Boy friend(ဘွိုင်းဖရင့်)အသစ်နဲ့ ပျော်ပြီး နင့်ကို မေ့နေမှာပေါ့"

ကောင်လေးသည် လရိပ်၏ ရန်တွေ့သံကို ကြားရလျှင် ရင်ထဲမှာ ကြည်နူးသွားလျက် တဟားဟား ရယ်လိုက်မိသည်။

သူ ... ခုထိ ငါ့ကို ချစ်နေသေးတယ် ဟူသော စိတ်ကူးက သူ့စိတ်တွေကို ကြည်နူးပျော်ရွှင်စေပြန်သည်။

"ရယ်မနေနဲ့ ... ငါ အခုနှစ် နွေရာသီကျရင် ပြန်လာမလို့"

"ဟာ ... တကယ်လား ..."

"ဘာလို့ တကယ်လား မေးနေရတာလဲ ... မလာနိုင်ရင် ငါ အာလူးဖုတ်ပါ့မလား ... လာဖို့စီစဉ်ထားလို့ နင့်ကို အရင်ဆုံး အသိပေးတာ"





"ငါ ... ငါ ... ဝမ်းသာလိုက်တာ ... လရိပ်ရယ် ... ငါ မျှော်နေမယ်နော်"

"အေး ... ငါ ဆက်ဆက်လာမှာ ... သင်္ကြန်အမီပေါ့ ... ဒါမှမဟုတ် သင်္ကြန်မတိုင်ခင် ရောက်ရင်လည်း ရောက်မယ်"

"လရိပ်လေးရယ် ..."

ကောင်လေးသည် ဆွေးမြည့်စွာ ငြီးတွားလိုက်ပါသည်။

"ကောင်လေး ... ငါ ဖုန်းချလိုက်တော့မယ်နော်။ ဖုန်းခ တွေ အရမ်းကျတော့မယ်ဟ ...။ ငါ နင့်ဆီ ဆက်ချင်လွန်းလို့ ဆက်ရတာ ... တကယ်တော့ မြန်မာပြည် ပြန်လာလည်ဖို့ ခုတည်းက ပိုက်ဆံစပြီးစုရမှာ သိလား"

"အေးပါ ... အေးပါ ... ငါ ဝမ်းသာလွန်းလို့ ဘာပြောရမှန်း မသိတော့ဘူး လရိပ်လေးရယ်"

"ငါ ဖုန်းချလိုက်ပြီ ကောင်လေးရေ ... ဘိုင့် ... See ya! (ဆီးယာ) "

မေလရိပ်ဟာ ကောင်လေးကို ဘိုဆန်ဆန်လေး နှုတ်ဆက်ပြီး ဖုန်းချသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ဘာပဲဖြစ်ဖြစ် ဒီမနက်ခင်းလေးကမ္ဘာ့ ကောင်လေးဟာ မျှော်လင့်ချက်အသစ်တစ်ခုနဲ့ နွေရာသီရက်တွေ စောင့်ရတော့ပြီပေါ့။

နွေ့ကို ဒီအကြောင်း သွားပြောရဦးမယ် ...။

■ ■ ■





ကောင်လေးမျှော်လင့်ထားတဲ့ လှပတဲ့ နွေရက်တွေကို နွေကတော့ ဆွဲဆန့်လို့ရလျှင် ဆွဲဆန့်ထားချင်ခဲ့လေသည်။

ကိုယ်နဲ့ ဘာမှ မဆိုင်ပါပဲ သူတို့ချစ်သူနှစ်ဦး မျှော်လင့်ချင်မှာ ပေါင်းဖက်လက်တွဲကြလေသတည်းဆိုသော အကြောင်းအရာကို ရင်ဆိုင်ရမှာ ဝန်လေးနေသည်။

နွေဟာ ဒီလိုပဲ တိတ်တခိုးဘဝနဲ့ ချစ်သူကို ချစ်ပြီး ဆုံးရှုံးလိုက်ရတော့မည် ထင်သည်။

နွေ မျက်နှာသိပ်မရွှင်လှတာကို နွေ့သူငယ်ချင်းတွေ ရိပ်မိလာလျှင် တစ်နေ့မှာ နွေ့ကို မေးလာတော့သည်။

နွေက လျှို့ဝှက်စရာမရှိသော အကြောင်းအရာကို ပြောပြလိုက်ပါသည်။

"ဟယ် ... ဒါဆို နင်တော့ ဆွေးပြီပေါ့"

"ဒါကြောင့် နွေတစ်ယောက် တိတ်ဆိတ်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ကိုယ့်ဘက်ကပိုင်အောင်မှ မလုပ်ထားတာ –
ခုတော့ ပိုင်ရှင်ပြန်ရောက်လာမယ်ဆိုတော့ ..."

"မဟုတ်ပါဘူး ... ငါနဲ့သူက ဘာမှ မဆိုင်သေးပါဘူး –
ငါက တစ်ဖက်သတ် ကျိတ်ပြီး စိတ်ကူးယဉ်နေခဲ့တာပါ။
ပိုင်ရှင်ရောက်လာလို့ ပြန်အပ်ရတဲ့ သဘောလည်း မဟုတ်
ပါဘူး ... ပြီးတော့ ငါ ကိုယ့်ဘက်က ဣန္ဒြေသိက္ခာကို
လုံအောင်ထိန်းပါတယ် ... ယောကျ်ားလေးတစ်ယောက်ကို
ကိုယ်ကစပြီး သဘောကျနေတဲ့ ပုံစံမျိုး သူ့ကို လုံးဝ မပြ
ခဲ့ဘူးလေ ...

ငါတို့ အရမ်းခင်တဲ့ သူငယ်ချင်းတွေလိုပဲ ခင်ခဲ့ကြ
တာ"

"ဒါပေမဲ့ ခုကျတော့ နင် ဆွေးနေရပြီ မဟုတ်လားဟဲ့"

"စိတ်တော့ မကောင်းဘူးပေါ့လေ ... ဒါပေမဲ့ ပြန်စဉ်းစား
ကြည့်တော့လည်း သူတို့နှစ်ယောက်အတွက် ဝမ်းသာ
ပါတယ်"

သူတို့ တကယ်ချစ်ကြလို့ တကယ်ပြန်ဆုံရတာပါ –

ဒါ သိပ်စစ်မှန်တဲ့ အချစ်ဇာတ်လမ်းလေးတစ်ခုပါပဲ"

"သူက နင် သူ့ကို သဘောကျနေတာ နည်းနည်းလေး
မရိပ်မိဘူးတဲ့လားဟယ်"





နွေသည် သူငယ်ချင်းတွေရဲ့ တစ်ယောက်တစ်ပေါက်
ပြောသံများထဲတွင် သူ့ကို သတိရနေခဲ့ပြန်သည်။

ကောင်လေးက နွေ့ထံ လာတွေ့သော တစ်နေ့မှာ
သူတို့အကြောင်းကို ထပ်ပြီး ကြားရပြန်ပါသည်။

"လရိပ်ဆီက စာလာတယ် သိလား ..."

"ဟုတ်လား ..."

"သူနေတဲ့ လိပ်စာက အရင်လိပ်စာ မဟုတ်တော့ဘူး၊ သူ
တို့ အိမ်ပြောင်းသွားကြပြီ... ဒါကြောင့် အရင်က ကျွန်တော်
စာတွေ တစ်ခါတလေ သတိရရင် ရေးပြီး ထည့်လိုက်တာ...
သူ မရဘူးပေါ့"

"အခု စာအဆက်အသွယ် ပြန်ရသွားပြီလား"

"အဲဒီသဘောပေါ့ ... ဖုန်းဆက်ခကျတော့ သူ့ဘက်က
လည်း ဈေးကြီးတယ်၊ ကျွန်တော့်ဘက်ကလည်း ဈေးကြီး
နေတယ် ... ဒါကြောင့် တော်ရုံတန်ရုံ မဆက်ကြတော့ဖို့
ဆုံးဖြတ်လိုက်တယ်"

"ဟုတ်တာပေါ့ ..."

"သူက Nursing ပြီးသွားပြီ ... အခု ဆေးရုံတစ်ရုံမှာ စပြီး
အလုပ်ရတယ်တဲ့ ... အလုပ်လုပ်နေတော့ ကျွန်တော့်ဆီ
သိပ်စာမရေးနိုင်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့လေ … အလုပ်က ပင်ပန်းမှာပေါ့ … ဒါနဲ့ မေလရိုပ်က ပေရယ်လ်ကျ လာမှာလား"

"လာဖြစ်မယ်လို့တော့ ပြောနေတာပဲ"

"ကောင်းပါတယ် … အဲဒီကျ ကောင်လေးတို့ လည်ချင်လည် မလည်ချင်လည်း နွေ့ဆီ ရေလာကစားနိုင်တယ်နော် … အစုတည်းက ဖိတ်ထားတယ်"

"နွေ့အကြောင်းကို ကျွန်တော်လည်း စာရေးပြီး ပြောပြထားတယ် … နွေက သိပ်ခင်စရာကောင်းတဲ့ သူငယ်ချင်းဆိုပြီး လရိပ်ကို ပြောပြထားတယ်"

မေလရိပ်ဘက်က ဘယ်လိုတုံ့ပြန်မလဲ ဆိုတာ နွေ သိတော့ သိချင်သည်။

"စာက ခုမှရေးပြီး ထည့်လိုက်တာလေ … သူ ဖတ်ရဦးမှာ မဟုတ်ဘူး"

နွေသည် နေ့စဉ်နဲ့အမျှ တိတ်တဆိတ် ကြေကွဲမှုတွေနဲ့ ငြိမ်သက်နေခဲ့သလောက် ကောင်လေးကတော့ လရိပ်ဆိုတဲ့ သူ့ချစ်သူတစ်ယောက်အကြောင်းကို ရင်ဖွင့်ရခြင်းတွေနဲ့ တက်ကြွပျော်ရွှင် အသက်ဝင်လျက် ရှိနေခဲ့သည်။

တစ်နေ့ကျတော့ ဒီလိုပဲ နွေတို့ဆိုင်လေးတစ်ဆိုင်မှာ အတူတူထိုင်ကြရင်း ဆုံဖြစ်ကြပြန်သည်။





အဲဒီမှာ နွေ့ကို သူငယ်ချင်း ကောင်ကလေးတစ်ယောက်က လာနှုတ်ဆက်ရလသည်။

သူနဲ့နွေတို့ အတန်ကြာ စကားပြောပြီးတော့ သူက နှုတ်ဆက်ပြီး ထွက်သွားပါသည်။

ကောင်လေးက နွေတို့ကို အကဲခတ်နေရင်း ထိုသူငယ်ချင်း ထွက်သွားမှ စပြီး စကားပြောသည်။

"နွေ့ကို တစ်ခုမေးမယ် … စိတ်တော့ မဆိုးနဲ့နော်"

"ဘာမေးချင်လို့လဲ … ရပါတယ်။ နွေက စိတ်ဆိုးချင်ရင်တောင် ချင့်ချိန်ပြီး စိတ်ဆိုးမှာပါ"

"အဟဲ … ဒါဆို မေးရမှာ လန့်သွားပြီ"

"ဩော် … ရပါတယ် … မေးပါ … နွေတို့ ဒီလောက်ပွင့်ပွင့်လင်းလင်း ခင်ကြတဲ့ သူငယ်ချင်းတွေပဲ … ကိုယ့်အကြောင်း သူ့အကြောင်းမေးတာ ဘာလို့ စိတ်ဆိုးနေရမလဲ … အလကားနေရင်းတော့ စိတ်မဆိုးပါဘူး"

ဒီတော့မှ ကောင်လေးက သူသောက်နေဆဲ ချောကလက်မှုန့်ရှိတ်ကို တစ်ချက်လောက် ပိုက်တံမှတစ်ဆင့် စုပ်သောက်လိုက်ပြီးမှ …

"နွေ့မှာ သူငယ်ချင်းအပေါင်းအသင်းပေါ့ … ယောကျ်ားလေးမိန်းကလေး အများကြီးပဲ ရှိတာနော် …



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နွေ့မှာ ချစ်သူရှိတယ်လို့တော့ ပြောသံ မကြားဘူး၊ နွေ့မှာ ချစ်သူ မရှိခဲ့ဖူးဘူးလား ... မရှိသေးတာလား"

နွေက သူ့မေးခွန်းကို ဇဝေဇဝါဖြင့် ပြုံးနေမိသည်။

သူ ငါ့ကိုများ ရိပ်မိသွားလို့လား။

နွေသည် သူမ သောက်နေသော ice coffee (အိုက်စ်ကော်ဖီ)ကို အဓိပ္ပာယ်မဲ့ ငုံ့ကြည့်ရင်း ... သူ ရိပ်မိသွားတယ် ဆိုရင် ရှက်ဖို့တော်တော်ကောင်းပြီ၊ ငါ တော်တော့်ကို သိက္ခာကျသွားမှာပဲလို့ တွေးနေခဲ့သည်။

"ဆောရီး ... နွေ မဖြေချင်ဘူး ထင်တယ် ရတယ်နော်၊ ကျွန်တော် မေးလိုက်မိတာ မှားသွားတယ်"

"ဟို ... ရပါတယ် ... နွေကလည်း ရုတ်တရက်ဆိုတော့ ဖြေစရာမရှိဘဲ တွေးနေမိလို့ပါ"

"ဘာတွေ တွေးနေလို့လဲ"

"ကောင်လေးက နွေ့သတင်းတွေ ဘာတွေ ကြားလာလို့ မေးသလဲလို့ပါ"

"နွေ့သတင်း ... ဟာ ... ဘယ်က ကြားရမှာလဲ။ ဒီလိုပဲ ကျွန်တော့်ဘာသာတွေးပြီး မေးတာပါ"





အံမယ်လေး ... သူ့ဘာသာတွေးပြီး မေးတာတဲ့။ သူ ငါ့စိတ်ထဲမှာ ဘာရှိနိုင်မလဲ ဆိုတာကိုများ တွေးမိသလား။

"နွေ့မှာ စိတ်မကောင်းစရာ ဇာတ်လမ်းရှိခဲ့လို့များလား၊ မပြောချင်လို့လားဟင် ... ဆောရီး ... နွေ့ကို အားနာလိုက်တာ"

"ဩော် ... မဟုတ်ပါဘူး ... နွေ့မှာ ဘာဇာတ်လမ်းမှ မရှိခဲ့ပါဘူး ... နွေ့မှာ ချစ်ရမဲ့သူ မရှိခဲ့ပါဘူး"

"တစ်ခါမှ မရှိဖူးဘူး ... ဟုတ်လား"

"ဟုတ်တယ် ... နွေ့မှာ ယောက်ျားလေးသူငယ်ချင်းတွေ လည်းရှိပါတယ် ... ဒီလိုပဲ သူငယ်ချင်းထဲက နွေ့ကို ကျိတ်သဘောကျနေတဲ့ လူတွေလည်း ရှိတာပဲ ... ဒါပေမဲ့ နွေက ဘယ်သူ့ကိုမှ ပြန်မချစ်မိဘူး ... ချစ်လို့ မရခဲ့တာပေါ့ ... သူတို့ကလည်း အဲဒါကို သဘောပေါက်ကြပါတယ် ...

နွေက သူငယ်ချင်းလိုပဲ ခင်မယ် ဆိုတော့လည်း အနှောင့်အယှက် မပေးပါဘူး ... ဒီလိုပဲ ဆက်ပြီး ခင်ကြတာပဲပေါ့ ... အဲဒီထဲကမှ သူတို့ထပ်သဘောကျပြီး ရွေးချယ်လက်တွဲသွားတဲ့ ကောင်မလေးတွေ ရတဲ့လူရှိ...



www.burmeseclassic.com

www.burmeseclassic.com



မရတဲ့လူကလည်း ဒီလိုပဲ သူငယ်ချင်းတွေလို ခင်ရင်းနဲ့ နွေ့ကို မျှော်လင့်ပေါ့ ... ဒါပဲ ... ဘာမှ စာတ်လမ်းမရှိဘူး”

ကောင်လေးက နွေ့မျက်နှာပြင်က ရီးသားမှုကို ရှာတွေ့ခဲ့ပြီးလျှင် နွေ့စကားတွေကို ယုံကြည်လို့ရနေသည်။

“အံ့ဩစရာကြီးနော် ... တစ်ခါမှ ရည်းစားမထားဖူးတဲ့ ကောင်မလေးတွေလည်း ရှိတာပဲ”

“ရှိတာပေါ့ ... လူဆိုတာ အသက်အရွယ်တော့ ဒီလောက်ရှိနေပြီ။ ရည်းစားလေးဘာလေးတော့ ရှိဖူးမှာပဲလို့ ခန့်မှန်းလို့ မရနိုင်ပါဘူး ... အဟဲ ... ရှင်းရှင်းပြောရရင် နွေ့ကို အထင်မကြီးနဲ့ရှင့်။ နွေက ရည်းစားမထားဘူးတဲ့ တော်းလေး ဖြစ်နေပြီ”

“ဘာဖြစ်လို့ ရည်းစားမထားတာလဲ ... ပြောပါဦး ... ဟဲဟဲ ... ဂျာနယ်အတွက် အင်တာဗျူးတာပေါ့နော် ... စိတ်မရှိနဲ့ပေါ့နော် ... ဖြေနိုင်မလားပေါ့နော်”

ကောင်လေးက ရွှတ်နောက်နောက်ဖြင့် ပြောရင်း သူ့လက်ထဲမှာ ပါလာသော မဂ္ဂဇင်းစာအုပ်ကို လိပ်ကိုင်လိုက်ကာ နွေ့ပါးစပ်နဲ့ မလှမ်းမကမ်းတွင်တော့ရင်း မိုက်ခရိုဖုန်းဖြင့် ထိုးထားဟန် နောက်ပြောင်ပါသည်။





ဩော် ... အခုနောက်ပိုင်း သူ့ရဲ့ ပျော်ရွှင်မှုတွေဟာ ပိုပြီး အသက်ဝင်သလိုပဲနော်။

ချစ်သူ ရောက်လာတော့မဲ့ ရက်တွေ နီးလာပြီဆိုတော့ သူ အရမ်းပျော်နေပြီပေါ့။

သူ့လိုပဲ တခြားလူတစ်ယောက်ဟာလည်း အချစ်ကြောင့် ခံစားမှုတွေနဲ့ ရုန်းကန်ရဖူးသလားဆိုတာ အခုမှ သူ သိချင်လာခဲ့သတဲ့။

“ဖြေမလား နွေ”

“ဩော် ... ဖြေပါတယ် ... ကောင်လေးရယ် ... ရှင်က အဲဒီ့လိုကြီး နောက်နေတော့ နွေက ရှက်ပြီး ဘယ်ပြောရဲမလဲ”

“ဟုတ်ပြီ ... ဟုတ်ပြီ ... ဒါဆို ကျွန်တော် မနောက်တော့ဘူး”

ကောင်လေးက သူ့လက်ထဲက စာအုပ်ကို ပြန်၍ စားပွဲပေါ် ချလိုက်သည်။

“နွေက ကိုယ်တကယ်ချစ်တဲ့သူကို တွေ့မှ ရွေးမယ်လို့ စိတ်ကူးထားတယ် ... ချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူဟာ တစ်ယောက်တည်းပဲ ဖြစ်ချင်တယ် ... တစ်ယောက်တည်းကိုပဲ ချစ်ပြီး ... အဲဒီ့တစ်ယောက်တည်းကိုပဲ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ် ... ဒါပေမဲ့ ဖြစ်လာမယ်၊ မဖြစ်လာဘူးဆို တာ ဘယ်လိုမှ ကြိုမသိနိုင်ပါဘူး"

"နွေက သိပ်ချီးကျူးဖို့ ကောင်းတာပဲ ... အဲဒီလို စိတ်ဓာတ်လေးရှိတာကို ကျွန်တော် သိပ်သဘောကျတယ်"

နွေကတော့ ကောင်လေးကို ငေးကြည့်ရင်း နှုတ်ခမ်းလေးကွေးရုံ ပြုံးပြနေမိသည်။

ရင်ထဲမှာ ကြေကွဲနေတာ ရှင် မသိပါဘူး။ တကယ်တော့ အဲဒီစိတ်ကူးဟာ ဘယ်လိုမှ ဖြစ်မလာနိုင်တော့ဘူးဆိုတာ ဘယ်သူမှ သိနိုင်မည်မထင်။





"နွေပါ လိုက်ခဲ့နော်"

ကောင်လေးက အကျိုးအကြောင်းပြောပြီးလျှင် နွေ့ကို အဲဒီစကားဖြင့် တုန်လှုပ်ချောက်ချားသွားစေပါသည်။

နွေသည် လိုက်ခနဲ တုန်လှုပ်သွားကာ ...

"အို ... ဘယ်ဖြစ်မလဲ ... နွေပါရင် ကောင်လေးတို့ ပြန်ဆံရတာ အနှောင့်အယှက် ဖြစ်နေမှာပေါ့ ...

နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့ကြပါ"

"မဟုတ်ဘူး ... ကျွန်တော်က စာထဲမှာ နွေ့အကြောင်း ရေးပြလွန်းလို့ လရိပ်က အရမ်းစိတ်ဝင်စားနေတယ် ...

နွေ့ကို အရမ်းတွေ့ချင်နေတယ် ... ဒါကြောင့် လေဆိပ်ကို လာကြိုရင် နွေ့ကိုပါ ခေါ်လာနိုင်မလားလို့ သူပဲ စပြောတာ"

နွေသည် နှလုံးသားကို ဖိကြိတ်ချေမွှများစွာပါဝင်သည့် သူမ၏ ကံကြမ္မာကို အံ့သြကြေကွဲနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အနှစ်နှစ်အလလက ကွဲကွာနေကြတဲ့ ချစ်သူနှစ်ဦးရဲ့ တွေ့ဆုံမှုကို မုဒိတာမပွားနိုင်တာဟာ နွေ့အပြစ် မဟုတ်ပါဘူးနော် ...။

နွေက သူ့ကို သိပ်ချစ်ရတာလေ ...။

နွေ အဲဒါကို ဘယ်လိုနှလုံးသားနဲ့ ပြုံးပြီး ကြည့်နေရမလဲရှင်။

"နွေ လိုက်ခဲ့မယ် မဟုတ်လား"

"နွေ့ကို လရိပ်က တကယ်တွေ့ချင်တာရော ဟုတ်ရဲ့လား"

"ဟာ ... တကယ်ပါ"

ရှင်ဟာ သိပ်ပြီး လူမှုရေးသိတတ်မှု နည်းသေးတာပဲ ကောင်လေးရယ် ...။ တကယ်ဆို ဒီမိန်းကလေးဟာ စိတ်ပါလက်ပါ လိုက်ချင်ပါ့မလားလို့ တွေးပေးသင့်ပါတယ်။

"နွေ ... မအားလို့လား"

"နွေက ..."

"ဟာ ... နေဦး၊ အဲဒီနေ့က အားလုံးပိတ်ရက်ပဲ၊ ကျွန်တော် မေ့နေတာ ကြည့်စမ်း။ အများပြည်သူ အလုပ်ပိတ်ရက် ဖြစ်နေတာပဲ"





နွေသည် အစကတော့ ညာပြောပစ်လိုက်မည်ဟု တွေးပြီး စကားစရုံ ရှိသေးသည်။ ကောင်လေးက ပိတ်ရက်ကြီး ဖြစ်နေတာကို ချက်ချင်း သတိရသွားသဖြင့် ညာပြောလို့ မရတော့ပြန်။

"နွေ့ကို ကျွန်တော်ကိုယ်တိုင် လာခေါ်ပါ့မယ် ... ပြီးတော့ အန်တီ့ကိုလည်း ခွင့်တောင်းပါ့မယ်"

"မေမေက နွေ ပြောပြရင် ရပါတယ် ... ခွင့်တောင်းမနေပါနဲ့"

"နွေ ပါလာတာ လရိပ်လည်း အရမ်းဝမ်းသာမှာပဲ ... သူက နွေ့ကို အလိုလို ခင်နေပြီ၊ ကျွန်တော် ပြောလွန်းလို့ အလိုလို ခင်နေတာတဲ့"

"အဲဒီလို ကြားရတာ ဝမ်းသာပါတယ်"

ဟုတ်ရောဟုတ်ရဲ့လား မသိဘူး။ ကောင်မလေးက ... ရည်းစား တပြောပြောလုပ်နေတဲ့ လူကို စိတ်ဝင်စားတာဟာ ... ယ်လိုမှ ရိုးရိုးမဖြစ်နိုင်ပါဘူး။ လေ့လာချင်လို့၊ အကဲခတ်ချင် ... ပဲ ဖြစ်ရမယ်။

အဲဒီလိုနဲ့ မေလရိပ်ကို သွားကြိုရမဲ့ ရက်တစ်ရက် ... ရောက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေသည် ကောင်လေးနဲ့အတူထိုင်ပြီး နွေ ရင်မဆို့ လိုသော မြင်ကွင်းတစ်ခုကို စောင့်မျှော်နေရသူ ဖြစ်နေလေပြီ။

လေယာဉ်ဆိုက်သောအခါ ကောင်လေးက ဖင်ဆ... ကြွကြွ ဖြစ်နေတော့သည်။ လေဆိပ်အထဲက လူတွေ ထွက်မ... ရခင်မှာ အပြင်မှနေ၍ ခေါင်းတမော့မော့ဖြင့် ရှာဖွေနေတော့သည်။ နွေ့ကိုလည်း တိုင်တည်လိုက်သေးသည်။

"ဟိုမှာ ... ဟိုမှာ ... လရိပ်ကို တွေ့ပြီ ... သူ ပဇွ... ရွေးတဲ့နေရာမှာ ရပ်နေတယ်ဗျာ ...

ကျွန်တော့်ကို ရှာနေတာထင်တယ် ... အပြင်... တကြည့်ကြည့်နဲ့။ သူ မမြင်ဘူး ထင်တယ်"

နွေက အဖြစ်သည်းလွန်းသော သူ့ကို ခေါင်းမညိတ်... ခေါင်းမခါ ထောက်လည်း မထောက်ခံပဲ အကဲခတ်နေခဲ့သည်...

မေလရိပ်က သူမ ဆောင်ရွက်စရာရှိသည်များ... ပြုလုပ်ပြီးတော့ ထွက်လာခဲ့သည်။

ကောင်လေး၏ မျက်ဝန်းအစုံမှ တောက်ပဖြာလာ... သော အရောင်တွေဟာ နွေ တွေ့ဖူးသမျှထဲမှာ အသက်ဝင်ဆ... သူ့ရဲ့ မျက်လုံးတွေ ဖြစ်နေသည်။

"လရိပ်လေး ... ငါ ဒီမှာ"





လရိပ်က သူ့ကို မြင်ရက်သားနဲ့တောင် သူက ...လက်ပြကြိုဆိုရင်း လှမ်းပြောလိုက်သေးသည်။

သူတို့ရဲ့ မျက်ဝန်းအစုံနှစ်ခုဟာ တစ်ယောက်နဲ့တစ်ယောက် အကြာကြီးပင် ငေးစိုက်ကြည့်နေကြတော့သည်။

ပြီးမှ လရိပ်က အရင်ဆုံး အသက်ဝင်လာကာ နွေ့ ...ကို မြုံးပြလိုက်ရင်း ...

"နွေလား ..."

ဟု မေးသလိုအသံနဲ့ စတင်နှုတ်ဆက်လေသည်။

"ဪ ... ဟုတ်သားပဲ၊ ငါ မိတ်ဆက်ပေးဖို့ မေ့နေတာ၊ ဒါ နွေလေ ..."

"နွေ့ကို လာကြိုဖို့ ကောင်လေးက အတင်းခေါ်လာတယ် ထင်တယ် ... နွေအားရဲ့လား မသိဘူး၊ အားနာလိုက်တာ နွေရယ်"

"ရပါတယ် ... နွေ အားပါတယ်"

"တို့က နွေ့ကို မမြင်ဖူးပေမဲ့ ကောင်လေး ပြောပြထား တဲ့အတိုင်း ပုံဖော်ကြည့်နေတာလေ ... တို့ မှန်းထားတဲ့ ပုံနဲ့ သိပ်မကွာပဲတွေ့ရတော့ ကိုယ့်ဘာသာတောင် ပြန်အံ့ သြနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးက ပုံဖော်တာတော်လို့ ဖြစ်မှာပေါ့ ... လရိပ်ကိုတော့ နွေက မြင်ဖူးပါတယ်"

"တို့အကြောင်းတွေ ကောင်လေးက ကောင်းကောင်း အတင်းအုပ်ထားပြီ ထင်တယ်"

"ကဲ ... ကဲ ... လာကြ။ ဒီမှာ ရပ်စကားပြောမနေကြနဲ့၊ လူသိပ်ကျပ်နေပြီ ... နောက်မှ ဆက်ပြောကြပေါ့"

ကောင်လေးက သူ့ကားရပ်ထားရာဆီ ဦးဆောင်ပြီး ရှေ့ကသွားနှင့်သည်။

လရိပ်ရဲ့ ခရီးဆောင်အိတ် Luggage က ဘီးပါ၍ ကိုင်းက ဆွဲသွားလို့ရသဖြင့် သူက အဲဒါကို တစ်ဖက်ကဆွဲ၊ ပခုံး တစ်ဖက်ကတော့ လရိပ်၏ ပခုံးလွယ်သားရေအိတ် အစွယ်တော် လေးကို လွယ်ပေးထားသည်။

"တို့က ခဏပဲ အလည်လာတာဆိုတော့ တစ်ယောက်တည်း လည်း တစ်ယောက်တည်းဖြစ်နေတော့ ဘာမှ များများစားစား သယ်မလာဘူးလေ ...

အဝတ်အစားအသုံးအဆောင် အနည်းအကျဉ်းနဲ့ လက်ဆောင်လေးတွေပဲ ထည့်လာတာ"

"ကောင်းပါတယ် ... တစ်ယောက်တည်းဆိုတော့ သယ်ရ ရတာ လေးမှာပေါ့ ... နည်းတာပဲ ကောင်းပါတယ်"





"နွေ့ကိုလေ ကောင်လေးက တော်တော် ခင်တာသိလား၊ သူ့ဆီက အပတ်တိုင်း စာတစ်စောင်လာတယ်။ စာတိုင်း မှာ နွေ့အကြောင်း မပါတာ မရှိဘူး။ အမြဲပါ နေတတ် တယ် ...

တို့က အဲဒါနဲ့ သိလိုက်တယ် ... နွေဟာ တို့ပြီးရင် သူ့ဘဝမှာ ထပ်ပြီးခင်ရတဲ့ အခင်ဆုံးသူငယ်ချင်း ဖြစ်မယ် လို့"

အင်း ... လာပြီ ... လာပြီ။ အသုံးအနှုန်းတွေကတော့ စတင်လာပြီ။ ဘာတွေ ထပ်ကြားရဦးမလဲ မသိဘူး။

"သူက လရိပ်ကို အမြဲ သတိရနေတဲ့ အကြောင်းလည်း နွေ့ကို ပြောပါတယ်"

"ဪ ..."

"သူက တော်တော် သတိရတာ။

သူ့ Wallet ထဲမှာ လရိပ်ပုံကို အမြဲထည့်ထားတာ လေ။ နွေက သူ့အိတ်ကို ကောက်ရတော့ တွေ့သွားတာ ပေါ့"

"လရိပ်က သူ့ကို ကလေးပုံလေး ပေးခဲ့တာလေ၊ အခုနဲ့ ဘယ်တူတော့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တူပါတယ် ... လရိပ်က ဓာတ်ပုံထဲကနဲ့ အပြင်နဲ့ ပုံစံမကွဲပါဘူး။ ဒါနဲ့ လရိပ်က ဘယ်မှာတည်းမလဲ"

"တို့မှာ အမျိုးလည်း သိပ်မရှိပါဘူး၊ ရှိတဲ့ အမျိုးဟွေက အမေရိကားမှာ နေတာ များတယ်၊ ဒီမှာကျန်တဲ့အမျိုးနဲ့လည်း အဆက်အသွယ် မရှိတော့ တို့ လာမှာကို အကြောင်းမကြားထားဘူးလေ။ ဒီတော့ ကောင်လေးက သူ့အိမ်မှာတည်းလို့ ပြောပေမဲ့ တို့နေတတ်မှာ မဟုတ်ဘူး။ ဒါကြောင့် ဟိုတယ်တစ်ခုမှာ တည်းဖို့ စိတ်ကူးထားတယ်"

ကားမောင်းနေသော ကောင်လေးက ဝင်ပြောလေသည်။

"ဟာ ... ဘယ်ဖြစ်မလဲ ... မိန်းကလေးတစ်ယောက်တည်း မတည်းပါနဲ့"

"ဟိုတယ်မှာတည်းတာ ဘာမှ မဖြစ်ပါဘူး။ ရိုးရိုးသားသား တည်းတာပဲ မတည်းရတော့ဘူးလား ...

တို့ အင်္ဂလန်မှာဆို တစ်ယောက်တည်း အခန်းငှား နေနေတာ မကြောက်ပါဘူး"

"ဘာရယ် ... နင်က တစ်ယောက်တည်းနေတာ ဟုတ်လား၊ ငါ့ကို မပြောပါလား"





နွေသည် သူတို့ပြဿနာကို နားထောင်ရမှာ အားနာကာ ကားပြတင်းမှတစ်ဆင့် အပြင်ကို လှည့်ငေးနေလိုက်ရပါသည်။

"ငါ အိမ်ပြောင်းသွားတာ အဲဒီ့ကိုပေါ့ ... ငါ့မိဘတွေနဲ့ မနေတာ ကြာပြီ"

"ဘာလို့ မနေရတာလဲ"

"ငါတို့ အိမ်နဲ့ ကျောင်းသွားတက်ရတဲ့ နေရာက ဝေးတယ်၊ ရထားစီးသွားတာတောင် ကြာတယ်။ ပြီးတော့ အလုပ်နဲ့လည်း ဝေးနေတယ်။ ဒါကြောင့် အားလုံးနဲ့ နီးမဲ့ တိုက်ခန်းတစ်ခုကို ငှားပြီး ငါ သွားနေလိုက်တာလေ ... Weekend(ဝိတ်ခ်အန်းထ်)တွေတော့ မိဘအိမ် ပြန်နေပါတယ် ... ဒီလိုပဲ နေနေကြတဲ့ ကောင်မလေးတွေ အများကြီးပါ ... ဘာမှမဆန်းပါဘူး"

"ဘာမှ မဆန်းပေမဲ့ နင်က မြန်မာပြည်က သွားတာလေ၊ တခြားအဖြူမတွေလို နေချင်လို့ သင့်တော်မလား ...

တောက် ... ငါကွာ ... နင် အရင်ကနဲ့ တူကို မတူတော့ဘူး ... သိပ်ရဲလာတယ်"

"လူ့လောကကြီးထဲမှာ ယောကျ်ားမိန်းမ ခွဲခြားပြီး ယောကျ်ားက ဒါလုပ်ရမယ်၊ မိန်းမက ဒါမလုပ်ရဘူးလို့ သတ်မှတ်နေရင် ဘယ်တော့မှ တိုးတက်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ … အဓိပ္ပာယ်မရှိတဲ့ ဒိုင်ကြောင်တွေ။ ငါ လုံးဝ လက်မခံဘူး"

"ငါ ဒီကို ပြန်လာလည်တာ နင်နဲ့ စကားနိုင်လုဖို့ မဟုတ်ဘူး၊ နင့်ကို တွေ့ပြီး ဆွေးနွေးစရာလေးတွေ ဆွေးနွေးဖို့ ပြန်လာတာ"

"ငါကတော့ အဲဒီ နင်တစ်ယောက်တည်းနေတဲ့ ကိစ္စကို အရင်ဆွေးနွေးမယ်"

"ဒါနဲ့ ကောင်လေးရဲ့။ နင် စိုးရိမ်ထိတ်ဖြစ်သလား"

"စကားမလွှဲနဲ့၊ ငါ စိုးရိမ်ထိတ်ရင် နင် မသိရဲ့ မနေဘူး။ နင် မရှိလို့ ငါ ဘာမှ မလုပ်ဖြစ်တော့တာ သိရဲ့သားနဲ့"

"မိန်းကလေးဖြစ်တဲ့ ငါတောင် ကိုယ့်ဘဝကိုယ် တိုးတက်အောင် လုပ်နိုင်သေးတာ။ နင်ကတော့ ဘာမှ မလုပ်နိုင် မကိုင်နိုင်နဲ့ …"

နွေသည် သူတို့၏ စကားနိုင်လုပွဲအား ဘေးလူတစ်ယောက်အနေနဲ့ နားထောင်ပြီး အတူလိုက်နေရသည်ကို တော်တော်ပင် စိတ်ညစ်ညူးနေရလေသည်။

တကယ်ဆို နွေဟာ သူတို့နဲ့ ဘာမှ မပတ်သက်တဲ့ ကြားလူတစ်ယောက်ပါ။ ကောင်လေးက အတင်းခေါ်လို့ ဒီပွဲမှ ဝင်ပါနေရသူဖြစ်ပေမဲ့ ဘယ်အခန်းကဏ္ဍကမှ အရေးပါတာ





မဟုတ်ဘဲ ဝင်ပါရရုံ ကပြနေရသူ တစ်ယောက်ပဲ ဖြစ်နေလေသည်။

"ငါ့ကို ဟိုတယ်တစ်ခုပို့ပေးနော် … နင်မပို့ရင် ငါ့ဘာသာ ရှာသွားရရင် မကောင်းတဲ့ ဟိုတယ်တစ်ခုခုကို ရောက်ရင် ရောက်သွားလိမ့်မယ်"

"အေးပါ"

နောက်ဆုံးတော့ ကောင်လေးက မေလရိပ်အတွက် ဟိုတယ်သန့်သန့်လေးတစ်ခုကို သူ ကိုယ်တိုင်ပဲ ရွေးချယ်ပေးလိုက်ပါသည်။


သူတို့ လမ်းခွဲသောအခါကျမှပဲ နွေ့စိတ်တွေ ရှင်းလင်းသွားရလေသည်။ သို့ပေမဲ့ နွေ စိတ်မအေးသေးပါ။ ရှေ့ဆက်ပြီး သူတို့ကြားမှာ နွေ ဘယ်နေရာက ဝင်ပါရဦးမည် မသိချေ။



www.burmeseclassic.com

www.burmeseclassic.com









# အပိုင်း(၃)

## [ကောင်လေး]





www.burmeseclassic.com

www.burmeseclassic.com







## ၈

နွေ့ထံ သူ မျက်နှာမကောင်းစွာ ရောက်လာခဲ့သည်။ နွေက ဈေးဝယ်သူကောင်ကလေး၊ ကောင်မလေး စုံတွဲတို့ကို ရောင်းလို့မပြီးသေးရာ သူက ဆိုင်ရှေ့မှာ ချထားသော ခွေးခြေခုံပု လေးမှာ ထိုင်စောင့်နေသည်။

"နွေ အားရဲ့လား"

နွေ ရောင်းချပြီး/သွားမှ သူ့အနားရောက်လာလျှင် သူက အားနာနေသော မျက်လုံးတွေနဲ့ကြည့်ပြီး မေးပါသည်။

"အားပါတယ်"

"ကျွန်တော်လည်း ပြောစရာရှိတိုင်း နွေ့ဆီ လာလာနေတာ မကောင်းဘူးဆငဲတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် ... နွေက နားထောင်ပေးနိုင်ပါတယ်"

"ကျွန်တော်ကလည်း ကျွန်တော်ပဲ ... တစ်ခုခုဆို နွေ့ကို အရင်ဆုံး သတိရ,ရနေတာလေ"

အင်း ... အဲဒီ အပြောလေးတွေနဲ့ပဲ နွေက ဒီမှာ အရှုံးဖြစ်နေတာရှင် ...။

နွေဟာ တစ်နေ့ထက်တစ်နေ့ တသသ တွယ်တာလာရလေပြီ။ သူ့ဆီက မရနိုင်တော့သော ချစ်ခြင်းမေတ္တာကို မမျှော်လင့်ဘဲနဲ့ နွေ သူ့ကို တွယ်တာနေတာဟာ နွေ အင်မတန်မှ မိုက်မဲနေတာပါ။

"ကောင်လေး ဘယ်သွားချင်လဲ ..."

"ရပါတယ် ... နွေ ကြိုက်တဲ့နေရာသွားပါ ... ကျွန်တော်က နွေ့ကို စကားပြောချင်တာပဲရှိတယ် ... ဘယ်ပဲသွားရသွားရ"

"ဒါဆို FMI အပေါ်ထပ်ကဆိုင်ပဲ သွားရအောင်နော်"

"ကောင်းသားပဲ"

နွေတို့ကားမယူဘဲ ဈေးထဲက လမ်းလျှောက်ထွက်လာရင် ရောက်နိုင်သော FMI ကိုသာ အတူလမ်းလျှောက်ထွက်လာသည်။

နွေက နေပူလွန်းသဖြင့် ခေါက်ထီးလေးကိုဖွင့်ပြီး ဆောင်းလိုက်သည်။





"ကောင်လေးရော ဆောင်းမလား"

"နေ ... နေ ... နွေပဲ ဆောင်းပါ ... ကျွန်တော်က နေပူခံနိုင်ပါတယ်"

"နွေကတော့ မရဘူး၊ နေပူထဲ ထွက်ရင် ထီးဆောင်းလိုက်ရမှ ... ထီးမဆောင်းရင် ခေါင်းမူးပြီး ဖျားတတ်တယ်"

"လရိပ်လည်း နေပူမခံနိုင်ဘူး။ သူလည်း အမြဲထီးဆောင်းတတ်တယ် ..."

ကျွန်တော်ကတော့ ယောကျ်ားလေးဆိုတော့ နေပူပူ မိုးရွာရွာ ဒီလိုပဲ သွားလိုက်တာပဲ၊ ထီးဆောင်းခဲတယ်"

စကားထဲမှာ သူ့ချစ်သူကို သတိရနေပြန်တဲ့ အရိပ်အငွေ့တွေနဲ့။ သူ တော်တော်ချစ်တတ်တာပဲ။ ဒါနဲ့များ သူတို့ ဘာကြောင့် အဆင်မပြေကြသလဲ။

Heart Rock (ဟာ့တ်ရော့ခ်) ဆိုသော ဆိုင်ကလေးမှာ စားပွဲလေးတစ်လုံးကို ရွေးချယ်ပြီး မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ ကောင်လေး က ... [illegible]

သူ လှာသည်။

"အပြင်မှာ [illegible] ... ဒီထဲမှာတော့ အေးနေတာပဲ ... ဒါပေမဲ့ အအေးတော့ သောက်ချင်နေတယ်"


www.burmeseclassic.com

www.burmeseclassic.com

"ကောင်လေး ရင်ထဲမှာ ဘာတွေက ပူနေလို့လဲ"

"ဩော် ... ဒီလိုပေါ့ နွေရယ်။ သူနဲ့ သိပ်အဆင်မပြေတော့ ရင်ထဲမှာ ဘယ်လိုမှ မအေးဘူး"

"နားလည်မှုတွေ လွဲနေရင်လည်း ညှိယူပါ ကောင်လေးရယ်။ မေလရိပ်က ကောင်လေးကို သိပ်ချစ်လွန်းလို့ ဒီလောက်နှစ်အကြာကြီး ခွဲနေတာတောင် ကောင်လေးဆီ ပြန်လာတာပဲ ...

ပြီးတော့ ဒီလောက်ဝေးတဲ့ ခရီးကြီးကို တစ်ယောက်တည်းလာရတာ ... သူ့ဘက်မှာလည်း သူ့မိဘတွေကို မနည်းပြောယူပြီး ဒီကိုလာရတာဖြစ်မှာပါပဲ"

"သူ အပြီးပြန်လာတာမှ မဟုတ်တာ"

နွေက အဲဒီအတိုင်း ထင်တော့ထင်ပေမဲ့ သူတို့ကြားမှာ တစ်နေ့ကျရင် လက်ထပ်ကြမယ်ဆိုသော ကတိကဝတ်တွေကလည်း ရှိဖူးတာမို့ တစ်သမတ်တည်းလည်း မထင်ရဲပါ။ ခုတော့ သူမ ထင်တဲ့တစ်ပိုင်းက မှန်နေလေရာ အံ့ဩမနေတော့ပါ။

"သူ ကျွန်တော့်ကို ခဏလာတွေ့တာတဲ့"

"လက်ထပ်ဖို့ ပြန်လာတာမဟုတ်ဘူးလား"

"ကျွန်တော်က လက်ထပ်မယ်ပြောတော့လည်း သူက အခု လက်မထပ်နိုင်သေးဘူးလို့ ပြောတယ်"





"ဒါဖြင့် ..."

"ဟုတ်တယ် ... အဲဒါပဲ ... ကျွန်တော်တို့ကြားမှာ ပြဿနာဖြစ်နေတာ။ သူ အရင်က ဘာပစ္စည်းဥစ္စာ၊ ဘာ[illegible]ပြီ မှလည်း မမက်ပါဘူး ... အခုကျမှ အရမ်းကို Materialism (မက်တီရီးယာယ်လစ်ဇင်)ဖြစ်နေတယ် ...

သူ မျှော်လင့်ထားတာက ကျွန်တော်ဟာ အောင်မြင်တဲ့ အဆိုတော်တစ်ယောက် ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ်ဘဲ ကိုယ်ပိုင်လုပ်ငန်းနဲ့ဖြစ်ဖြစ် ထူထောင်နိုင်နေပြီ ထင်တာတဲ့ ... အခုတော့ ကျွန်တော်က ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့။ အလုပ်ကျတော့လည်း ဖေဖေ့အလုပ်မှာ ဟိုပါ့ ဒီပါ ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မရှိသေးတဲ့ ရိုးရိုးသာမန် ကျောင်းသားလေးတစ်ယောက် ဖြစ်နေတော့ အိမ်ထောင်တစ်ခု ထူထောင်ကြရင် ဘယ်လိုဖြေရှင်းမလဲတဲ့ ... အဲဒီလိုတွေ ဖြစ်လာတယ်"

"အကယ်၍ ကောင်လေးက သူမှန်းထားတဲ့ထဲက တစ်ခုခု ဖြစ်နေရင်တော့ သူက လက်ထပ်မှာတဲ့လား"

"လက်ထပ်သွားမယ်တဲ့ ... ပြီးတော့ သူက ဒီမှာမနေဘူး၊ ဟိုမှာ ပြန်ပြီး အလုပ်လုပ်မယ်တဲ့ ... ကျွန်တော် လိုက်နေမယ်ဆိုရင် ခေါ်ဖို့ ကြိုးစားမယ်တဲ့။ သူက အမှန်အတိုင်း


www.burmeseclassic.com

www.burmeseclassic.com

ပြောကတဲ့ ... သူ့လို မိန်းကလေးတစ်ယောက်က မြန်မာပြည်မှာ ဘာမှ မယ်မယ်ရရမရှိတဲ့ ယောက်ျားတစ်ယောက်ကို လက်ထပ်ရမှာမျိုး မဖြစ်ချင်ဘူး။ ကျွန်တော့်ကို ထပ်ကြိုးစားပါဦးပေါ့ ... တစ်ခုခုအောင်မြင်တဲ့လူဖြစ်မှ သူ တစ်ခါပြန်လာပြီး လက်ထပ်မယ်ပေါ့ ... အဲဒီလိုပြောတယ်"

"ဪ ..."

နွေသည် ဘယ်သူ့ဘက်ကိုမှ မဝေဖန်ချင်၍ ငြိမ်သက်နေခဲ့ပါသည်။

မေလရိုင် နေရာမှာ နွေဆိုရင်ရော ...။ နွေကတော့ ကိုယ့်ကိုယ်ကိုယ် မဆုံးဖြတ်ချင်ပါ။

အခုအခြေအနေတွင် ကောင်လေးဘက်က ကြည့်တော့လည်း သူ့ဘာသာ မှန်နေတာပင်။ မေလရိုင်ဘက်ကလည်း သူ့အယူအဆနဲ့သူ မှန်နေပါသည်။ နွေကသာ ကြားလူတစ်ယောက်အနေနှင့် နာ ထောင်ပြီး သူတို့ကိစ္စကို ရင်မောရတာဖြစ်သည်။

"အမှန်တော့ သူ့ဆီက အဲဒီလို စကားတွေကြားရတဲ့အခါ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် သိက္ခာချခံရသလို ခံစားရတာပေါ့ ..."



သူ စွန့်ခွာသွားတဲ့သဘောက ကျွန်တော်ကပဲ အရည်အချင်းဘာတစ်ခုမှ မရှိသလို ဖြစ်နေပြီ ...

ကျွန်တော် အဲဒီလောက် အသုံးမကျတဲ့ လူတစ်ယောက် မဟုတ်ပါဘူး ...

သူ လာတော့မယ်လို့ သိလိုက်ရကတည်းက ကျွန်တော့်မှာ ခွန်အားတွေ ရှိလာသလို ခံစားရပြီး သူငယ်ချင်းတွေနဲ့ စုပြီး စီးပွားရေးလုပ်ဖို့တောင် ပြင်ဆင်ထားနေပါပြီ ...

သူ အဲဒီလို စပြောတော့ ကျွန်တော့်အစီအစဉ်တွေကို သူ့ကိုတောင် အသိမပေးချင်တော့ဘူး ...

အဲဒါနဲ့ပဲ စီးပွားရေးလုပ်ဖြစ်တော့မဲ့ကိစ္စကို လရိုင် ခုထိ မသိရသေးဘူး ... နွေ့ကိုပဲ အရင်ဆုံးပြောပြထားတာ"

နွေက အဲဒီသတင်းကို ကြားရတော့ အံ့သြဝမ်းသာသွားပါသည်။

"ဟုတ်လား ... စီးပွားရေးလုပ်ဖြစ်တော့မလား"

"တော်တော်လေး ပြီးနေပြီ ... အတီးရော အဆိုရော ပြီးနေပါပြီ ... စိတ်ကျေနပ်လောက်တဲ့ အဆင့်အထိဖြစ်အောင် စီစစ်နေကြတာလေ ...

သကြန်အပြီး မိုးရာသီဆို ဈေးကွက်လည်း ရှိလာမို့ အဲဒီလောက်ပေါ့ ... မေလကုန် ဒါမှမဟုတ် ဇွန်လလယ်လောက် ဖြစ်လိမ့်မယ် ...

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းသုံးယောက် ဝါသနာတူတွေပဲပေါင်းလုပ်တာ”

“ဘာနာမည်နဲ့လဲ ...”

“အိုရိုင်ယွန် (ORION)တဲ့ ... သုံးယောက်ဆိုတော့ ကြယ်သုံးလုံးဖြစ်နေတဲ့ သဘောပေါ့ ...”

“ဟုတ်လား ... အဲဒီလို ကြယ်မျိုးရှိလား”

“ရှိတယ်လေ ... ညကျရင် ကောင်းကင်ပေါ် မော့ကြည့်လိုက်။ ကြယ်သုံးလုံး တစ်ဖြောင့်တည်း တန်းနေတာကို ထင်ထင်ရှားရှားပဲ တွေ့လိမ့်မယ် ...

မြန်မာလိုတော့ မောင်းရင်ဆိုင်းထမ်းကြယ်လို့ ခေါ်တယ် ...

အင်္ဂလိပ်လိုကတော့ အိုရိုင်ယွန်လို့ ခေါ်တယ်”

“ကောင်လေး နွေ့ကို ပေးနားထောင်တဲ့ သီချင်းလေးတွေလည်း ပါတယ်မဟုတ်လား”

“ပါတာပေါ့ ... အတီးပိုင်းတွေ ထပ်ဖြည့်ထားတယ် ... ကျွန်တော်က POP.R&Bပေါ့ ... Craig Davidရဲ့ သီချင်းတွေ ပြန်ဆိုမှာများတယ် ... သူငယ်ချင်းတွေကလည်း အဲဒီလိုင်းပဲ”

“ကြားရတာ ဝမ်းသာလိုက်တာ ... နွေ့ကို လက်ဆောင်မပေးနဲ့နော်။ နွေ့ဘာသာ ဝယ်မယ်”





“ဟာ ... ဘယ်ဖြစ်မလဲ ... လက်ဆောင်ပေးရမှာပေါ့”

“မဟုတ်ဘူး ... နွေလည်း အားပေးတဲ့ပရိသတ်တစ်ယောက်အနေနဲ့ ဝယ်ချင်တာ ... လက်ဆောင်မပေးနဲ့၊ မယူဘူး၊ မလိုချင်ဘူးနော်။ အခုမှ နာမည်စယူတဲ့ အဖွဲ့မို့ ဝယ်ပြီး အားပေးရမယ်လို့ စိတ်ကူးထားလို့ပါ ...

အကယ်၍ အိုရိုင်ယွန်က အောင်မြင်သွားရင်တော့ နောက်ထွက်တဲ့အခွေတွေကျ လက်ဆောင်ပေးရင် ယူရမယ်လို့၊ စိတ်ကူးထားလို့ပါ”

ကောင်လေးက နွေ့ စိတ်ကူးကို ပြုံးနေခဲ့သည်။ နွေက ပြီးမှ သူတို့ပြဿနာကို သတိရသွားကာ ...

“မေလရိပ်ကိုလည်း ပြောပြသင့်ပါတယ် ကောင်လေးရယ်။ သူ သိရင်လည်း အရမ်းဝမ်းသာသွားမှာပါ”

ကောင်လေးက ခေါင်းမာသော မျက်လုံးတွေနဲ့ ခေါင်းခါလေသည်။

“ကျွန်တော် သူ့ကို ပြောပြဖို့ ဆန္ဒမရှိတော့ဘူး နွေ ... ကျွန်တော် လက်ထပ်မယ်လို့ ခွင့်တောင်းတာကို သူ အခုအခြေအနေအတိုင်း လက်ခံခဲ့ရင်တော့ ဖွင့်ပြောမလို့ပါ။ ခုတော့ သူ့ဆီက ကျွန်တော် မျှော်လင့်မထားတဲ့ စကားတွေ ကြားလိုက်ရတော့ ပြောချင်စိတ် မရှိတော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"နွေ ပြောပေးရမလား ..."

"ဟာ ... မပြောနဲ့ နွေ။ မပြောပါနဲ့။ ကျွန်တော် သူ့ဆီက ဘာသံကြားရဦးမလဲဆိုပြီး သူ မပြုံနိုင်မရှင်တော့ လက်ထပ်ဖို့ မေးနေရဦးမှာပဲ ..."

"ဟုတ်တာပေါ့ ... မေလရိပ်က ကောင်လေးကိုချစ်တဲ့ စိတ်နဲ့ သူ အယူအဆတွေ ပြောင်းသွားရင်လည်း မင်္ဂလာ သတင်းတစ်ခု ကြားရတာပေါ့"

"လရိပ်က ငါ့ ဆိုင်ကို လာသီ မဟုတ်ဘူး"

"လာလေ ... လာတယ် ... နွေက ဆိုင်မှာ အမြဲရှိပါတယ်"

နွေသည် မေလရိပ်လာလည်မည်ဆိုသည်မှာ ဈေးဝယ်ရန် မဖြစ်နိုင်ဘူးဆိုတာ အလိုလို သိမှစေခဲ့ပါသည်။

နွေ့ကို အကဲလာခတ်တာပဲ ဖြစ်မည်။ ကောင်လေးရဲ့ စိတ်နဲ့ နီးစပ်လွန်းနေသော နွေ့ကို မေလရိပ်ဟာ သဝန်တိုစိတ်တွေနဲ့ နွေ့ကို လာအကဲခတ်ပြန်တာပဲ ဖြစ်လိမ့်မည်။





လွန်ခဲ့ပါ ... ရက်ကပင် ကောင်လေးနဲ့အတူတစ်ခေါက် ရောက်လာခဲ့ပြီး ဒီနေ့ကျ လရိပ်က သူမဘာသာ တစ်ယောက်တည်းပင် နွေ့ဆီကို ရောက်လာခဲ့သည်။

"နွေနဲ့ အေးအေး ဆေးဆေး စကားပြောချင်တယ်လေ ... ဖြစ်မလား ... နွေ လရိပ်ကို အချိန်ပေးနိုင်မလား"

"ရပါတယ် မလရိပ်။ တို့တွေ ဒီမှာ ထိုင်စကားပြောချင် ရင်လည်း ပြောပေါ့ ... ဒါမှမဟုတ် အေးဆေးတဲ့နေရာ ကြိုက်တယ်ဆိုရင်လည်း ကောင်းတဲ့ဆိုင်တစ်ဆိုင်ကို ပြောင်း လို့ရပါတယ်"

နွေသည် သူတို့ ချစ်သူနှစ်ဦး၏ အဆင်မပြေမှုများကို ဒိုင်ခံနားထောင်ပေးရသူ ဖြစ်မှန်းမသိ ဖြစ်လာလေပြီ။

မေလရိပ်ဆီက ဘာများကြားရမလဲ။ ငါ့ကို စွပ်စွဲလိုတဲ့ လေသံတွေများ ကြားရမလား။ ဒါမှမဟုတ် ကောင်လေး အကြောင်းကို သူ့ထက် ငါက ဘာတွေများ ပိုသိထားသလဲလို့ စုံစမ်းချင်လို့လား ...



www.burmeseclassic.com

www.burmeseclassic.com



"နွေပဲ ... ဆိုင်ရွေးလိုက်ပါ ... လရိပ်က ဘယ်မှာ ဘာရှိတယ်ဆိုတာတောင် သိပ်မသိတော့ဘူး"

"ဒါဆိုရင် ဈေးနဲ့ သိပ်လည်းမဝေးတဲ့ ဆိုင်လေး တစ်ခုကိုပဲ သွားလိုက်မယ်နော်"

"ရပါတယ် ..."

နွေ့ကားဖြင့်ပင် ယုဇနဂါးဒင်းတွင် ဖွင့်ထားသော Snacks (စနက်ခ်)ဆိုင်ကလေးသို့ ထွက်လာခဲ့ပါသည်။

ကားပေါ်တွင် နွေကပင် စပြီး စကားပြောလိုက်ပါသည်။

"အခု တည်းရတဲ့နေရာက အဆင်ပြေရဲ့လား"

"ပြေပါတယ် ... ဟိုတယ်တွေ တော်တော်ကို များလာတာနော်။ ကြည့်ရတာ အကုန်လုံးလည်း အဆင့်မြင့်ပြီး ကောင်းမွဲပုံပါပဲ"

"မေလရိပ်က အခု ဘာအစားအစာတွေ စားပြီးပြီလဲ"

"အင်း ... ကောင်လေးတို့အိမ်က မြန်မာထမင်းဟင်းကျွေးတယ်၊ ဟိုတစ်နေ့က အုန်းထမင်း၊ ကြက်သားနှပ်၊ ဘာလဲ ချောင်နဲ့ချဉ်ပေါင်ဟင်းချိုပေါ့ ... တော်တော် စားကောင်းပါတယ် ... လရိပ်က အစပ်မစားနိုင်တော့ သူတို့ အစပ်လျှော့ချက်ထားပေးတယ်လေ ..."





ညနေစာတွေ့တော့ ကောင်လေးနဲ့ အပြင်ထွက်စားတာများတယ် ... တရုတ်စာ၊ ကုလားစာ စုံနေပါပြီ ... မနက်စာတော့ ကောင်လေးတို့အိမ်က တစ်နေ့တစ်မျိုး မြန်မာစာတွေ လုပ်ကျွေးတော့ စားရတယ် ...

ဒါပေမဲ့ လရိပ်ရောက်ခါစရက်တွေက ရေမြေပြောင်းလို့ထင်တယ် ... Diarrhoea(ဒိုင်ရီးယား) ရတယ်"

"အခုရော ... ဘယ်လိုနေသေးလဲ"

"အခုတော့ ... မဆိုးပါဘူး၊ ဒါပေမဲ့ သတိတော့ ထားနေရတယ်"

"နွေ အခု ခေါ်သွားမဲ့ဆိုင်က ဘိုစာရတယ် ... အဓိက,ကတော့ ဘိုစာရောင်းတာပေါ့။ နွေက အဲဒီဆိုင်က Sea food (ဆီးဖုထ်) ကြိုက်လို့"

"လရိပ်လည်း Sea food ကြိုက်တယ်။ ကောင်လေးက မကြိုက်ဘူး။ သူက သူ့အမေချက်တဲ့ ထမင်းဟင်း ပိုကြိုက်တယ်လေ"

"ဟုတ်တယ် ... နွေ့ကိုလည်း ပြောဖူးတယ်"

ထိုအခါ မေလရိပ်က တစ်ချက်လှည့်ကြည့်ပြီး အကဲခတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဩော်... နွေ့ကိုတောင် သူ့အကြောင်းတချို့ ပြောသတဲ့။ သူတို့ရဲ့ ရင်းနှီးမှုက ဘယ်လောက်ထိ နက်ရှိုင်းနေသလဲ။

ကောင်လေးဟာ အရင်ကနဲ့ တူကိုမတူဘူး။ အရင်ကတော့ သူ့ဘဝမှာ လရိပ်တစ်ယောက်တည်းပဲ ရှိခဲ့ပါတယ်လို့ ဆိုတားသူက အခု ပြန်တွေ့တော့ စကားလုံးတိုင်းမှာ 'နွေကလေ နွေကလေ' ဆိုတာ ကြားရပေါင်းများပြီ။

အဲဒါကြောင့်ပဲ လရိပ်ဟာ တမင်ပဲ နွေ့ကိုလေ့လာဖို့ လာတွေ့တာပဲဖြစ်သည်။

နွေဦးရာသီဟာ ကောင်လေးအတွက် ဘယ်လောက်ထိတောင် အရေးပါနေပြီလဲ။

သူဖနောင်းခင်းဟိုတယ်ဝင်းအတွင်းမှာပင် သီးသန့်ဖွင့်ထားသော ဆိုင်ကလေးရှေ့က ကားပါကင်တွင် နွေ့ကားကလေးကို ရပ်လိုက်သည်။

ဆိုင်ထဲကို အတူတူတွဲဝင်လာလျှင် ဒီနေ့တော့ ဆိုင်ထဲမှာ လူငယ်အုပ်စုလေးတွေ တော်တော်များနေတာမို့ မိန်းမချောလေးနှစ်ယောက်ကို ဝိုင်း၍ အာရုံစိုက်သူတွေလည်း များပြားနေပါသည်။





နွေက ဒီနေ့တော့ အဖြူရောင် အသားခံလက်ကောက်ဝတ်မှာ ပန်းနုရောင်လိုက်စင်းပါသော အဆင်ကို ကော်လာကလေး ပါသော ဘလောက်စ်အင်္ကျီ ချုပ်ဝတ်ထားကာ ပန်းနုရောင် တစ်ဖြောင့်တည်း စကတ်ရှည်နဲ့ ဖြစ်သည်။

နွေက အသားညိုပေမဲ့ ဝတ်စားဆင်ယင်ပြင်ဆင်မှုက စတိုင်လ်လှကာ ကြည့်ကောင်းနေတတ်သည်။

မေလရိပ်ကတော့ အသားဖြူဖြူလေးနဲ့ ဂျပန်မလေးတစ်ယောက်လို့ ထင်ရကာ ကိုယ်ကျပ်ဟိုရုပ်အနီရင့်ရင့်နှင့် ဒူးခေါင်းထိသာရှိသော အနက်ရောင် စကတ်ဖားဖား၊ ကြိုးသိုင်းဒေါက်မြင့်ကလေးနှင့် ဖြစ်သည်။ မေလရိပ်ဟာ ဘယ်လိုမှ မြန်မာရုပ်မထွက်သူမို့ သူမကို မြင်တာနဲ့ ဂျပန် (သို့မဟုတ်) တရုတ်လူမျိုး အမျိုးသမီးလေးတစ်ယောက်လို့ ထင်ရစေလေသည်။

"မေလရိပ် ဘာစားမလဲ ... ဒီမှာ မီနူးကြည့်ပြီးမှာနော်။ နွေက ပုစွန်မှာမလို့"

"လရိပ်လည်း ပုစွန်ပဲမှာမယ်"

သူတို့ မှာစရာရှိတာ မှာထားပြီးမှ စကားဆက်လိုက်ကြပြန်သည်။

"ကောင်လေးနဲ့ လရိပ် ပြဿနာ ဖြစ်ကြတယ် ... နွေ သိပြီးပြီလား"

www.burmeseclassic.com



လရိပ်က အသေအချာပင် တဲ့တိုးကြီး မေးလိုက်ပါသည်။

နွေသည် သိပြီးပြီပြောရင် မကောင်းလှတာမို့ တမင်ပဲ လိမ်ညာလိုက်ရသည်။

"နွေ မသိသေးပါဘူး"

"ကောင်လေးက ဘာမဆို နွေနဲ့ တိုင်ပင်တတ်တယ်ပြောလို့ပါ"

"အင်း ... အဲဒါတော့ ဟုတ်ပါတယ် ... ဒါပေမဲ့ တချို့ကိစ္စတွေတော့ နွေ မသိရတာလည်း ရှိပါတယ်"

"လရိပ်တို့ စကားများကြတာလေ ... အခု သူ လာတွေ့တိုင်းလည်း ပျော်ပျော်ရွှင်ရွှင်တွေ့ကြရတယ် မရှိပါဘူး၊ စိတ်ဆိုးကြ၊ စိတ်ကောက်ကြ၊ စကားနိုင်လုကြနဲ့ အမြဲရန်ပွဲတွေ ဆက်တိုက်ကြုံနေကြရတယ်"

"မေလရိပ် စိတ်ညစ်နေမှာပေါ့"

"ဟုတ်တယ်"

"ဘာအတွက် စကားများကြတာလဲ ... အို ဆောရီး ... နွေ မမေးသင့်ပါဘူး ... သူများ ကိုယ်ရေးကိုယ်တာကိစ္စကို နော် နွေ မေးမိတာကို ပြန်ရုပ်သိမ်းပါတယ်"





"အို ... ရပါတယ် ... လရိပ် ပြောပြချင်လို့ပဲ နွေ့ကို လာတွေ့တာပါ"

ထင်သားပဲ။ သူတို့အကြောင်း နွေ့ကို လာမပြောပြရင်းနဲ့ နွေနဲ့ ကောင်လေးရဲ့ အခြေအနေကို တစေ့တစောင်းအကဲခတ်မှာလေ။

ဒါပေမဲ့ လူဆိုတာ ဟန်ဆောင်ကောင်းကြသူ အများသားမို့ နွေလည်း ဟန်ဆောင်ကောင်းနေခဲ့ပါသည်။

"ကောင်လေးက လရိပ်ကို လက်ထပ်မယ်လို့ ပြောတယ်လေ ...

အဲဒီမှာ တို့တွေ စပြီး စကားများကြတာ"

"----"

"လရိပ်အမှန်အတိုင်း ဝန်ခံရရင် သူ့ကို အများကြီးမျှော်လင့်ထားတာလေ ... သူ အောင်မြင်တဲ့ အဆိုတော်ပဲဖြစ်ဖြစ် ဒါမှမဟုတ်လည်း စီးပွားရေးလုပ်ငန်း တစ်ခုခုကို ဦးဆောင်နိုင်မဲ့ လူတစ်ယောက်ဖြစ်ဖြစ် မှန်းထားတာ။ လရိပ် မသွားခင်က ပြန်ဆုံကြရင် လက်ထပ်မယ်လို့ ပြောသွားတော့ သူလည်း ယောကျ်ားတစ်ယောက်ပီပီ အစစကြိုးစားထားမယ် ထင်တာ ...



www.burmeseclassic.com

www.burmeseclassic.com

နေတော့ သူက ဘာမှ ဖြစ်မလာဘူး။ အဲဒီတော့ မိန်းကလေး တစ်ယောက် အနေနဲ့ ကိုယ်လက်ထပ်မဲ့ ယောက်ျားလေးတစ်ယောက်ဟာ ဘာကောင်ကြီးမှ မဟုတ်ရင် ဘယ်လက်ထပ်ချင်ပါ့မလဲ ...

ဘဝတစ်ခုလုံး သူ့ကို ပုံအပ်ပြီး မှီခိုအားထားရမှာလေ ...

အဲဒါကို သူ့ကို နားလည်အောင် ရှင်းပြပါတယ်၊ အခုတော့ လက်မထပ်နိုင်သေးဘူးလို့ ...

သူ ကြိုးစားခဲ့ရင် နောက်နှစ်နှစ်လောက်မှာ ဖြစ်ဖြစ် လရိပ် ပြန်လာပြီး လက်ထပ်မှာပါ ...

ကောင်လေးက အဲဒီလိုပြောတော့ လရိပ်ကို စိတ်ဆိုးတယ် ...

လရိပ်က Materialism ဖြစ်နေပြီတဲ့၊ သူ့ကို တကယ် မချစ်လို့ ဒီလိုစကားတွေ ပြောလာတာတဲ့ ...

တကယ်ချစ်ရင် ဘာမှ ကြည့်နေစရာ မလိုပါဘူးတဲ့လေ"

နွေကတော့ ကြားဖူးပြီးသား ဇာတ်လမ်းတစ်ပုဒ်ကို ထပ်ပြီး နားထောင်ရသူဖြစ်နေရာ ခေါင်းညိတ်ရုံကလွဲလျှင် ဘာမှ မေးစရာလဲ မရှိ၊ ပြောစရာလည်း မရှိ။





ကောင်လေးက နွေ့ကို လာတိုင်ပင်တာက ထားပါတော့။ မေလရိပ်ကရော နွေ့ကို ဘာကြောင့်များ လာတိုင်ပင်ချင်ရသလဲ။ သူနဲ့ နွေက ဘယ်လောက်မှလဲ ရင်းနှီးကျွမ်းဝင်တာလည်း မဟုတ်ဘဲ သူတို့အတွင်းရေးကို လာပြောပြတယ်ဆိုတာဟာ ...။

"ကောင်လေးက ခုတစ်ခေါက် ပြန်တွေ့တာ တစ်မျိုးပြောင်းလဲနေသလိုပဲ ...

သူ့မှာ တခြားစိတ်ဝင်စားစရာ ကောင်မလေးတစ်ယောက်ယောက်များ တွေ့ထားပြီလား မသိဘူးနော်"

"နွေ မသိဘူး"

"နွေတို့က အရမ်းခင်ကြတာဆိုတော့ ပြောပြထားသလားလို့ပါ"

"မပြောဖူးပါဘူး ... သူ့မှာ တခြားကောင်မလေး မရှိဘူးထင်ပါတယ်၊ ဒါပေမဲ့ ကောင်လေးမှာက မိန်းကလေးသူငယ်ချင်း အပေါင်းအသင်းတော့ အရမ်းများတာဆိုတော့ နွေ မသိတဲ့အထဲမှာလည်း သူ စိတ်ဝင်စားတဲ့ ကောင်မလေး ရှိချင်ရှိနေမှာပေါ့ ... ဒါပေမဲ့ အဲဒါလည်း မသေချာပါဘူးလေ၊ နွေ သိထားတာတော့ သူ မေလရိပ်ကို အရမ်းချစ်တယ်ဆိုတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com

နွေနဲ့သူ စပြီး ခင်ကတည်းက မေလရိပ်အကြောင်း သူ အမြဲပြောနေတာ၊ အဲဒါကလွဲရင် တစ်ခါမှ တခြား ကောင်မလေးအကြောင်း မကြားဖူးဘူး"

"လရိပ်တို့ရဲ့ ပြဿနာကို နွေက ဘယ်လို ဝေဖန်ချင်လဲ ဟင်"

နွေသည် စားရသော ပုစွန်၏ အရသာကိုပင် မခံစားမိတော့သလို ဖြစ်နေသည်။

လိမ္မော်ရည်တစ်ခွက်မှာထားလေရာ လိမ္မော်ရည်ကို တစ်ချက်ငုံသောက်လိုက်ပြီးမှ ...

"နွေက ဘေးလူဆိုတော့ ဘယ်သူ့ကိုမှ မှန်တယ် မှားတယ် မသတ်မှတ်ချင်ဘူး ...

ဘာဖြစ်လို့လဲဆိုတော့ နှစ်ဖက်စလုံးက သူ့ဟာနဲ့သူ မှန်နေတာလေ"

"ဘယ်လို မှန်တာလဲ"

"မေလရိပ်ဘက်ကလည်း မှန်ပါတယ်။ ကိုယ်ကတော့ နိုင်ငံရပ်ခြားမှာ ရောက်နေပေမဲ့ ကောင်လေးနဲ့ လက်ထပ်ဖို့ စိတ်ကူးပြီး ပညာတွေ ကြိုးစားသင်တယ် ... အလုပ်လည်း ရသလောက် လုပ်ပြီး ပိုက်ဆံစုနိုင်သမျှ စုတယ် ... မျှော်လင့်ချက်နဲ့ ပြန်လာတဲ့အချိန်မှာကျတော့ သူက ကိုယ့်လို





မဟုတ်ဘူး။ ကိုယ် မျှော်လင့်ထားသလို ဖြစ်မလာဘူးဆိုတော့ ဦးနှောက်နဲ့တွေးပြီး သူ့ကို ဘယ်လက်ခံနိုင်မလဲလေ၊ မိန်းကလေးတွေက အသက်အရွယ် ရင့်ကျက်လာရင် အချစ်ကို ဦးစားမပေးတော့ဘူးဆိုတာ နွေ နားလည်ပါတယ်"

"ကောင်လေးကရော ဘယ်လို မှန်နေသလဲ ..."

"ကောင်လေးကတော့ ... အင်း ... သူက ချစ်သူကို အရမ်းချစ်တဲ့သူဆိုတော့ စိတ်ဆိုးမှာပေါ့ ... အမှန်တော့ သူလည်း ကြိုးစားနေတာပါပဲ ... မဖြစ်သေးတာပဲ ရှိပါတယ်၊ တစ်နေ့ကျရင်တော့ မေလရိပ် မျှော်မှန်းသလို ဖြစ်လာမယ်လို့ နွေ ထင်တယ်"

ကောင်လေးက သူ့စီးရီးကိစ္စကို မပြောဘူးဟု ကြေညာထားရာ နွေကလည်း ကြားလူတစ်ယောက်အနေနဲ့ သွားအသိမပေးရဲပါ။

နွေ့ဘက်က မယုတ်မလွန်သာ ပြောပြထားလိုက်ရသည်။

"လရိပ်ကတော့ ကောင်လေးက နွေ့ကို တော်တော်သံယောဇဉ်ကြီးနေတယ်လို့ ထင်တယ်လေ ... သူ စကားပြောရင် ဆယ်ခွန်းမှာ ရှစ်ခွန်းက နွေ ဖြစ်နေတယ်"


www.burmeseclassic.com

www.burmeseclassic.com

နွေက ရုတ်တရက် ရေအေးနဲ့ ပက်ခံလိုက်ရသလို ဖြစ်သွားပါသည်။

ဒါ ဘာကိုရည်ရွယ်တဲ့ စကားလဲ ...။

"ဒါနဲ့ ... နွေ့မှာရော ချစ်သူ မရှိဘူးလား"

အို ... မဆိုင်လိုက်တာ။ သူ လာမေးစရာလား။ သူ့ရည်စားကို ငါ လုမှာစိုးရိမ်တာနဲ့ပဲ ချစ်သူမရှိဘူးလားဆိုပြီး မေးရသလား ...။

မေလရိပ်ဟာ စကားပရိယာယ် သိပ်မကြွယ်ဝလှသော မိန်းကလေးတစ်ယောက်ပဲ ဖြစ်သည်။

သူမ သိလိုသော အကြောင်းအရာကို တဲ့တိုးပင် မေးတတ်လေသည်။

"နွေ့မှာ ချစ်ရမဲ့သူ ရှိတယ်"

နွေက တမင်ပဲ ပြောလိုက်သည်။

မေလရိပ်သည် အံ့သြသလို မျက်လုံးတွေဖြင့် နွေ့ကို အကဲခတ်ရင်း ...

"ကောင်လေးကပြောတော့ ချစ်သူ မရှိဘူးတဲ့"

"ဟုတ်တယ် ... သူ့ကို မပြောချင်လို့ သူမေးတုန်းက မရှိဘူးလို့ ညာပြောထားတာ"

"ဪ ..."





"ချစ်ရမဲ့သူဆိုတာ သူက ကိုယ့်ကို ချစ်မှ ကိုယ်ကလည်း သူ့ကို ချစ်မှ ခေါ်တာမဟုတ်ဘူးလေ။ ကိုယ့်ဘက်ကချစ်နေတာကို ပြောတာပါ ... နွေက အဟဲ ... တစ်ဖက်သတ်ပေါ့။ သူ့ကို ချစ်နေတာပေါ့ ... သူကတော့ နွေ့ကို မချစ်ဘူးပေါ့ ... ဟုတ်တယ် ... နွေ့ကို မချစ်ဘူးဆိုတာ နွေ သိပါတယ် ...

ဒါပေမဲ့ ဘာဖြစ်လို့လဲ မသိဘူး ...။ နွေက သူ့ကို ချစ်နေရရင် စိတ်ချမ်းသာနေတာမျိုးလေ"

မေလရိပ်က နွေ့ကို အတွေးတွေတသီကြီးပါသော မျက်လုံးများဖြင့် အကဲခတ်နေခဲ့တော့လေသည်။


www.burmeseclassic.com

www.burmeseclassic.com



သကြ်န်ရက်မတိုင်ခင် တစ်ရက်ဟာ နွေတို့ ဈေးကြီးရဲ့ ထုံးစံအတိုင်း တစ်ဈေးလုံး သကြ်န်အကြိုရေပက်ပွဲ စတင်လေပြီ။

နွေသည် အရင်နှစ်ကလိုပဲ ဈေးရဲ့ ရေပက်ပွဲကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေသလို နွေ့ဆီ လာလည်သလိုလိုနဲ့ အမှန်တော့ ဈေးရဲ့ရေပက်ပွဲကို လာချင်ကြ၍ အကြောင်းရှာလာသော သူငယ်ချင်းတွေကိုလည်း ညှော်ခံကြိုဆိုကာ အလုပ်ရှုပ်နေခဲ့ပြန်သည်။

ပြီးတော့ နွေဟာ ကောင်လေးတစ်ယောက်ကို သတိရနေခဲ့ပြန်သည်။

ဒီလိုနေ့ကလေးမှာ သူ့ကို စတွေ့ပြီး အမှတ်တရလေး ဖြစ်သွားတာ ဘယ်လိုမှ မေ့မရဘူး။

ဒီလိုရက်ရောက်တိုင်း သတိရကို ရနေဦးမှာပဲ။

နှစ်တွေ ဘယ်လောက်ပြောင်းပြောင်းပေါ့။ နွေ့အတွက် အမှတ်တရလေး တစ်ခုပေးခဲ့တဲ့ ဒီရက်ကို နွေ ဘယ်လိုမှ မမေ့နိုင်တော့ပြီ။





အခုချိန်ဆို သူ့ချစ်သူနဲ့ စကားနိုင်လု၊ စိတ်ကောက်၊ ရန်ဖြစ်၊ လက်ထပ်ဖို့ ညှိနှိုင်းဆွေးနွေးရင်းနဲ့ သကြ်န်ကိုတောင် မေ့ချင်မေ့နေမည်ဖြစ်သော ကောင်လေးကတော့ နွေ့ကို ယောင်လို့တောင် သတိရလိမ့်မည် မထင်။

"နွေ ... ဘယ်သူ့ကို မျှော်နေသလဲဆိုတာ ငါ သိတယ်နော်"

"မနှစ်ကသကြ်န်နဲ့ ဒီနှစ်သကြ်န်မှာ နွေက လူတော့ ပုံစံ မပြောင်းသွားပါဘူး ...

အသည်းနှလုံးကပဲ ပုံစံပြောင်းသွားတာ ဟုတ်တယ် မဟုတ်လား"

"မနောက်နဲ့ ငိုချင်ရက်လက်တို့ ဖြစ်နေတာနော်"

နွေ့ကို ကပ်၍ နောက်ပြောင်နေကြသော သူငယ်ချင်းတွေကို နွေက စိတ်မဆိုးဘဲ ...

"တော်ကြစမ်းပါဟယ် ... မတော်တဆ တိုက်ဆိုင်သွားတဲ့ အဖြစ်အပျက်တွေကို လန့်သွားပါပြီ ...

ဒါတွေ ပြန်မတွေးချင်တော့ဘူး၊ ပျော်ပျော်ပဲ နေတော့မယ်"

"နွေ့ရယ် နင့်အစား ငါတို့က အားမလို အားမရ ဖြစ်နေတာပါ ... တကယ်ဆို နင်နဲ့ တစ်နှစ်လုံးနီးပါး အနီးကပ် သူက ရှိနေခဲ့တာပါ ...



www.burmeseclassic.com

www.burmeseclassic.com



အခုကျတော့ နင်က တစ်ယောက်တည်း ပြန်ဖြစ်သွားရတာမို့ ငါတို့က ဒီဇာတ်လမ်းကို မကျေမနပ်ဖြစ်နေကြတာလေ”

“သြော် … သူတို့က ငယ်ကျွမ်းဆွေတွေပဲ … ဒါကို ဘယ်သံယောဇဉ်ကမှ ကျော်အောင် ဖြတ်ပစ်နိုင်တဲ့ စွမ်းအားမရှိဘူး”

“သင်္ကြန်မှာ ရေကစားရင် နင် ကောင်လေးကို မျှော်နေမှာလား”

“ကောင်လေးကို မဟုတ်ဘူး၊ သူတို့နှစ်ယောက်စလုံးကို ငါ ဖိတ်ထားပါတယ် … သူတို့လာရင် ဧည့်ခံမှာပေါ့ … ငါက အစတည်းက သူနဲ့ မိတ်ဆွေအဆင့်မှာပဲ နေခဲ့တာလေ …

ငါ ဘာမှ မနာလိုဝန်တိုမဖြစ်စေရဘူးလို့ … ကိုယ့်စိတ်ကိုယ် ဆုံးမထားတယ်”

နွေသည် သင်္ကြန်အကြိုရေပက်နေကြသော ဈေးထဲက မြင်ကွင်းကို ထိုင်ခုံတစ်လုံးမှာ ထိုင်ငေးရင်း သူငယ်ချင်းတွေ ပြန်ထွက်သွားတာကို လက်ပြနှုတ်ဆက်ကျန်ခဲ့ပါသည်။

ညနေစောင်းတော့ မေမေက စောစောပင် အိမ်ပြန်ဖို့ ပြောလျှင် နွေတို့ ဆိုင်ကို ပိတ်ဖို့ပြင်ဆင်နေချိန်တွင် နွေ





မျှော်လင့်မထားပါဘဲ ကောင်လေးနဲ့ မေလရိပ်တို့ နွေ့ဆီ တွဲ၍ ရောက်လာကြသည်။

သူတို့နှစ်ယောက်စလုံး ရေတွေ စိုရွှဲနေပါသည်။

“ဟယ် … နွေ့ဆီ ရောက်လာကြတယ်”

နွေက အံ့သြစွာ ဆီးကြိုနှုတ်ဆက်လိုက်သည်။ မေလရိပ်က, သူမဆံပင်မှ ရေတွေကို မွေးပွတဘက် လက်ကိုင်ပဝါလေးဖြင့် သုတ်ရင်း …

“ကောင်လေးက ခေါ်လို့ ဈေးလိုက်လာတာလေ။ နွေ့ဆိုင်ဖွင့်ပါ့မလား မသိဘူး ဝင်ကြည့်မယ်ဆိုပြီး ဒီဘက်ကို တမင် လျှောက်လာတာ”

“နွေက ရေပက်ရရင် ပျော်တယ် … ဒါကြောင့် ဒီနေ့ဆိုတမင်ပဲ ဆိုင်လာဖွင့်တယ် … ဘာမှ ဟုတ်တိပတ်တိ မရောင်းရသေးပေမဲ့ တမင်ကို လာဖွင့်တာ”

“ဆိုင်ပိတ်နေပြီနော်”

“ဟုတ်တယ် … မေမေက စောစောပြန်ချင်နေပြီလေ … သြော် ဒါနဲ့ ခဏထိုင်ကြဦး … ရေတွေနဲ့ ချမ်းလာမှာပေါ့ ကောဖီသောက်ပါဦး”

“ဟာ … နေ … နေ … မမှာနဲ့နွေ … နွေတို့လည်း ဆိုင်သိမ်းတော့မှာ တကူးတက မမှာပါနဲ့ ရတယ် …”



www.burmeseclassic.com

www.burmeseclassic.com



"မမှာရပါဘူး၊ နွေတို့ မေမေက ကော်ဖီကြိုက်တတ်တော့ အိမ်က ကော်ဖီမှုန့်နဲ့ဖျော်တာကိုပဲ ဓာတ်ဘူးကြီးနဲ့ အမြဲ ထည့်လာပါတယ်၊ အဆင်ပြေပါတယ် ... သောက်လိုက်ပါ၊ နွေက ကိုယ်ဆီလာတဲ့ ဧည့်သည်ကို ဘာမှ မကျွေးလိုက်ရရင် စိတ်မကောင်း ဖြစ်နေမိမယ်"

နွေသည် ပြောလည်းပြော ... ပလတ်စတစ်ခြင်း တောင်းကြီးထဲမှ ဓာတ်ဘူးကြီးကိုလည်း ထုတ်ကာ ကော်ဖီခွက် နှစ်ခွက်ထဲ ထည့်နေတော့လေသည်။

မေလရိပ်က နွေ့လှုပ်ရှားမှုတွေကို ငေးကြည့်နေခဲ့ သည်။

ကောင်လေးက နွေ့လက်ထဲမှ ကော်ဖီခွက်ကို ကူ၍ ကိုင်ဆောင်ပေးလေသည်။

"သောက်ပါဦး ... နွေ့လက်ရာလေ ... နွေက မနက်ဆို အားနေတော့ ဈေးသွားဖို့ပြင်ဆင်ရင်း မေမေ့အတွက်ပါ ကော်ဖီဖျော်ပြီး ဓာတ်ဘူးထဲ ထည့်တဲ့အလုပ် လုပ်နေကျပေါ့"

မေလရိပ်သည် ကော်ဖီကို တစ်ကျိုက်သောက်လိုက် ပြီး ...

"ကောင်းတယ် ... ခါးခါးကျဲကျဲလေး အန်တီက အဲဒီလို မျိုး ကြိုက်တတ်တယ်လား"





"ဟုတ်တယ် ... မေမေနဲ့နွေက ကော်ဖီကို ပျစ်နှစ်ချိုနေ တာလည်း မကြိုက်ဘူး ... ခါးလည်းခါး ... ခပ်ကျဲကျဲလေး ပေါ့ ... အဲဒါကို ကြိုက်ကြတာ၊ ဖေဖေက အဲဒီလိုမျိုး မသောက်စေချင်ဘူးလေ ...

နှလုံးရောဂါ ဖြစ်လိမ့်မယ်တဲ့ ... နှလုံးအရမ်း တုန် တယ်တဲ့"

"ဟုတ်တော့ဟုတ်တယ် နွေရဲ့ ... ဒါပေမဲ့ လူဆိုတာက ကိုယ်နဲ့မတည့်ပါဘူးဆိုမှ ပိုကြိုက်နေတတ်တယ်"

"သြော် ... ဒါနဲ့ ... သကြ်န်လည်ကြရင် နွေ့ဆီ ဝင်ခဲ့ နော်၊ နွေတို့မဏ္ဍပ်မှာ ရေလာပက်ချင်ရင်လည်း ရတယ် နော်"

နွေ့စကားကို သူတို့နှစ်ယောက် တိုင်ပင်သလိုဟန် ဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ... ပြီးမှ ကောင်လေး က ပြောလေသည်။

"လရိပ်သဘောပဲ ... သူ လည်ချင်ရင်လည်း လည်ပေါ့လေ။ မလည်ချင်ရင်လည်း နွေ့ဆီ လာကြတာပေါ့"

"မဟုတ်ဘူး ... လရိပ် ဒီညနေ ပြန်မှာလို့ ကောင်လေး ကို ပြောထားတယ်လေ"

"ရက်မှမစေ့သေးတာ၊ ဘာလို့ ပြန်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“အလုပ်အသစ် လျှောက်ထားခဲ့တာ ... အဲဒီအလုပ်က ခေါ်နေပြီလို့ ပါပါ လှမ်းဖုန်းဆက်တယ်လေ ... ကောင်လေး သိသားနဲ့ ... ဘာလို့ မေ့ချင်ယောင် ဆောင်နေတာလဲ”

နွေသည် သူတို့ ပြဿနာကို ကြားထဲက မျက်နှာပူပူဖြင့် နားထောင်နေရလေသည်။

ဒီညနေ ပြန်တော့မယ်တဲ့ ...။

ဘယ်လိုဖြစ်လို့ မြန်မြန်ဆန်ဆန်ကြီး ပြန်ရသလဲ။ ရောက်တာဖြင့် နှစ်ပတ်ပဲရှိသေးတယ်။

“နွေ့ကိုလည်း တို့ နှုတ်ဆက်တယ်နော် ... ဈေးထဲက သင်္ကြန်ပွဲကို လည်ချင်တာရော၊ နွေ့ကို နှုတ်ဆက်ချင်တာရော ပေါင်းပြီး တမင် လာခဲ့တာပါ”

“နွေ မအားလို့ လေဆိပ်တော့ လိုက်မပို့တော့ဘူးနော်၊ ခုပဲ နှုတ်ဆက်လိုက်မယ် ... ဩော် ... နေဦး ... နွေ လက်ဆောင်ပေးလိုက်မယ်”

“အို ... နေပါ နွေရယ် ... ရပါတယ်”

“မေလရိပ် ဂျင်းနံပင်နံ ဝတ်တယ်နော် ... ခါးနံပါတ် ဘယ်လောက်လဲ”

“နွေ ရတယ် ... လက်ဆောင်ထည့်ပေးမနေနဲ့”





မေလရိပ်မှာ အလွန်အမင်း အားနာနေသောဟန်ဖြင့် လက်တကာကာ လုပ်နေသည်။

နွေက မေလရိပ်ခါးကို ပေကြိုးဖြင့် တိုင်းလိုက်ရင်း ...

“နွေ ခင်လို့ လက်ဆောင်ပေးတာပါ ... တစ်ထည်လောက် လက်ဆောင်ပေးလိုက်ရတာ ဘာမှ မဖြစ်ပါဘူး ...

ပြီးတော့ ဂျင်းနံပင်နံက အသုံးဝင်တယ်လေ ... အလုပ်သွားရင် များသောအားဖြင့် ဂျင်းနံပင်နံ ဝတ်ကြတယ်လို့ ပြောသံကြားတယ် ... အဲ ... ဆောရီး ... Office (အောဖစ်စ်)မှာလုပ်ရင်တော့ စတိုင်လ်ကျကျ ဝတ်ရမှာပေါ့နော် ... ဂျင်းနံဝတ်လို့ မဖြစ်ဘူး ... ဒါပေမဲ့ ဂျင်းနံက အကြမ်းခံတယ် ... လုံလည်းလုံခြုံတယ်၊ ဟောင်းသွားလည်း ဝတ်လို့ရသေးတယ် ဆိုတော့ နွေ့လက်ဆောင်က မေလရိပ်အတွက် အသုံးဝင်မယ်လို့ မျှော်လင့်ပါတယ်”

နွေသည် သူမဘာသာပင် အဆင်ပြေမည့် ဂျင်းနံပင်နံ တစ်ထည်ကို အိတ်ထဲထည့်ကာ မေလရိပ်ကို ကမ်းပေးလိုက်သည်။

“သွားကြရအောင် ... နွေလည်း ဆိုင်ပိတ်နေပြီ ... ကျွန်တော်တို့လာတာနဲ့ ဧည့်ခံနေရတယ် အားနာလိုက်တာ”

“ရပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



နွေ _ ဒီမှာ လရိပ်ရဲ့ Address (အက်ဒရက်စ်)နော် ...
နွေ လိုအပ်တာရှိရင် လရိပ်ကို လှမ်းမှာလိုက် သိလား ...

အိမ်ကို ဖုန်းလှမ်းဆက်လို့ လရိပ် မရှိရင်လည်း Answering machine (အန်းဆာရင်းမက်ရှင်း) မှာ အသံသွင်းခဲ့လို့ရတယ်သိလား။ လရိပ် နွေ့ဆီ ပြန်ဆက်လိုက်မယ်"

"နွေ့ဖုန်းနံပါတ် ယူထားလေ"

"ကောင်လေးက ပေးထားတယ်"

ကောင်လေးသည် စိတ်ရှုပ်နေသော မျက်လုံးများဖြင့် နွေ့ကို တစ်ချက်သာ ခေါင်းဆတ်ပြုံးပြ၍ ဆိုင်ထဲက သူ အရင်ထွက်သွားနှင့်လေသည်။

မေလရိပ်က နွေ့ လက်ဖဝါးတစ်ဖက်ကို တစ်ချက်ဖျစ်ညှစ်နှုတ်ဆက်ပြီး ... ကောင်လေးနောက်ကို ပြေးလိုက်သွားသည်။





၉

(သကြင်္န်အကျနေ့)

နွေသည် သင်္ကြန်အကျနေ့တွင် နွေ့ရဲ့အကျင့်အတိုင်း စိတ်လှုပ်ရှားစွာပင် မနက်အစောကြီး နိုးလာ၏။

မနက်ခုနစ်နာရီ ထိုးနေလေပြီ။

နွေသည် နည်းနည်း ပူအိုက်တာနဲ့ ရေမိုးချိုးလိုက်ပြီးမှ မီးဖိုခန်းထဲ ဝင်စဉ် ...

"ဟဲ့ ... သားပါလား ... စောစောစီးစီး ချိုင့်ကြီးနဲ့"

ဟု အိမ်ရှေ့မှ မေမေ့စကားသံကြောင့် အသာငြိမ်ကာ နားစွင့်နေလိုက်သည်။

မေမေ့သူငယ်ချင်းတွေရဲ့ သားတစ်ယောက်ယောက်ပဲဟု ထင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်တီ။ တမင်ပဲ စောစောလာပေးတာပါ … မေမေက မနက်စာစားရအောင် စောစောသွားပေးဆိုလို့ပါ။ ဒါကြောင့် ကျွန်တော် ဖုန်းတောင် ကြိုမဆက်ဖြစ်လိုက်ဘူး"

ဟင် … ကောင်လေး။ ဒါ ကောင်လေးအသံ။ နွေ့ခြေလှမ်းတွေက အိမ်ရှေ့ကို ဘယ်လိုရောက်သွားသည်ပင် မသိ။

"ဟာ … နွေက သနပ်ခါးဘဲကျားနဲ့ ပါလား …"

ကောင်လေးသည် နွေ့ကို မြင်နေကျ မဟုတ်၍ အံ့သြသလို ကြည့်ရင်း နှုတ်ဆက်လိုက်ပါသည်။

"ကောင်လေး ဘာတွေ လာပေးတာလဲ"

"မုန့်ဟင်းခါးပါ … မေမေက ဒီနှစ်, အိမ်မှာရှိတော့ တစ်နေ့တစ်မျိုး ချက်မယ်တဲ့ …

ဒီနေ့ကိုတော့ ကျွန်တော်တို့သားအဖတွေ တောင်းဆိုတာနဲ့ မုန့်ဟင်းခါး ချက်တာလေ …

အဲဒါ ကျွန်တော့်ကို နွေတို့အိမ် သွားပေးခိုင်းလို့ ရောက်လာရတာ၊ ဟို … အဲ … ကျွန်တော်လည်း ပေးချင်တာပေါ့ … အဲဒါကြောင့် …"

"ဘယ်သူပေးပေး စားမှာပဲ"

"သားကို ရေပက်ခံထွက်ကြဦးမလား"

"ဟုတ်ကဲ့ … ထွက်မယ် အန်တီ။ ဒါပေမဲ့ ကျွန်တော်က ဒီရောက်ရင် ဆင်းနေခဲ့ပြီး ဒီမှာ ရေကစားမလို့ စဉ်းစားနေတယ်"

"အေး … ကောင်းတယ် … ကောင်းတယ် … လာကစားပေါ့၊ နွေက ခေါ်ထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျာ"

"သား မေမေကို ပြောလိုက်ပါ … အန်တီက မုန့်ဟင်းခါး သိပ်ကြိုက်တာမို့ အရမ်းကျေးဇူးတင်ပါတယ်လို့ … ဟုတ်လား။ ပြီးတော့ ဒီနှစ် အန်တီတို့ နှစ်ဆန်းတစ်ရက်နေ့ကျရင် ဆွမ်းကျွေးမယ်လို့ စီစဉ်ထားတယ် … အဲဒါ ဖိတ်ရဦးမယ်၊ အန်တီကိုယ်တိုင် ဖုန်းဆက်ပြီး ဖိတ်မယ်နော် …

သားကလည်း ကြိုပြောထားပေါ့"

"ဟုတ်ကဲ့"

ကောင်လေးသည် နွေ လာကမ်းပေးသော ချိုင့်ကို ပြန်ယူရင်း ထရပ်လိုက်သည်။

"နေ့လယ်လောက်ကျမှ ကျွန်တော် ဒီဘက်ရောက်မယ် … နွေတို့နဲ့ ရေကစားမယ်နော်"

"ရတယ် … ဘယ်အချိန်ပဲလာလာ နွေ ရှိပါတယ်"

နွေက ကောင်လေးကို တံခါးဝအထိ လိုက်ပို့လိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟို … ကျွန်တော် နွေ့ကို မနက်အစောကြီး ရေလောင်း
ချင်ရင် ရမလားမသိဘူး … အဟဲ …"

"နေ့ခင်းတွေ့မှ လောင်းလည်း ရတာပဲ"

"မဟုတ်ဘူးလေ … အခု … ဘယ်သူမှ မလောင်းရသေးခင်
အရင်ဆုံး လောင်းချင်လို့"

နွေသည် သူ့စကားကြောင့် ရင်တုန်လာကာ ကောင်
လေးကို မျက်စောင်းကြီးခဲမိလေသည်။

ဘယ်လိုသဘောလဲ ကောင်လေးရယ် …။ နွေ့ကို
ဘာသဘောနဲ့ ဒီလိုပုံစံမျိုး လုပ်ပြချင်သလဲ။ နွေ မငိုပါရစေနဲ့။

"ကားပေါ်မှာ ရေပုလင်းနဲ့ ရေယူလာတယ် … ရေလောင်း
ဖို့"

"ကဲ … ကဲ … လောင်းချင်လောင်း။ မြန်မြန်"

"အိုကေ …"

ကောင်လေးသည် ဖျတ်ဆို အိမ်ရှေ့မှာ ရပ်ထား
သော သူ့ကားဆီ ပြေးသွား၊ တံခါးဖွင့် ရေသန့်ဘူးနဲ့ ထည့်ထား
သောရေကို ကားအတွင်း ပါလာသည့် ပလတ်စတစ်ဖလားထဲ
လောင်းထည့်၊ နွေ့ဆီ ပြန်လာပြီး နွေ့ပခုံးမှတစ်ဆင့် ရေလောင်း
စသဖြင့် …





သွက်လက်မြန်ဆန်စွာ လှုပ်ရှားနေသည်ကို နွေက
ရင်မောစွာ ငေး၍ ကြည့်လို့တည်း။

"ကျေးဇူးပဲ နွေ"

ကောင်လေးက ရေလောင်းပြီးတော့ နွေ့ကို
ဆက်စကားပြောလိုက်၏။

ပြီးတော့ သူ့ကားပေါ်တက်ကာ နွေ့ကို
နှုတ်ဆက် ပြီး နွေ့မြင်ကွင်းထဲက ထွက်သွားခဲ့လေသည်။

သူ နွေ့ မြင်ကွင်းထဲမှာ မရှိတော့သော်မှ နွေက
ငေးမောရင်ခုန်လို့ကောင်းဆဲ။

သူ ဘာသဘောနဲ့ မနက်အစောကြီးမှာ ရေလော
ချင်ရသလဲလို့ တွေးပြီး စိတ်ကူးမယဉ်သင့်မှန်း သိပေမဲ့ နွေ
စိတ်ကူးယဉ်ကြည့်နေချင်ပြန်သတဲ့။

ချစ်ရတဲ့ မိန်းကလေးနဲ့ အဆင်မပြေလို့ စိတ်လေဟာန
မှာ နွေ့ကို အစားထိုးအသုံးချလိုသလား ကောင်လေးရယ် …။

နွေသည် အတွေးတွေ တသီကြီးနဲ့ သင်္ကြန်အကျနေ့
မနက်ကို ဖြတ်သန်းရလေသည်။

သူငယ်ချင်းတွေ ရောက်လာချိန်တွင် နွေက အိမ်
ရှင်မို့ ရေကစားရန် စောစောစီးစီးပင် ပြင်ဆင်ပြီး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်က ကောင်လေး ရောက်လာပြီး နွေ့ကို ရေ ယောင်းသွားတယ်ဆိုတာကိုတော့ မပြောလို၍ နွေ မပြောဘဲ ဖုံးကွယ်ထားလိုက်သည်။

နွေတို့ကိစ္စဟာ နွေ မပြောဘဲ သူတို့ ဘယ်လိုမှ သိစရာတော့ မရှိပါ။

မဏ္ဍပ်တွင် ရေပက်ခံကားများဖြင့် စတင်စည်ကား လာတော့ သဇင်က သတိတရ နွေ့ကို မေးလာသည်။

"ကောင်လေးရော ရေပက်ခံထွက်သေးလား"

"ထွက်မယ်လို့ ပြောတာပဲ"

"သူတို့ လက်ထပ်ကြမယ်တဲ့လား"

"လက်မထပ်ဖြစ်ကြပါဘူး ... ဘာဖြစ်လို့လဲ ဆိုတော့ မေလရိပ်က ပြန်သွားပြီလေ"

"ဟယ် .... ဟုတ်လား"

"ကဲပါဟယ် ... ဆောင်းဆောက်စ်က အသံကို လွှမ်းအောင် အော်ပြောနေရတာ ခက်ပါတယ် ... နောက်မှပဲ စပ်စုတော့၊ အခု ပြောလည်း နင် ဘာမှ ကြားရမှာမှ မဟုတ်တာ"

"ကောင်လေးတော့ ရေရေလည်လည် ဆွေးပြီး ကျန်ခဲ့မှာပဲ နော်"





သဇင်က ဆက်ပြီး ဆက်၍ လျှာရှည်နေသေးသည်။ နွေသည် ဘာပဲဖြစ်ဖြစ် ကောင်လေး ရောက်လာမည်ဟု ပြောထား လေရာ မျှော်လင့်နေမိတာတော့ အမှန်ပင်။

နေ့လယ် ထမင်းစာချိန်နားဖို့ ရေပိတ်တဲ့အထိ သူတို့ကားက ပေါ်မလာခဲ့လျှင် နွေသည် တစ်ယောက်တည်း ကျိတ်ပြီး ဝမ်းနည်းနေခဲ့သည်။

အဝတ်အစားလဲပြီး နောက်ဖေးဘက်ဝင်ပြီး ထမင်း စားနေစဉ်မှာ ...

"အန်တီ ... ကျွန်တော် အိမ်နောက်ဖေးကို ဝင်လို့ရမလား ခင်ဗျ"

ဟု ... အိမ်နောက်ဖေးမီးဖိုချောင်တံခါးဝမှာ လာရပ် ပြောလိုက်သော ကောင်လေးအသံကို ကြားလိုက်ရသည်။

"ကျွန်တော် ရေစိုကြီးနဲ့မို့ အိမ်ရှေ့က မဝင်တော့ဘဲ ခြံထဲပဲ တန်းဝင်လာတော့ ခြံထဲမှာ မုန့်လုပ်နေကြတဲ့ အဒေါ်ကြီးတွေက အိမ်ဘေးကပတ်သွားရင် အိမ်နောက် ဖေးမီးဖိုချောင်ကို ရောက်လိမ့်မယ်တဲ့။ အဲဒီမှာ နွေရှိတယ် ဆိုလို့"

"လာ ... လာ ... သား ဝင်လာခဲ့။ အိမ်နောက်ဖေးက ကျောက်ပြားခင်းဆိုတော့ ရေစိုလည်းရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရေစိုတွေ လဲလိုက်ပါလား"

"ဟုတ်သားပဲ ... လဲလိုက် ကောင်လေး နွေ့ သမီး ... မေမေ စွပ်ကျယ်နဲ့ ပုဆိုး သွားယူပေးလိုက်။ သားက ရေချိုးခန်းထဲမှာ လဲပေါ့။ ရေစိုကြီးနဲ့ မနေပါနဲ့"

"နောက်နေ့တွေကျရင် အကျီလဲစရာ အပိုယူခဲ့ဖို့ လိုပြီမှန်း သိသွားပါပြီ ... အနက်ကယ်လ်အဝတ်တွေ ဝတ်ရမှာ အားနာလိုက်တာ"

"ရပါတယ် ... ဝတ်ပါ"

နွေ့သည် ထမင်းကို လက်စသတ်စားပြီး ပန်းကန်ဆေးနေစဉ်မှာ ကောင်လေးကလည်း သူ့အဝတ်တွေလဲပြီး ဖြစ်နေသည်။

"နွေ့သူငယ်ချင်းတွေရော ..."

"သူတို့ တချို့က မြို့ထဲခဏ သွားကြတယ်။ တချို့က အိမ်သိပ်မဝေးတော့ ပြန်ကြတယ် ... ဒါကြောင့် ဘယ်သူမှ မရှိတော့တာ"

"မနက်က ဒီကို ရောက်အောင်လာတာပဲ၊ ဒါပေမဲ့ ကားတွေက အရမ်းပိတ်နေတာ ဘယ်လိုမှ မရောက်နိုင်ဘူး။ ဒါကြောင့် သူငယ်ချင်းတွေ ကျေနပ်အောင် သူတို့





လည်ချင်တဲ့နေရာ လိုက်လည်ပြီးမှ ဒီဘက် ဝင်လာတာ၊ နွေ့တို့က ဒီနေ့ ရေအစောကြီး ပိတ်ကြတယ်နော်"

"ဟုတ်တယ် ..."

"ဟဲ့ ... သမီး။ ထမင်းကျွေးလိုက်ဦးလေ"

"ဪ ... ဟုတ်သားပဲ။ ကောင်လေး ထမင်းစားလိုက်ဦးနော်"

"မစားတော့ဘူး။ ကျွန်တော် ဗိုက်ပြည့်နေလို့"

"ဘာတွေ စားထားလို့လဲ"

"မနက်ကတည်းကရော ရေပက်ခံထွက်ခါနီးထိရော မေမေ့ မုန့်ဟင်းခါးကို တစ်ချိန်လုံး စားနေတာ၊ ဗိုက်တော်တော် ပြည့်နေလို့"

"ဒါဖြင့် ကော်ဖီသောက်"

ကောင်လေးက နွေ့စကားကို နှာခံဟန်ဖြင့် ခေါင်းညိတ်ပြသည်။ နွေက ကော်ဖီတစ်ခွက်ဖျော်လိုက်ပြီး ကောင်လေးကို ကမ်းပေးလိုက်သည်။

နောက်တော့ နွေ့တို့နှစ်ယောက် စကားတွေ ထိုင်ပြောကြရင်း သူကလည်း သူ့သိချင်းတွေအကြောင်း ဆွေးနွေးရင်း ...။



www.burmeseclassic.com

www.burmeseclassic.com



"သကြိန်အတက်နေ့မှာ ဖေဖေ့ကုမ္ပဏီမဏ္ဍပ်မှာပေါ့ ကျွန်တော်တို့ရဲ့ အိုရိုင်ယွန်က ဖျော်ဖြေဖို့ အစီအစဉ် ရှိတယ် … မိုးရာသီကျူထွက်မဲ့ စီးရီးအတွက် အကြိုပေါ့ … ပရိသတ်နဲ့ စပြီး ထိတွေ့တဲ့သဘောပေါ့"

"ဟုတ်လား … တစ်နေ့ကုန် ဆိုမှာလား …"

"တစ်နေ့ကုန်ပဲ … ဒါကြောင့် ကျွန်တော် နွေနဲ့ နှစ်ရက်ပဲ ရေကစားလို့ရမယ်"

"နွေ လာကြည့်မယ်နော်၊ ကုမ္ပဏီဖွင့်ထားတဲ့ရှေ့မှာပဲ မဏ္ဍပ်လုပ်ထားတာ မဟုတ်လား"

"ဟုတ်တယ် နွေ … အဆင်မပြေရင် မလာပါနဲ့နော်၊ ကားမောင်းပြီး လိုက်ပို့မဲ့လူ ရှိမှလာ နွေ ကိုယ်တိုင်မောင်း မလာနဲ့ အန္တရာယ်များတယ်"

နွေ့သူငယ်ချင်းတွေ ပြန်ရောက်လာကြသောအခါ နွေတို့ စကားစ ပြတ်သွားပါသည်။

ရေပက်ချိန်ရောက်တော့ ကောင်လေးက ရေပိုက်တစ်ခုကိုင်ကာ ရေပက်၍ နွေ့သူငယ်ချင်း ကောင်လေးတွေနဲ့ အဖွဲ့ကျနေတော့သည်။

ရေစိုလေ သူ့အသားအရည်က ယောက်ျားတန်မဲ့ ပိုပြီးဝင်းဝါဖြူဝင်းလာလေလေ ဖြစ်သဖြင့် နွေသည် တမေ့တမော





ငေးကြည့်နေမိတဲ့အထိ ကောင်လေးရဲ့ သဏ္ဌာန်က ဆွဲဆောင်နိုင်လွန်းလှတော့သည်။

ခြေထောက်ညောင်းလာတော့ နွေက ခုံတစ်လုံးမှာ ခဏသွားထိုင်လျှင် ကောင်လေးကပါ နွေ့အနား လာထိုင်လေသည်။

"ပျော်စရာကောင်းတယ်နော်"

"ဟုတ်တယ် … ခြေထောက်ညောင်းလာလို့သာ ခဏလာထိုင်တာ … အပြင်က မြင်ကွင်းမှာ လူတွေက အရမ်းစည်ပြီး လှုတိုင်း မြူးကြွနေတာနော်"

"ကောင်လေးက တကယ်ကုသိုလ်ကံ ကောင်းတယ် … နေလောင်တာတောင် အသားက ဖြူသေးတယ်"

"ယောက်ျားဖြစ်ပြီး အသားဖြူနေတော့ ကိုယ့်ဘာသာ ပြန်သဘောမကျဘူး ဖြစ်နေတယ်။ ယောက်ျားဆိုတာက အသားညိုညိုနဲ့ဆို ပိုကောင်းမယ် ထင်တယ်"

"မေလရိပ်လည်း အသားတော်တော်ဖြူတယ်နော်"

ကောင်လေးက ခံစားချက်မရှိသလို ပြုံးလိုက်၏။ သူ ဘာမှ ပြန်မဖြေပါ။ သူ့ရင်ထဲမှာ ဘာတွေများ ခံစားနေရမလဲ နွေ သိချင်လာသည်။

"နွေ မေးရင် စိတ်မဆိုးနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"လရိပ်အကြောင်းလား ..."

"ဟုတ်တယ် ..."

"နွေ့ အကုန်သိထားတာပဲ ... ဘာမေးချင်လို့လဲ"

"ဪ ... ကောင်လေး ရင်ထဲမှာ အခု သူနဲ့ပတ်သက်ပြီး ဘာတွေ ခံစားနေရသေးလဲပေါ့"

ကောင်လေးသည် ရေစိုဆံပင်တွေထဲ လက်ချောင်းတွေထိုးသွင်း၍ ဆံပင်တွေ သပ်တင်ကာ ...

"အမှန်အတိုင်းပြောမယ် နွေ့ရယ်။ သူ ပြန်လာမယ်ဆိုတုန်းက ကျွန်တော့်ဆီကို အပြီးပြန်လာတယ်ထင်ပြီး အရမ်းဝမ်းသာခဲ့တယ်"

ဟု ခပ်တိုးတိုး စပြောပါသည်။

နွေ့ကား လက်ကလေးပိုက်၍ ငြိမ်လျက် ကောင်လေးကို ငေးနေခဲ့သည်။

သူ့မျက်နှာပြင်မှာ ခုကျတော့လည်း ဘာဆိုဘာမှ ခံစားချက်တွေ မရှိတော့ဘူး။ သူ့ကို ဘယ်လို အရာကများ ပြောင်းလဲပစ်လိုက်သလဲ။

"နောက်တော့ သူက ဒီမှာ မနေဘူး။ ပြန်မယ် ... ဘာညာ ဖြစ်လာတယ် ... ပြီးတော့ ကျွန်တော့်ကို လက်ထပ်ဖို့





ပြန်လာတယ် ထင်ခဲ့တာ ... တကယ့် တကယ်ကျတော့ လက်ထပ်ဖို့ကို သူက အကြောင်းပြပြီး ငြင်းတာတွေ ဖြစ်လာတယ် ...

ကျွန်တော် စိတ်ထဲမှာ သိနေတယ် ... လရိပ်က ကျွန်တော့်ကို လက်ထပ်ဖို့ လုံးဝ စိတ်မဝင်စားတော့ပါဘူး။ လေဆိပ်မှာ ကျွန်တော် လိုက်ပို့တော့ သူ ဝန်ခံသွားတယ်။ သူ ကတိတည်ချင်လို့ ခဏပြန်လာတွေ့တာတဲ့။ သူ လုံးဝ လက်မထပ်ချင်ဘူးတဲ့။ သူ့မိဘက သဘောတူတဲ့ သူလည်းဖြစ်တဲ့ သူကိုယ်တိုင်လည်း ရွေးချယ်ချင်တဲ့ လူတစ်ယောက် ရှိနေတယ်တဲ့။ ဟို ... ဘယ်လိုခေါ်မလဲ။ သူတို့လိုပဲ Chinese(ချိုင်းနိစ်) အစပ်ပေါ့ ... အဲဒီလူကို ပိုရွေးချင်နေတယ်ပေါ့ ... အဲဒီလို ဝန်ခံသွားတယ်"

"ဟုတ်တယ် ... နွေ့ ကြားဖူးတယ် ... Chinese တွေက သူတို့အချင်းချင်းပဲ လက်ထပ်ချင်ကြတယ် ... တခြားလူမျိုးခြားကို သိပ်မရွေးချင်ကြဘူးလေ"

"လရိပ်က ကျွန်တော့်ကို တကယ်ချစ်ခဲ့တာမှ မဟုတ်တာ"

နွေ့က ဘာမှ ဝေဖန်ချက်မပေးတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

"ကောင်လေး သီချင်းကိုစွတွေ မေလရိပ်ကို အသိပေးလိုက်တယ် မဟုတ်လား"

"အသိမပေးတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူဟာ ကျွန်တော့်ရဲ့ လက်တွဲဖော် ဖြစ်လာမဲ့သူမှ မဟုတ်တော့တာ။ ကျွန်တော့်ဘဝရဲ့ ရည်မှန်းချက်တွေ လရိပ် သိစရာ မလိုတော့ဘူးလို့ ထင်တယ်"

"ကောင်လေးက သူ့ကို မေ့နိုင်ပြီလား"

"သူပြန်လာတာဟာ ဘာရည်ရွယ်ချက်မှ မရှိဘဲ ကျွန်တော့်ကိုတွေ့ရုံသက်သက်နဲ့ ... နောက်ပြီး ကျွန်တော် အမှန်အတိုင်းပြောမယ် နွေ။ ကျွန်တော် ခဏခဏ စာထဲထည့်ရေးလွန်းတဲ့ နွေ့ကို တွေ့ပြီး လေ့လာရုံသက်သက် ပြန်လာတာလို့ သိလိုက်ရကတည်းက ဘာဖြစ်လို့လဲတော့ မသိဘူး ကျွန်တော် သူ့ကို သံယောဇဉ် တဖြည်းဖြည်း နည်းသွားတယ်"

ဒါဆိုရင် အခု ရင်ထဲမှာ ဘာမှ မရှိတော့ဘူးလား။ နွေသည် ဒီစကားကို ဆက်မမေးသင့်ဘူးဟု ကိုယ့်ဘာသာပဲ ဆုံးဖြတ်လိုက်တော့သည်။





ညကျတော့ နွေဟာ တစ်နေကုန် ရေပက်ထားရ၍ ပင်ပန်းတာနဲ့ စောစောအိပ်ရာဝင်လေသည်။

သို့သော် ...

"သမီး ... နွေရေ ... ဖုန်း။ အခန်းထဲကပဲ ကိုင်လိုက်"

ဟု မေမေက အခန်းဝမှာ လာအော်ပြောသဖြင့် နွေ အိပ်ရာမှ မထဘဲ လှဲနေရင်းမှ အိပ်ရာနံဘေးမှ စားပွဲလေးတွင် တင်ထားသော Cordless ဖုန်းကို ယူလိုက်သည်။

"နွေ"

နွေသည် ကောင်လေးအသံကို ကြားရလျှင် အံ့ဩသွားခဲ့သည်။

"ဆောရီး ... နွေ အိပ်တော့မလား"

"တစ်နေကုန် ပင်ပန်းတာနဲ့ စောစော အိပ်ရာဝင်တာပါ"

"အိပ်ချင်နေပြီပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဒါပေမဲ့ ရတယ်။ ကောင်လေး ဘာပြောစရာ ရှိလို့လဲ"

မနက်ဖြန် မလာနိုင်ဘူး ပြောမလို့ထင်တယ်ဟု နွေက ကိုယ့်ဘာသာ ဆက်တွေးနေလိုက်မိသေးသည်။

"နေ့ခင်းက နွေနဲ့ ရေကစားရတာ ပျော်တယ် ... စကားထိုင်ပြောရတာလည်း ပျော်တယ် သိလား"

"... ... ..."

ဘုရားရေ ... ဒါကို ဖုန်းဆက်ပြီး ပြောရသတဲ့။ နွေတော့ ရှင့်ကြောင့် ရူးတော့မယ် ကောင်လေးရေ။

"အဲဒါ ... အခုပဲ သီချင်းတစ်ပုဒ် ထိုင်ရေးဖြစ်သွားလို့။ အဲဒါ နွေ့ကို ပြောပြချင်တာနဲ့ ဖုန်းဆက်လိုက်တာပါ"

နောက်နေ့ မတွေ့မှာ ကျနေတာပဲ။ ပြီးတော့ စကားကလည်း "အဲဒါ ... အဲဒါ"နဲ့ ဖြစ်နေတာ။ သူ ဘာများဖြစ်နေပါလိမ့်။

"ဒါပါပဲ နွေ။ နွေ အိပ်ချင်နေပြီ ... ဆောရီးနော်။ နှောင့်ယှက်မိတာ ခွင့်လွှတ်ပါ ... နောက်နေ့ တွေ့မယ်နော်"

"ဟုတ်ကဲ့"

နွေသည် သူမပင် ဘာစကားမှ ဖြစ်ဖြစ်မြောက်မြောက် မပြောလိုက်နိုင်တော့ပါ။





သူ ဖုန်းဆက်ပြီး အူကြောင်ကြောင် လာလုပ်တာနဲ့ပဲ နွေသည် အိပ်ချင်စိတ်တွေပင် ပျောက်ကာ ဟိုတွေး ဒီတွေးနဲ့ ရင်ခုန်ရတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

### (သကြၤန်အကြတ်နေ့)

ကောင်လေးသည် မဏ္ဍပ်ကို အစောကြီးပင် ရောက်လာသည်။

"ဒီနေ့တော့ မုန့်လုံးရေပေါ်တွေ ယူလာတယ်"

ဟု သူ့ဘာသာ ပြောရင်း ချိုင့်ကို နောက်ဖေးမှာ သွားထားလေသည်။

"နွေ့ သူငယ်ချင်းတွေ တစ်ယောက်မှ မရောက်သေးဘူးနော်"

"ဟုတ်တယ် ... ကောင်လေးက အစောကြီး ရောက်လာတာကိုး။ သူတို့က ခုမှ အလုပ်ပြင်တုန်း ဖြစ်မှာပေါ့"





"နွေက အစောကြီး ပြင်ဆင်ပြီးနေပြီနော်"

"နွေက ဒီလိုပဲ။ သင်္ကြန်ရက်တွေဆို သိပ်ဝီရိယ ကောင်းတာလေ"

"နွေ့ကို ကျွန်တော် ရေလောင်းမယ်"

"ဘာဖြစ်ရပြန်တာလဲ။ နေ့တိုင်းပဲ လောင်းနေတယ်"

"နေ့တိုင်း ဘယ်သူမှ မလောင်းခင် နွေလည်း ရေမစိုခင် လာလောင်းတာလေ"

"မနက်ဖြန်ကျ ရှင် ဘယ်လိုမှ လောင်းလို့မရဘူး"

"ဟုတ်တယ် ... မနက်ဖြန်တော့ ကျွန်တော့်ရဲ့ ပထမဦးဆုံး ခြေလှမ်းတစ်ခုအတွက် ရင်ဆိုင်ရပြီ"

"နွေ လာတော့ လာကြည့်မယ် ... ဒါပေမဲ့ ဘယ်အချိန်ရောက်မလဲ အတိအကျတော့ မပြောနိုင်ဘူး ...

နွေ့အစ်ကိုတွေ အားတဲ့အချိန်မှ ကားမောင်းပြီး ပို့ခိုင်းရမှာလေ။

ပြီးတော့ ... နွေ ရောက်တဲ့အချိန်မှာ ကောင်လေးတို့က ဆိုပြီးရင်လည်း ဆိုပြီးမယ် ထင်တယ် ... မဆိုရသေးရင်တော့ စောင့်ပြီး နားထောင်လို့ ရတာပေါ့"

"ကျွန်တော်တို့ရဲ့ အိုရိုင်ယွန်ကို နွေ မကြည့်ရလည်း ကိစ္စမရှိပါဘူး။ ညီလေးက ဗီဒီယို ရိုက်ပြီး မှတ်တမ်းတင်ထား



www.burmeseclassic.com

www.burmeseclassic.com

မယ်တဲ့ ... အကယ်၍ နွေ မကြည့်ခဲ့ရရင် အခွေပြန်ကြည့်လို့ ရပါတယ်"

"ညက သီချင်းရေးဖြစ်သွားတော့ ဘာကြောင့် နွေ့ကို ဆက်ရတာလဲ"

ကောင်ရလေးသည် နွေက တမင်မေးချလိုက်သော မေးခွန်းတစ်ခုအတွက် ရှက်ကိုးရှက်ကန်းဖြစ်ကာ ခပ်တိုးတိုး ဖြေသည်။

"ဘာဖြစ်လို့လဲ မသိဘူး ... နွေ့ကို သတိရလာလို့"

ဩော် ...။ နွေသည် သူ့စကားထဲမှာ အဖြေတစ်ခု တစ်စွန်းတစ်စ ပါလာလျှင် နွေ့အတွက် ရရှိလာမည့် အခြေအနေ တစ်ခုကို လက်မခံလိုတော့သလို ခံစားလာရသည်။

ဟိုတစ်ယောက်က ပစ်သွားမှ နီးစပ်ရာ တစ်ယောက်ကို စိတ်အလွမ်းဖြေတဲ့ အနေနဲ့ အစားထိုးချင်သလား ကောင်လေးရယ်။

ကောင်လေးသည် နွေ့မျက်နှာ သိပ်မကောင်းလှတာကို သတိထားမိသောအခါ သူ့ကိုယ်သူ ပြန်ပြီး အပြစ်တင်မိပြန်သည်။

သူ့စိတ်ကိုလည်း သူပြန်နားမလည်နိုင်။ ပြီးတော့ သူ့နှလုံးသားကိုလည်း သူ ဘယ်လိုမှ နားလည်လို့မရ ဖြစ်နေသည်။





လရိပ်ကို ပြန်ဆုံရစဉ်က သူ့နှလုံးသားဟာ ထင်ထားသလောက် လှိုက်လှဲစွာ ရင်မခုန်တော့တာ။

သူ့စိတ်တွေကလည်း မျှော်လင့်ထားသလောက် လန်းဆန်းမနေတော့တာ။

အဲဒါတွေဟာ ဘာကြောင့်ပါလိမ့်။

အချစ်ဟာ ကြာရင် အရောင်ပြောင်းတတ်သလား။

အချစ်ဆိုတာ အနေနီးစပ်မှုပေါ်မှာ ... ဒါမှမဟုတ် အနေဝေးသွားမှုပေါ်မှာ မူတည်ပြီး အပြောင်းအလဲတွေ ဖြစ်လာသလား။

ကောင်လေးသည် သူ့ကိုယ်သူပင် အံ့သြစွာ အဖြေထုတ်လို့ မရခဲ့ပါပေ။

လရိပ်ကို ဆုံရတိုင်း၊ လရိပ်နဲ့ စကားပြောရတိုင်း နွေ့ကို ကြိမ်ဖန်များစွာ သတိတရ ဖြစ်လာတတ်ခြင်းအပေါ် လရိပ်ပင် သတိထားမိလာတဲ့ အထိပင်။

"ယူတို့ရဲ့ ခင်မင်မှုကြီးက တကယ်ရော ဖြူစင်ရဲ့လား ကောင်လေးရယ် ...။ အချိန်တိုင်းမှာ နွေဦးရာသီကိုပဲ သတိရနေတာပါလား။ ရှင့်စိတ်တွေကို သူ တော်တော်လွှမ်းမိုးထားနိုင်ပြီဆိုတာ သေချာတယ်"

www.burmeseclassic.com

လရိပ်က သူ့ကို အဲ့ဒီလို စွပ်စွဲတော့ ကောင်လေးက မငြင်းပါ။ ဝန်လည်း မခံခဲ့ပါ။

ကောင်လေး ကိုယ်တိုင်က သူ့ကိုယ်သူ သံသယ ရှိနေခဲ့တာပဲ။

လရိပ် ရောက်လာမယ်လို့ မသိရခင်ကတည်းက သူ ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ် သုံးသပ် အဖြေထုတ်နေခဲ့တာ။

အကယ်၍သာ လရိပ် ပြန်မလာခဲ့ရင် ...။ အင်း ... အခုချိန်လောက်ဆို နွေ့ကို သူ ရဲရဲဝံ့ဝံ့ ဖွင့်ပြောပြီးလောက်ပြီ။

တကယ့် တကယ်ကျတော့ သူ ဖွင့်မပြောရဲသေးပါ။

မိန်းကလေးတစ်ယောက်ကို လက်ထပ်ခွင့် တောင်းခဲ့ပြီး ထိုမိန်းကလေးက လက်မထပ်ပါဘူးလို့ ငြင်းမှ အနီးအနားက မိန်းကလေးတစ်ယောက်ကို ချစ်ဖို့ ဆုံးဖြတ်မိတာဟာ ဘယ်လိုမှ မဖြစ်သင့်တဲ့ အကြောင်းအရာ တစ်ခုပဲ။

သို့သော် ကောင်လေးသည် သူ့နှလုံးသားတွင် နွေ့ကို ချစ်နေခဲ့ပြီဆိုသော အဖြေတစ်ခုကိုတော့ သေချာစွာ တွက်ချက်ထားခဲ့ပြီး ဖြစ်နေသည်။

သူငယ်ချင်းတွေ ရောက်လာတော့ ရေပက်ဖို့ စတင် ပြင်ဆင်ကြတာနဲ့ နွေနဲ့ ကောင်လေး စကားမပြောဖြစ်တော့ပြန် ပါ။





ဒါပေမဲ့ ...

နွေကလည်း ကောင်လေးကို အခုကျမှ မကြာခဏ ခိုးခိုးကြည့်သလို ...။

ကောင်လေးကလည်း နွေ့ကို အမြဲတမ်း မျက်ခြည် မပြတ် ခိုး၍ ခိုး၍ ကြည့်ကာ ...။

မျက်လုံးချင်း ခဏခဏ ဆုံကြလျှင် သူတို့ဟာ အရင်ကနဲ့ မတူဘဲ ရှက်ကိုးရှက်ကန်းတွေနဲ့ ပြုံးလို့တဲ့ ...။

ကောင်လေးသည် တဖြည်းဖြည်းနဲ့ နွေ့ကို အကဲ ခတ်လို့ ရလာခဲ့လျှင် သူ့ရင်ထဲမှာ နွေးထွေးပြီး ပျော်လာသည်။

နွေကတော့ ဒီလို လျှင်မြန်စွာ ပြောင်းလဲသွားခဲ့ သော အခြေအနေကိုပဲ ဝမ်းသာ ဝမ်းနည်းနဲ့ စိတ်လှုပ်ရှား ရင် ခုန်ရပြန်သည်။

နွေ ရင်ထဲတွင် ဒီလို ပြောင်းလဲလာသည့် အချစ်ကို ပဲ မိုက်မဲစွာ ခင်တွယ်ချင်နေသည့် ဆန္ဒတရားကလည်း တစ်စ တစ်စ ကြီးမားလာခဲ့ပြီ။

ဘုရားရေ ... သူ့ကို ချစ်လိုက်မိရင် နွေ မှားလိမ့် မယ် ထင်ပါရဲ့။

နွေက တစ်နေ့ကျရင် ကျွန်ရစ်ခဲ့ရမှာလား ကောင် ...းရယ် ...။


www.burmeseclassic.com

www.burmeseclassic.com



အဲဒီ သကြင်္ကန်အကြတ်နေ့ မနက်ပိုင်းဟာ ဘယ်တုန်းကမှနဲ့ မတူဘဲ နွေဟာ အချိန်တွေ ဘယ်လိုကုန်သွားခဲ့မှန်း မသိဘဲ ဖြတ်သန်းခဲ့ရလေသည်။

နေ့ခင်း တစ်ခေါက်နားတော့ ...

"နွေ ... ကျွန်တော် အိမ်ခဏ ပြန်လိုက်ဦးမယ်နော်"

ဟု နွေ့ကို လာပြောလေသည်။

"ပြန်ဦးမလို့လား၊ ဒီမှာပဲ နားရင်း ထမင်းစားသွားလို့ရတာပဲ"

"ကျွန်တော် အိမ်ပြန်ပြီး ခဏ အိပ်ချင်တာလည်းပါတယ်၊ မနေ့က တစ်ညလုံး အိပ်မပျော်ဘူး၊ မနက်လင်းခါနီးမှ အိပ်ပျော်သွားတာ ... ခု ခဏပြန်အိပ်ချင်လို့"

"ဒါဆိုလည်း ပြန်လေ။ ကားကို ဂရုစိုက်မောင်းနော်"

ကောင်လေးသည် နွေ အရင်ကလည်း သူ့ကို ဒီလိုပဲ မှာတတ်ပေမဲ့ အခုတော့ ဒါကိုပဲ ကြည်နူးစိတ်နဲ့ နာခံမိချင်ပြန်သည်။





"ငါ သူ့ကို ချစ်နေခဲ့တယ်ကွာ"

ကောင်လေးသည် အိမ်ရောက်တော့ အိပ်လို့မပျော်လေရာ သူ့အိမ်နဲ့ သုံးလေးအိမ်သာခြားသော သူငယ်ချင်းတစ်ယောက်၏ အိမ်ကို ထွက်လာခဲ့သည်။

ထိုသူငယ်ချင်းက သူနဲ့ နွေတို့ စတင်တွေ့ဆုံသည်မှ ယခု ခင်မင်ကြတဲ့အထိ ဇာတ်လမ်း အကုန်သိထားသော သူငယ်ချင်းဖြစ်ရာ ကောင်လေးက သူ့ရင်ထဲမှာ ရှိတာကို အခုမှပဲ ရင်ဖွင့်မိတော့သည်။

သူငယ်ချင်း စိုးနိုင်၏ အိမ်ရှေ့ခြံဝန်းထဲရှိ ပိတောက်ပင်အောက်မှာရှိသော သစ်သားကွပ်ပျစ်တွင် ထိုင်ရင်း စကားပြောကြတာ ဖြစ်သည်။

"အခုမှ ဝန်ခံရလားကွာ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကသာ ဝန်မခံတာ၊ ငါတို့က မင်းကို အေးကကြည့်ပြီး လေ့လာလို့ ရနေတာ ကြာပြီ ... မင်း သူ့ကို ချစ်နေပြီလို့ ငါတို့ သိနေတယ်၊ ငါတို့လည်း မင်းကို နောက်နေတာပဲ ... မင်းက အဲ့ဒီလို နောက်ရင် လုံးဝ လက်မခံခဲ့ဘူး"

"ငါ့ရင်ထဲမှာ လရိပ် ရှိနေသေးတယ်လို့ ထင်နေမိတာကိုး ကွ"

"တကယ်တော့ ... မင်း လရိပ်ကို ရင်ထဲက ထုတ်ထားတာ ကြာပါပြီကွာ ... နွေနဲ့ မတွေ့ခင်ကတည်းကပါပဲ။ အဲ့ဒီကြားထဲမှာ မင်း ရင်ထဲကို ဘယ်မိန်းကလေးမှ လာငြိတာမရှိသေးဘူးပေါ့ ...

နွေကတော့ လရိပ်ကို မေ့သွားပြီးတဲ့ အချိန်မှာ အရင်ဆုံး မင်းရင်ထဲကို ဝင်လာတဲ့ မိန်းကလေးပေါ့"

"ဒါပေမဲ့ လရိပ် ပြန်လာမယ်လို့ သိရတုန်းက ငါ ဘာကြောင့် ပျော်သွားသလဲ၊ ဘာကြောင့် မျှော်လင့်ချက်တွေနဲ့ တက်ကြွရသလဲ ... ငါ့ကိုယ်ငါ မဝေခွဲနိုင်ဘူး ...

မင်းပြောသလို နှစ်တွေကြာသွားတော့ ငါ လရိပ်ကို မေ့လို့ရသွားတာ မှန်ပေမဲ့ သူ ပြန်လာမယ်ဆိုတော့ ငါ ဘာဖြစ်လို့ ပြောင်းလဲသွားရသလဲ"





"အေး ... အဲဒါတော့ ငါလည်း မသိဘူး ... မင်းအကြောင်း မင်း ပိုသိမှာပေါ့"

ကောင်လေးက သူ့ရင်ထဲမှာ စိုးရိမ်နေသည်ကို ထပ်ပြီး ငြိုးတွားလိုက်မိပြန်သည်။

"ငါ သူ့ကို အစားထိုးပြီး ချစ်တယ်လို့ အထင်ခံရမှာ စိုးရိမ်တယ်ကွာ"

"မင်း ဘာကြောင့် လရိပ်ကို လက်ထပ်ဖို့ ခွင့်တောင်းရသလဲ"

"သူတောင် မိန်းကလေး ဖြစ်ရက်နဲ့ ကတိတည်တယ်ကွာ၊ ငါ့ဆီလည်း ပြန်လာတယ်ကွာ ...အဲ့ဒီတော့ ငါလည်း ငါတို့ရဲ့ ရည်မှန်းချက်အတိုင်း လက်ထပ်ဖို့ တိုင်ပင်ကြတာပေါ့ ...၊ သူ့ကို လက်ထပ်ခွင့် တောင်းမိတဲ့အတွက် ငါ မမှားခဲ့ပါဘူး ...

ကိုယ့်ချစ်သူဆီကို ခရီးဝေးကြီးကတောင် ပြန်လာတဲ့ မိန်းကလေးတစ်ယောက်ကို ငါ ဘာလို့ မကြိုဆိုချင်ရမှာလဲ"

စိုးနိုင်က ကောင်လေး၏ စကားကို ထောက်ခံသလို ဖြင့် ခေါင်းညိတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက သစ္စာရှိတဲ့ကောင်ပါ ... လရိပ်ကို လက်ထပ်ခဲ့ရရင် နွေ့ကို တမ်းတမနေပါဘူး ...၊ လရိပ်နဲ့ ပြဿနာမဖြစ်ခင် အထိ နွေနဲ့ငါ ဒီလောက်တွဲနေတာပဲ ... ငါ့စိတ်ထဲမှာ နွေ့ကို ချစ်နေမယ်လို့ ကိုယ့်ဘာသာတောင် သိမှ မသိနေခဲ့တာ ...

အခုကျမှ လရိပ်ကလည်း စွပ်စွဲတော့မှ ငါ တဖြည်းဖြည်း ကိုယ့်ကိုယ်ကိုယ် သိလာတာကွာ"

"လရိပ်က မင်းကို ဘာမှ ကတိမပေးသွားတော့ဘူးလား"

"ငါ့ကို တိုးတက်အောင်မြင်အောင် ကြိုးစားဖို့ပဲ ဆရာမကြီးလေသံနဲ့ ပြောသွားတယ် ... သူ ပြန်လာမယ် မပြန်လာဘူးဆိုတာ မသေချာတော့ဘူး။ သူ ဘာမှကတိမပေးသွားဘူး၊ ငါလည်း သူ့ကို မမေးလိုက်ဘူး"

"လရိပ်က သူ့မိဘ သဘောတူနေတဲ့ အဲ့ဒီမှာနေတဲ့ Chinese တစ်ယောက်ကို လက်ခံချင်နေတယ် မဟုတ်လား"

"ငါလည်း အဲ့ဒီလို ထင်တယ်"

"ဒါဆို ရှင်းပါတယ်ကွာ ... မင်းလည်း မင်းသဘောကျတဲ့သူ ရွေး။ သူလည်း သူလက်ခံနိုင်လောက်တဲ့ အရည်အချင်းရှိတဲ့သူကို ရွေးမယ်ဆိုတဲ့ သဘောပါပဲ"





ပိတောက်ပင်ကြီးမှာ ပိတောက်ဖူးတွေ အစီအရီဖြင့် တစ်ပင်လုံး ပြည့်နှက်နေသည်။

ဒီနေ့ နေသိပ်မပူလှဘဲ မိုးကအုံ့အုံ့ ဖြစ်နေသဖြင့် အကယ်၍များ မိုးရွာခဲ့ရင်တော့ ဒီအဖူးတွေ ပွင့်ကုန်ကြလိမ့်မည်။

နွေက ပိတောက်ပန်း ကြိုက်သလား။ သကြန်ပွဲတော်ကို ချစ်တတ်ပြီး ပျော်ရွှင်စွာ ဆင်နွှဲတတ်တဲ့ မိန်းကလေးက ပိတောက်ပန်းကိုတော့ ချစ်မှာပါ။

"မင်းတို့ ပိတောက်ပင်က ပွင့်ရင် ငါ နည်းနည်းလာခူးမယ်ကွာ"

"ဘာလဲ ... ချစ်သူကို ပန်ပေးဖို့လား"

"နွေက ပန်းမပန်ပါဘူး။ ဒါပေမဲ့ သူ ပိတောက်ပန်းတော့ ကြိုက်မှာပါ"

"သူက နွေရာသီမှာ မွေးတယ်ထင်တယ် ... သူ့နာမည် နွေဦးရာသီ ဖြစ်နေတယ်နော်"

"ဟုတ်တယ် ... ငါ သူ့ကို မေးဖူးတော့ သူ့ကို တပေါင်းလဆန်းမှာ မွေးတာတဲ့။ ဒါကြောင့် နွေဦးရာသီလို့ နာမည်ပေးတာတဲ့။ ဒါပေမဲ့ သူက တပေါင်းလထက် သင်္ကြန်ကျတဲ့ တန်ခူးလကို ပိုချစ်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့အကြောင်း သူနဲ့ ပတ်သက်တဲ့ သီချင်းတွေ တော်တော် ရေးဖြစ်တယ် မဟုတ်လား"

"ဒါပေါ့ကွ"

"လရိပ်က မင်းအနားမှာ မရှိတော့လို့ ပြောတာတော့ မဟုတ်ဘူးကွာ ... နွေဦးရာသီလောက် မင်းနဲ့ လိုက်ဖက်ညီမဲ့ မိန်းကလေးကို ငါတို့ မတွေ့သေးဘူး"

"နွေ့ကို ငါ ဖွင့်ပြောချင်တယ်"

"ပြောပေါ့ကွ"

"ငါ့ကို အပြောင်းအလဲ မြန်တဲ့ကောင်လို့ သူ ထင်ပြီး မယုံမှာ စိုးရိမ်တယ်ကွာ"

"သူ ယုံကြည်လာတဲ့အထိ မင်း ကြိုးစားပေါ့"

ကောင်လေးသည် မိုးအုံ့နေရာမှ မိုးတစ်ပြိုက် နှစ်ပြိုက် စ၍ရွာလာလျှင် သစ်ပင်ကြီးကို ဝမ်းသာအားရ မော့ကြည့်ပြီး ...

"မိုးနည်းနည်း ရွာတယ်ကွ ... ဒါဆို ပီတောက်ပွင့်တော့မယ်"

"လာခူးပါကွာ ... လာခူးပါ။ ငါ့ကို စကားခေါ်မနေပါနဲ့"

"ဟ ... မိုးက တအားရွာချလာပြီကွ"

"ဒါဆို အိမ်ထဲပြေးပြီဟေ့"





"ညနေကျ ဘယ်လိုလုပ် ရေပက်တော့မလဲကွာ ... မိုး ဒီလောက်ရွာတာ"

"မိုးဖျက်တဲ့သင်္ကြန် ဖြစ်သွားပြီ"

"ဒါပေမဲ့ ငါ နွေ့ဆီတော့ သွားမှာပါပဲ ... မိုးရေထဲမှာ ရေပက်ရတဲ့ သင်္ကြန်ပေါ့"

"ကဲ ... ကောင်လေး။ မင်း ငါနဲ့အတူတူ အိမ်ထဲပြန်လိုက်မှာလား"

ကောင်လေးက ခေါင်းခါရင်း ထရပ်လိုက်သည်။

"မလိုက်တော့ဘူးကွာ ... နှစ်နာရီတောင်ကျော်ပြီ ... နွေ့တို့မဏ္ဍပ်ကို ပြန်သွားရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

နွေက သူမကိုယ်ပေါ်သို့ ဆက်တိုက်ကျဆင်းလာသည့် မိုးရေတွေကို မော့ကြည့်ပြီး သဘောကျစွာ ရယ်ပါသည်။

"ရယ်စရာကြီးနော် ... မိုးရွာလို့ ရေစိုနေတဲ့ လူတွေကို ရေပိုက်နဲ့ ပက်ရတယ်"

"ဒါလည်း တစ်မျိုး အမှတ်တရလေး ဖြစ်သွားတာပေါ့"

"နွေက သကြန်ကို ချစ်သလို မိုးရွာတာကိုလည်း သဘောကျတယ်"

"မနက်ဖြန်ပါ ဆက်မိုးရွာနေရင် ကျွန်တော်တို့ သီချင်းဆိုလို့မရတော့ဘူး ထင်တယ်နော်"

"မနက်ဖြန် မရွာစေရပါဘူး"

"အံမယ် ... နွေ ဘယ်လိုသိလို့လဲ"

"နွေ ဆုတောင်းပေးထားမှာလေ"

နွေရယ် ...။ ကောင်လေးသည် ချစ်မြတ်နိုးစွာပင် နွေ့ကို တစ်ချက်စိုက်ကြည့်မိပြန်သည်။





နွေက နှုတ်ခမ်းလေးကိုက်ကာ သူ့ကို မျက်စောင်းတစ်ချက် မသိမသာထိုးရင်း မိုးရွာနေသော လမ်းမကျယ်ကြီးကို မျက်လုံးလွှဲကြည့်လေသည်။

ကောင်လေးကား သူ့ကိုယ်သူ ပြန်သတိပေးရင်း "နွေ့ကို ချစ်တယ်"လို့ လွှတ်ခနဲ မပြောမိအောင် သူကိုယ်တိုင်လည်း သူ့နှုတ်ခမ်း အတွင်းသားကို အသာဖိကိုက်ထားပါသည်။

နွေ့မှာ ချစ်သူရှိလားလို့ သူ တစ်ခါက မေးခဲ့ဖူးတော့ နွေက မရှိပါဘူးလို့ ဖြေခဲ့တယ် ...။

ဒါပေမဲ့ ...

လရိပ် မေးတုန်းကတော့ နွေက တိတ်တခိုး ချစ်နေရသူ ရှိတယ်လို့ ဖြေခဲ့တယ်ဆိုတာ လရိပ် ပြန်ပြောပြ၍ သိခဲ့ရသည်။

ပြီးတော့ ...

လရိပ်ကပဲ အဲဒီလူဟာ ဘယ်သူပါပဲရယ်လို့ အဖြေထုတ်သွားပေးခဲ့တာကို ကောင်လေး သိထားရာ အမှန်ပဲ ဖြစ်နေမလားလို့ ယူဆပစ်ချင်လာသည်။

"နွေက ကောင်လေးကို ချစ်နေတယ်လို့ လရိပ် လေ့လာလို့ ရခဲ့တယ်"


www.burmeseclassic.com

www.burmeseclassic.com

ဟု လရိပ် ပြောခဲ့တုန်းက သူ့နှလုံးသားအစုံဟာ လှုပ်ရှား ခုန်လိုက်သွားရတာ။

ချစ်သူရည်းစား ရှိပြီးသား ယောကျ်ားတစ်ယောက်ဟာ တခြားမိန်းကလေးတစ်ယောက်က ကိုယ့်ကို ချစ်နေတယ်လို့ သိလိုက်ရတဲ့အတွက် ဒီလောက်ထိ ရင်မခုန်သင့်ပါဘူးလို့ ကိုယ့်ကိုယ်ကိုယ် ပြန်သတိပေးခဲ့ပေမဲ့ အဲဒီ့ထဲက သူကိုယ်တိုင်ပင် ဖဝေဖဝါ ဖြစ်စွာ သူ့နှလုံးသားကိုတောင် ပဟေဠိ ဖြစ်ခဲ့ရသေးတာ။

"မိုးတိတ်သွားပြီ"

နွေက သူ့ကို တစ်ချက်လှည့်ကြည့်ပြီး ပြောလိုက်တော့ မှ အတွေးထဲမှ သူပြန်၍ ရုန်းထွက်လို့ ရသွားသည်။

"မိုးရေစိုပြီး ရေပက်ရလို့ ထင်တယ် ... ချမ်းလာတယ်နော်"

"နွေ့မှာ ဂျာကင်ရှိလား ... ဝတ်လိုက်လေ"

"ရှိပါတယ် ... ဒါပေမဲ့ တကူးတကကြီး သွားယူပြီး မဝတ်တော့ဘူး။ နွေ ဒီနေ့ စောစောနားတော့မယ်"

"နားလေ"

"ကောင်လေး ရေကစားချင်ရင် ဆက်ကစားနေပါ ရတယ်"

"ကျွန်တော်လည်း နွေ မရှိရင် ကစားရတာ ပျင်းလာမှာပဲ ... ဒီတော့ ပြန်ရင်ကောင်းမယ်"





"ရေမပိတ်သေးတဲ့အချိန် ပြန်ရင် ကားတွေ ကျပ်နေလိမ့်မယ် ... ရေပိတ်မှ ပြန်ပါလား ... အခုဆို ကားတွေတောင် ပိုများလာပြီ။ ခုနက မိုးရွာနေလို့ ငြိမ်နေကြတာ ထင်တယ်၊ အခုမှ ထွက်လာကြတာနော်"

"နွေ ချမ်းရင် အဝတ်သွားလဲပြီး ခြံထဲမှာ ထိုင်မလား ... ဒါဆို ကျွန်တော်တို့ စကားပြောနေလို့ ရတယ် ... ညမှောင်မှ ရေလည်းပိတ် ကားလည်းရှင်းမှ ကျွန်တော် ပြန်မယ်လေ"

ဘာတွေများ ပြောစရာရှိလို့လဲ ကောင်လေးရယ်။ နွေသည် စိတ်ထဲမှာ အဲဒီ့လို တွေးနေပေမဲ့ တကယ်တမ်းကျတော့ သူမ အနားမှာ ကောင်လေး ကြာကြာနေမည်ဟု သိနေလျှင် ကျေနပ်ဝမ်းသာနေတော့သည်။

သင်္ကြန်အကြတ်နေ့ ညနေခင်းလေးမှာတော့ သူများတွေ ရေပက်ကစားနေချိန်မှာ ရေမပက်တော့ဘဲ နှစ်ယောက်တည်း အေးအေးလူလူ၊ စကားတပြောပြောနဲ့ သင်္ကြန်မြင်ကွင်းကို မက်မောနစ်မြောက်စွာ အတူတူ ကြည့်နေကြသည့် ကောင်လေးတစ်ယောက်နဲ့ ကောင်မလေး တစ်ယောက်တို့ရဲ့ ရင်ခုန်သံတွေဟာလည်း တစ်ထပ်တည်းပါပဲ။


www.burmeseclassic.com

www.burmeseclassic.com

## ၁၁

(သကြိန်အတက်နေ့)

အရင်နေ့တွေကအတိုင်း ကောင်လေး ရောက်လာစရာ အကြောင်းမရှိပါဘူးလို့ နွေက ထင်ထားပေမဲ့၊ မမျှော်နေပေမဲ့ ကောင်လေးက မနက် ခုနစ်နာရီ ထိုးခါနီးလေးမှာ ရောက်လာခဲ့ပြန်သည်။

"ဟယ် ... သားရယ် ပီတောက်ပန်းတွေပါလား"

"ဟုတ်ကဲ့ အန်တီ။ ကျွန်တော့် အိမ်မှာတော့ အပင် မရှိပါဘူး။ သုံးလေးအိမ်ကျော်က သူငယ်ချင်းအိမ်က အပင်ပါ"

"အေးကွယ် ... မနေ့က မိုးရွာတော့ ပွင့်တာပေါ့"

"အန်တီတို့ ဘုရားပန်းတင်လို့ရအောင် ယူလာတာ"





"ဟုတ်ပြီ ... အန်တီ သာဓုခေါ်ပါတယ်ကွယ်"

နွေက ကောင်လေးလက်ထဲမှ ပန်းတွေကို ပြောင်းကိုင်လိုက်သည်။

"မနက် ဘယ်နှနာရီကစပြီး မဏ္ဍပ်မှာ ရှိမှာလဲ"

"ကျွန်တော့်အိမ်မှာ သူငယ်ချင်းတွေကို ရှစ်နာရီအရောက်လာစုခိုင်းထားတယ် ... သူတို့ ရောက်တာနဲ့ မဏ္ဍပ်ကိုသွားမယ် ... ဟိုကို ကိုးနာရီလောက်ဆို ရောက်နေပါပြီ။ ကိုယ်အလှည့်သာ ဘယ်တော့မှန်း မသိတာ"

"နွေ ညနေပိုင်းမှ လာဖြစ်မယ် ... ကိုကိုလေးက ညနေမှ ပို့မယ်တဲ့"

"ရပါတယ်"

နွေက အရင်နေ့တွေကအတိုင်း ကောင်လေးကို အိမ်ပေါက်ဝအထိ လိုက်ပို့လျှင် ...

"နွေရေ ... ဒီနေ့ နောက်ဆုံးနေ့မို့ ရေလောင်းလိုက်ဦးမယ်နော်"

"နေ့တိုင်းပဲ ..."

"နေ့တိုင်း မနက်ပိုင်းမှာ နွေ့ကို ဘယ်သူမှ ရေမလောင်းခင် အရင်လောင်းတာလေ"

www.burmeseclassic.com



ကောင်လေးသည် နွေ့ကို ရေလောင်းပြီးသောအခါ ကျမှပဲ သူ့ကားထဲတွင် ချန်ထားသည့် ပိတောက်ပန်းငယ်လေး တစ်ခက်ကို ယူကာ နွေ့ကို ကမ်းပေးရင်း ...

"နွေ့အတွက်"

"ဟင် ... ဘာလဲ"

"နွေ့အတွက် သီးသန့်ပေးတဲ့ ပိတောက်ပန်း လက်ဆောင်လေ"

"နွေက ပန်းမပန်တတ်ဘူးနော်"

"ရပါတယ် ... ဒီပန်းလေးကို နွေ လက်ခံရင် ပြီးတာပဲ"

"နွေ့ အခန်းထဲမှာ ပန်းအိုးလေးနဲ့ ထည့်ထားလိုက်ပါ့မယ်"

နွေသည် ပိတောက်ပန်းခက်လေးကို ဆုပ်ကိုင်လျက် ရင်တွေ တဆတ်ဆတ် ခုန်နေသည်။

သူ့မျက်ဝန်းထဲမှာ နွေ ရိပ်မိနိုင်သော အသွင်သဏ္ဍာန်တွေကို မြင်ရလျှင် နွေ့တစ်ကိုယ်လုံး အေးသလို၊ နွေးသလို ဖြစ်နေတော့၏။

"နွေ ... နွေ့ကို ကျွန်တော် ချစ်တယ်"

အဲဒီ့ အသံဟာ တိုးတိုးလေးပေမဲ့ နွေ့နားထဲမှာတော့ အကျယ်ကြီး ကြားရသည်လို့ ထင်သည်။





ပြီးတော့ ပဲ့တင်သံလိုပဲ ထပ်ခါ ထပ်ခါ။

"နွေ့ကို ကျွန်တော် တကယ်ချစ်တာပါ၊ အစားထိုးတာ မဟုတ်ပါဘူး ...

တစ်ယောက်ကနေ နောက်တစ်ယောက်ကို ပြောင်းချစ်တာမျိုးလည်း မဟုတ်ပါဘူး ...

နွေ ယုံအောင် ကျွန်တော် ဘယ်လိုပြောပြရမှန်း မသိပေမဲ့ နွေ့ကို ကျွန်တော်ချစ်တယ် ဆိုတာဟာ အမှန်တရားတစ်ခုပါလို့ ဝန်ခံရဲပါတယ်"

ကောင်လေးသည် သူ့ရင်ထဲမှာရှိသော စကားတွေကို ဆက်တိုက်ပင် ပြောမိတော့သည်။

တမင်ပဲ ဒီနေ့မနက်ကျရင် ဖွင့်ပြောမယ်လို့ ရည်ရွယ်ထားခဲ့တာ ဖြစ်သည်။

ပြောချင်တဲ့ စကားတွေက ဒီ့ထက် များပါတယ် နွေရယ်။ ရင်ထဲမှာရှိတဲ့ စကားတွေကို နှုတ်ဖျားက ဘယ်လိုမှ မီအောင် ပြောနိုင်မယ်တော့ မထင်။

"နွေ ... ကျွန်တော် သွားတော့မယ်နော် ... တကယ်လို့ နွေ ကျွန်တော့်ကို လက်မခံနိုင်ဘူးဆိုရင် မနက်ဖြန်ကျရင် အခု ကျွန်တော်ပေးခဲ့တဲ့ ပိတောက်ခက်လေးကို ပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဝါ ... အဲဒါဆို ကျွန်တော် နွေ့အဖြေကို နားလည်လိုက်ပါ့မယ် ...

တကယ်လို့ပေါ့ ... ကျွန်တော့်ကို နွေ လက်ခံခဲ့မယ်ဆိုရင် အဲဒီ့ ပိတောက်ပန်းခက်လေးကို ပြန်မပေးပါနဲ့ ... နွေ အပိုင်ယူထားလိုက်ပါ"

နွေသည် သူ့ကို ခေါင်းညိတ်ပြမိသည်လား။ ခေါင်းခါပြမိသည်လားပင် မသိ။

တစ်နေ့ကျရင် သူ ဒီစကားကို ပြောလာနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပြီးသား ဖြစ်ပေမဲ့ အခုလောက်ကြီး မြန်မြန်ဆန်ဆန်။

နွေသည် သူ့ကားလေး ထွက်သွားသောအခါ ပိတောက်ခက်လေးကို အသာငုံ့နမ်းလိုက်မိသည်။

ပိတောက်လက်ဆောင် ပေးတယ် ...။ ပြီးတော့ ရည်းစားစကား ပြောတယ် ...။

အရင့်အရင်တွေတုန်းက သကြ်န်အမှတ်တရ ဝတ္ထုဇာတ်လမ်း၊ ရုပ်ရှင်ဇာတ်လမ်းလေးတွေလိုပဲ ဖန်တီးလိုက်သလား ကောင်လေးရယ်။

နွေ့မှာ အဖြေက ရှိပြီးသားပါ။





နွေက အလွယ်တကူ အဖြေပေးလိုက်တဲ့အတွက် အဲဒီ့ အဖြေကို အလေးအနက် ထားပါ့မလား။

နွေက ရှင့်ကို ရှင် မချစ်ခင်ကတည်းက ချစ်ထားခဲ့တာပါ ကောင်လေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



လူစည်ကား များပြားလှပြီး ရေပက်မဏ္ဍပ်တွေ တန်းစီနေတတ်သော မြို့လယ်ကောင် တရုတ်တန်းမှာ ကောင်လေးတို့ဖခင်၏ ကုမ္ပဏီရုံးခန်းရှိသည်။

အဲဒီ ရုံးခန်းရှေ့မှာပင် စတိတ်စင်ကြီး ဆောက်ထားသည်။

စတိတ်စင်ဘေး နှစ်ဖက်မှာတော့ ရေပက်မဏ္ဍပ် နှစ်ခုလည်း ရှိသည်။

တီးဝိုင်းကတော့ နာမည်အကြီးဆုံးတီးဝိုင်း မဟုတ်ပေမဲ့ နာမည်ရှိပြီးသား သူ့အဆင့်နဲ့သူ လူသိများသော တီးဝိုင်းဖြစ်သည်။

ဒါ့အပြင် ...

နာမည်ကြီး အဆိုတော်များ၊ ရုပ်ရှင်မင်းသား မင်းသမီးတချို့နဲ့ မော်ဒယ်တချို့လည်း လာရောက်ဖျော်ဖြေသဖြင့် အဲဒီ နေရာတစ်ဝိုက်ကတော့ ဘယ်လိုမှ တိုးမပေါက်အောင် စည်ကားလွန်းလှသော နေရာကြီးတစ်ခု ဖြစ်နေသည်။





နွေ့အစ်ကိုကြီး၊ အစ်ကိုလတ် မိသားစုများပါသော အမိုးဖွင့် Town Ace တွင် ရှေ့က တူ၊ တူမများနှင့် မတ်တတ်ရပ်လျက် စင်မြင့်ကို ကြည့်ရင်း ...

"ဦးကောင်လေးကို ရှာကြည့်လိုက်ဦးမယ် ... သားတို့လည်း တွေ့ရင် အန်တီနွေ့ကို ပြောနော်"

ဟု ကလေးတွေကိုပါ အကူအညီ ယူလိုက်ရသည်။

စင်မြင့်ဘေးတွင် ဧည့်သည်တွေထိုင်ရန် ကုမ္ပဏီ တံဆိပ်ပါသော ထီးကြီးများ မိုးထားသည့် ပလတ်စတစ်ခုံများ ရှိလေသည်။

လူတော်တော်များများ ထိုင်နေလေရာ ကောင်လေး ဘယ်မှာထိုင်နေမလဲ ဆိုတာ ရုတ်တရက် ရှာမတွေ့နိုင်ပါ။

ကားက ရေပက်မဏ္ဍပ်ရှေ့ ရောက်လာပြီမို့ နွေသည် မျက်နှာသုတ်ပဝါကြီးကို ခြုံလိုက်ရပါသည်။

စတိတ်စင်မြင့်နဲ့ နီးသော်လည်း ရေတွေပက်သည့် ဒဏ်ကြောင့် မျက်စိမဖွင့်ရဲလေရာ ကောင်လေးကို ရှာလို့မရတော့ပေ။

သို့သော် ...

ဧည့်သည်ထိုင်ရန် ခုံတွေမှာထိုင်လျက် နွေက ညနေပိုင်းလာမည်ဆို၍ မျှော်နေခဲ့သော ကောင်လေးကတော့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



သုတ်ဝဝါ အကြီးကြီး ခြုံထားသည့် ကားခေါင်းပိုင်းကို လက်တံတောင်ထောက် ရပ်နေသော နွေ့ကို အလွယ်တကူ မြင်ပါသည်။

သူ့သူငယ်ချင်း နှစ်ယောက်ဖြစ်သော သူတို့ရဲ့ အိုရိုင်ယွန် အဖွဲ့ဝင် နေလင်းနဲ့ ခန့်ခန့် တို့ကို ...

"ဟိုမှာ ... ဟိုမှာကွ ... ငါ့ရဲ့နွေ ကားပေါ်မှာ တွေ့လား။ အနီရောင် မျက်နှာသုတ်ပဝါနဲ့လေ"

ဟု ဝမ်းသာအားရ ပြောမိသည်။

"လှတယ်ကွ"

"ဒါကြောင့် ကောင်လေးရဲ့ သီချင်းတွေ အသက်ဝင်နေတာကိုး"

"မင်းကို ရှာနေတယ်"

"ဟော့ကောင် ... လက်ပြပြီး ထွက်စကားပြောလိုက်ဦး"

"မဆိုဖြစ်သေးဘူးလို့ ပြောလိုက်"

"ဟဲ ဟဲ ... ငါတို့ကို အားပေးမဲ့ ပရိသတ် တိုးအောင် စောင့်ပြီး နားထောင်ခိုင်းလိုက်ကွာ"

ကောင်လေးသည် နွေတို့ကား ရေပက်မဏ္ဍပ်မှ ထွက်လာပြီး စတိတ်စင်မြင့်ရှေ့က ခပ်ဖြည်းဖြည်း ဖြတ်စဉ် ထိုင်နေရာမှ ထလာပြီး စတိတ်ဘေးအက်မှတစ်ဆင့် နွေ့ကိုလှမ်း၍ လက်ပြကာ ...





"နွေ ... နွေ ... ကျွန်တော် ဒီမှာ"

နွေသည် ကောင်လေးကို တွေ့လိုက်ရလျှင် ဝမ်းသာသွားလေသည်။

"ကောင်လေး ဆိုပြီးပြီလား"

"မဆိုရသေးဘူး"

"ဒါဆို နွေတို့ တစ်နေရာရာက စောင့်ပြီး နားထောင်မယ် နော်"

"ကျွန်တော်တို့ အလှည့်က မရောက်သေးဘူး ... တော်တော် ကြာဦးမယ် ထင်တယ်"

"နောက်တစ်နာရီအတွင်း ဆိုဖြစ်မလား"

"ဆိုဖြစ်အောင် ကျွန်တော် ပြောထားလိုက်မယ်လေ"

"ဒါဆို နွေတို့ စောင့်နိုင်တယ်"

"သွားတော့ ... နွေ နောက်ကားတွေ တန်းစီနေပြီ"

"နွေ အိမ်ပြန်မှာ မဟုတ်ဘူးနော် ... ကောင်လေးတို့အဖွဲ့ကို စောင့်ကြည့်နေဦးမယ် သိလား"

နွေသည် ဗီဒီယိုကင်မရာတစ်လုံးဖြင့် အလုပ်ရှုပ်နေသော ကောင်လေး၏ညီ လူလေးကိုပါ လက်ပြနှုတ်ဆက်လိုက်ပြီးလျှင် စင်မြင့်တစ်ဖက်မှာလည်း ရေပက်မဏ္ဍပ် ရှိနေသေး၍ ရေပက်ခံရန် ကားက ဝင်ရသည် ဖြစ်ရာ မျက်နှာသုတ်ပဝါကို ပြန်ခြုံလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေ ရောက်လာ၍ အားတွေပိုရှိသွားသလို ခံစားရသော ကောင်လေးက အစီအစဉ်ဆွဲသူအား မျက်နှာချို သွေးရတော့သည်။

"ကျွန်တော့် ကောင်မလေး လာကြည့်နေလို့ဗျာ၊ အဲဒါ ကျွန်တော်တို့အဖွဲ့ အလှည့်ကို လုပ်ပေးလို့ ရမလား"

"အေးကွာ ... ငါ အဆင်ပြေအောင် စီစဉ်ပေးမယ်"

မိမိက ကုမ္ပဏီပိုင်ရှင်သား ဖြစ်ပေမဲ့ ကောင်လေးသည် ဒီလိုအခြေအနေမျိုးမှာ ဘယ်တော့မှ အခွင့်အရေး မယူဘဲ ကိုယ့်အလှည့်ကိုယ် စောင့်တတ်သူ ဖြစ်သည်။

နာမည်မရှိသေးသော အဆိုရှင်များအဖွဲ့မို့ **အစီအစဉ်**က ပုံမှန်မရှိလှဘဲ အဆင်ပြေရင် ပြေသလို ဆိုခွင့်ပေးသည်မို့ **အခု**လို သူတို့အတွက် လိုအပ်လာသော အခြေအနေကျမှ ကောင်လေးက သွားပြီး ခွင့်တောင်းတာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ကောင်လေးက ခွင့်မတောင်းစဖူး လာခွင့်တောင်း၍ ဖြစ်မည်။

အစီအစဉ် ကြေညာသူက အဆိုတော်နှစ်ယောက် လောက် အပြီးမှာ သူတို့အဖွဲ့ အလှည့်ကို ကြေညာပေးလိုက်ပါသည်။

နွေတို့ကလည်း စတိတ်စင်မြင့်နဲ့ နီးနီးနားနားပင် နေရာရ၍ ကားရပ်ပြီး ကြည့်နေခဲ့ကြသည်။





စင်မြင့်ပေါ်မှာရှိသော ကောင်လေးကလည်း နွေ့ကို အလွယ်တကူပဲ ရှာတွေ့လေသည်။

ကောင်လေးသည် နွေ့ကို လက်လှမ်းပြလိုက်ပြီးလျှင် သီချင်းတီးလုံးသံကလည်း စပြီမို့ မိုက်ခရိုဖုန်းကို ဆွဲယူလိုက်သည်။

သုံ့တို့သုံးယောက်အဖွဲ့၏ သီချင်းလေးတွေက နားထောင်လို့ကောင်းပြီး ချိုသောသီချင်းသံစဉ်များ ဖြစ်ပါသည်။

အခုခေတ်မှာ လူငယ်လေးတွေ ဆိုကြတာများသော Rap (ရက်ပ်)မဟုတ်၊ Hip Hop (ဟစ်(ပ)ဟော့)မဟုတ်၊ Rock (ရော့ခ်)သီချင်းများ မဟုတ်ဘဲ ရိုးရိုးသာမန် Pop (ပေါ့ပ်)သီချင်းနဲ့ R&B (အာရ်အန်ဘီ)အမျိုးအစားနှောသော သီချင်းများ ဖြစ်သည်။

Westlife (ဝက်စ်လိုက်ဖ်)နှင့် Craig David (ခရိတ်ဒေးဗစ်)၏ သီချင်းများကို ကော်ပီသံစဉ် ဖွဲ့နွဲ့ထားသော သီချင်းများ ဖြစ်လေသည်။

နွေကတော့ အဲဒီထဲက သီချင်းတော်တော်များများကို သိပြီးသား ဖြစ်နေပါသည်။

ပထမတစ်ပုဒ်၊ နှစ်ပုဒ်လောက်တုန်းကတော့ ပရိသတ်က သိပ်လှုပ်လှုပ်ရှားရှား မရှိလှဘဲ ငြိမ်သက်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် သီချင်းလေးတွေ ဆက်ဆိုတော့ လက်ခုပ်သံလေးတွေ ကြားလာရပါသည်။

သူတို့အဖွဲ့က လေးပုဒ်သာ ဆိုသွားပါသည်။ ဒါတောင်တော့်ကို ဆိုခွင့်ရလိုက်ခြင်း ဖြစ်သည်။

အမှန်တော့ ကောင်လေးကို ကုမ္ပဏီပိုင်ရှင်သားဖြစ်၍ အခွင့်အရေး ပိုပေးလိုက်တဲ့ သဘောလည်း ပါပါသည်။

ကောင်လေးတို့အဖွဲ့ ပြီးမှ နွေတို့လည်း အိမ်ဘက်ပြန်လာခဲ့တော့သည်။





သင်္ကြန်အတက်နေ့ ညဘက်ကြီး ဆယ့်နှစ်နာရီထိုးခါနီးလောက်မှာ နွေ လုံးဝမျှော်လင့်မထားသော ဖုန်းတစ်ခုကို လက်ခံရလေသည်။

မေလရိုပ်ထံမှ ဖုန်းပင် ဖြစ်သည်။

"နွေ ... ဒီနေ့ သင်္ကြန်ပြီးသွားပြီဆိုတာ လရိပ် သိနေတယ်၊ ဒါကြောင့် ဖုန်းဆက်လိုက်တာ ...

နွေတို့ဆီမှာ ညဖြစ်နေပေမဲ့ ဒီမှာက နေ့ဘက်မို့ အခုလို ဖုန်းဆက်လိုက်တာ စိတ်မရှိနဲ့နော်"

"ရပါတယ်"

နွေက မေလရိပ် ဘာများ ပြောချင်လို့လဲဟု တွေးပြီး အလိုလို အားငယ်လာသည်။

ကောင်လေးက နွေ့ကို ချစ်တယ်လို့ ပြောလာပေမဲ့ အခုချိန်ထိ မေလရိပ်ဟာ ကောင်လေးကို သက်ဆိုင်သူမို့ နွေဟာ မဝံ့မရဲ ဖြစ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးက လရိပ်ကို ပြောလိုက်တယ် ... သူ့ဒီသကြန် တွင်းမှာပဲ နွေ့ကို ဖွင့်ပြောတော့မယ်တဲ့။ အဲဒါ ... သူ အခု ဖွင့်ပြောပြီးပြီလားဟင်"

"... ... ..."

"ဆောရီး ... လရိပ်က နွေ့ရဲ့ ကိုယ်ရေးကိုယ်တာကို ဝင် စွက်ဖက်မေးတာ မဟုတ်ဘူးနော် ...

နွေတို့ အဆင်ပြေပြီလား သိချင်လို့ပါ ... သူ ဖွင့် ပြောပြီးပါပြီ ... ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ် ..."

နွေက မငြင်းလို့။ ဒါနဲ့ပဲ ခပ်ပြတ်ပြတ် ပြန်ဖြေလိုက် ရပါသည်။

"လရိပ် ပြောချင်တာကလေ ...၊ လရိပ် ကောင်လေးကို ချစ်တော့ ချစ်ပါတယ် ဆိုတာပဲ"

နွေမှာ အလိုလို မျက်ရည်ဝဲတက်လာသည်။

"ဒါပေမဲ့လေ ... သူနဲ့ ကိုယ်က ပုံစံချင်း မတူဘူး။

အတွေးအခေါ် အယူအဆချင်း မတူဘူး ... လရိပ် က နိုင်ငံခြားမှာပဲ နေချင်တယ်။ ကောင်လေးက မနေချင် ဘူးတဲ့ ... သူက ပြောတယ်လေ ... သူက ဒီမှာ ကုမ္ပဏီ





ပိုင်ရှင်သား၊ ကိုယ်ပိုင်စီးပွားရေး လုပ်ရင်လည်း လုပ်နိုင် တယ် ... သူက ဆရာပဲ ... သူက Boss (ဘော့စ်)ပဲ ... သူက ဘုရင်ပဲပေါ့ ...

အကယ်၍ နိုင်ငံခြားကို လာနေခဲ့ရင် လူနေမှုအဆင့် အတန်းက မြင့်မားတာ မှန်ပေမဲ့ သူက သူများလက် အောက်ငယ်သား ဖြစ်ရမယ် ...

သူများ အလုပ်သမား ဖြစ်ရမယ် ... သူများခိုင်းတာ လုပ်ရမဲ့ သာမန်လူတစ်ယောက် ဖြစ်သွားမှာတဲ့ ... ဒါကြောင့် လိုက်မနေနိုင်ဘူးလို့ ပြောခဲ့တယ် ...

နွေရယ် ... သူနဲ့ကိုယ်က ဘယ်လိုမှ စိတ်ဓာတ်တွေ မှမတူတာ။ လက်မထပ်ကြတာပဲ ကောင်းပါတယ် ...

တစ်ယောက်နဲ့ တစ်ယောက် ကြားမှာ ဘာအငြိုး အတေးမှ မရှိခင် လမ်းခွဲကြတာပဲ ကောင်းတယ်လို့ ရည် ရွယ်ပြီး လရိပ် သူ့ကို လက်မထပ်တော့ပါဘူး။ သူကလည်း အခုဆို လရိပ် အပေါ်ထားတဲ့ သံယောဇဉ်ထက် နွေ့အပေါ် ထားတဲ့ သံယောဇဉ်က ပိုကိုပိုနေပါပြီ ...

နွေ ကောင်လေးကို စိတ်ရှင်းရှင်းနဲ့ပေါ့။ လက်ခံနိုင် ရင် လက်ခံလိုက်ပါနော် ...



www.burmeseclassic.com

www.burmeseclassic.com

နွေဟာ လောကကြီးထဲမှာ ကောင်လေးနဲ့ အလိုက်ဖက်ဆုံး၊ အသင့်တော်ဆုံး မိန်းကလေးတစ်ယောက်ပဲလို့ လရိပ် ယူဆပါတယ်"

နွေသည် မေလရိပ် ပြောသမျှ ဘာတစ်ခွန်းမှ ဝင်ဖြတ်မပြောဘဲ ငြိမ်၍ နားထောင်နေခဲ့သည်။

မေလရိပ်ရဲ့ ကောင်လေးအပေါ်ထားတဲ့ သံယောဇဉ်ပမာဏကို မှန်းဆလို့ ရနေသည်။

ကောင်လေး စိတ်ချမ်းသာစေချင်ဖို့အတွက် ကောင်လေးကို နွေက လက်ခံလိုက်စေချင်လို့ သူ တကူးတကကြီးတောင် ဖုန်းဆက်ပြီး သူတို့ရဲ့ ရှင်းပြတ်မှုကို ပြောပြပေးရသတဲ့။

မေလရိပ်ကလည်း ကောင်လေးကို သိပ်ချစ်ခဲ့တယ်။

နွေကလည်း ကောင်လေးကို သိပ်ချစ်နေတာ။

အဲဒီ မိန်းကလေးနှစ်ယောက်ရဲ့ အချစ်ပမာဏမှာ ဘယ်သူက ပိုများနေမလဲ။

ပြီးတော့ ...

အဲဒီ မိန်းကလေး နှစ်ယောက်စလုံးကို ချစ်ခဲ့တဲ့ ကောင်လေး ဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကရော ...။

ဘယ်သူ့အပေါ်မှာ ပိုသာနေခဲ့လိမ့်မလဲ ?။





နွေသည် အတွေးတွေ တစ်ပုံကြီးနဲ့ ငြိမ်နေတော့သည်။

မေလရိပ်က အလိုက်သိစွာပင် ...

"နွေရေ ... ဖုန်းချလိုက်ပြီနော်။ အချိန်ပေးပြီး နားထောင်တဲ့ အတွက် သင့်(ခ)ယူနော် ... နွေ လိုအပ်တဲ့အခါ လရိပ်ကို ဖုန်းဆက်ချင်ရင် ဆက်ပါ ... အိုကေ ... ဆီးယာ (See Ya)"

ဟူ၍ သူမဘာသာ စကားစဖြတ်ပြီး နှုတ်ဆက်သွားခဲ့လေသည်။

အဲဒီ ဖုန်းချ နှုတ်ဆက်သံနဲ့ အတူပင် မြန်မာနှစ်ဟောင်း တစ်နှစ်ဟာလည်း ကုန်ဆုံးသွားခဲ့လေသည်။

နွေ့အတွက် အမှတ်တရများစွာ ဖြစ်စေခဲ့သော သင်္ကြန်ရက်များလည်း ပြီးဆုံးသွားခဲ့လေပြီ။

နွေ့ရဲ့ နှစ်သစ်မှာ ဘာတွေ ရှိနေမလဲ။ နွေ့ရဲ့ နောက်ထပ် ဆက်၍ အသစ်တစ်ဖန် ကြုံတွေ့ရဦးမဲ့ သင်္ကြန်ရက်တွေမှာ ဘာတွေ အမှတ်တရ ထပ်ရရှိဦးမလဲ ...။


ပြီး၏




www.burmeseclassic.com

www.burmeseclassic.com












www.burmeseclassic.com

www.burmeseclassic.com



"နွေဦးရာသီ ဆိုတဲ့ ...

တောင်ခြေလေး တစ်ခေါက်ကြာ ...

သင်္ကြန်ရက်တစ်ရက်မှာ ...

သူမအတွက် သီးသန့်လက်ဆောင်ပြုခဲ့သော

ပိတောက်ပန်းခက်လေး

တစ်ခက်ကို ...

မြတ်နိုးနှစ်သက်စွာပင်

တစ်သက်လုံး

သိမ်းဆည်းထားခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com





ရှုမိုး

(ဆေးတက္ကသိုလ်)

17th March

Sunday

2002.



www.burmeseclassic.com